
ချစ်စံဝင်း

# ငွေပုံကြီးပေါ်မှာထိုင်ပါ



တတိယအကြိမ်

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၂၁၂၀၆၀၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၂၇၉၀၆၀၃

◆

တတိယအကြိမ်
၂၀၀၆ ခုနှစ်၊ ဧပြီလ
စောင်ရေ - ၁၀၀၀

◆

မျက်နှာဖုံးဒီဇိုင်း - အံ့ဘွယ်(STAR)
စာအုပ်ချုပ် - ကိုမြင့်

◆

ပုံနှိပ်သူ
ဒေါ်ခင်အေးမြင့်၊ ရာပြည့်ပုံနှိပ်တိုက်(၀၅၉၀၁)
၁၉၉၊ လမ်း(၅၀)၊ ပုဇွန်တောင်မြို့နယ်တွင်
မျက်နှာဖုံးနှင့် အတွင်းသားများ ပုံနှိပ်သည်။

◆

ထုတ်ဝေသူ
ဒေါ်မော်မော်၊ ပန်းမျိုးတစ်ရာစာပေ(၀၃၉၆၉)
တိုက်-၉၊ အခန်း ၂၀၃-၂၀၄၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

◆

တန်ဖိုး ၇၀၀ ကျပ်

ဆရာချစ်စံဝင်း၏ (၅၁) အုပ်မြောက် စာအုပ်

# ငွေပုံကြီးပေါ်ခွထိုင်ပါ

## ချစ်စံဝင်း

(တတိယအကြိမ်)

ထိထိရောက်ရောက် ငွေရှာချင်သူများ
ငွေကြေးကို အမြော်အမြင်ရှိစွာ
စီမံခန့်ခွဲလိုသူများ ဤစာအုပ်ကို ဖတ်ပါ။
လက်တွေ့လိုက်နာကျင့်သုံးပါ။
သင် မုချချမ်းသာကြွယ်ဝစေရမည်။

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ာက်ကျခြင်း

လုပ်ငန်းတစ်ခုကို လုပ်ဆောင်ရန်အချိန်သည်
ဘယ်တော့မှ နောက်ကျပြီဟူ၍မရှိ
သို့သော် စောစောလုပ်က စောစောကျွမ်းကျင်၍
စောစောအောင်မြင်မှုရမည်။
စောစောသူဌေးဖြစ်ပါမည်။

## ျွမ်းကျင်သူ

လူတစ်ဦး၏ ကျွမ်းကျင်မှုသည် ဆယ်နှစ်သာ
ခံ၏
ထို့ကြောင့် အချို့သောသူများသည် ဆယ်နှစ်
မျှ အောင်မြင်ကျော်ကြားပြီး ရန်တန့်သွားကြ
သည်။ အစဉ်အမြဲ ကျွမ်းကျင်နေစေရန်
ဗဟုသုတ၊ ကျွမ်းကျင်မှု၊ ထက်မြက်မှုများကို
အမြဲအားဖြည့်ပါ အားဖြည့်ရာတွင် စနစ်တကျ
စာဖတ်ခြင်းကိုလည်း ပြုရမည်။ စာကို စနစ်
တကျဖတ်ပါ။ အပျော်မဖတ်ပါနှင့်။

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သင်သူဌေးဖြစ်လိုပါသလား | ၁ |
| ချမ်းသာခြင်းဆိုတာ ဘာလဲ | ၃ |
| ချမ်းသာသူနှင့် ဆင်းရဲသူ | ၇ |
| ငွေနိဒါန်း | ၁၁ |
| အခန်း ၁ – ငွေတွင်းသုံးတွင်း | ၁၉ |
| အခန်း ၂ – ငွေတွင်းကြီးများ၏ အဝကို ကျယ်အောင်ချဲ့ပါ | ၃၃ |
| အခန်း ၃ – ဤအရာရှိမှ ငွေပုံကြီးပေါ် ထိုင်မိမည် | ၄၃ |
| အခန်း ၄ – ငွေပုံကြီးပေါ် ထိုင်မိစေရန် ဤအရာများကို လိုက်နာဆောင်ရွက်ပါ | ၅၅ |
| အခန်း ၅ – သင့်စိတ်ထားသည် အဓိကအကျဆုံး | ၇၉ |
| အခန်း ၆ – စီမံခန့်ခွဲမှုဖြင့် ငွေရှာပါ | ၈၃ |
| အခန်း ၇ – ကိုယ်စားလှယ်လုပ်ငန်း | ၉၃ |
| အခန်း ၈ – သူ့လိုအပ်ချက်ကို ရှာ၍ဖြည့်ပါ | ၁၀၃ |

အခန်း ၉ – အကျိုးတူလုပ်ငန်းစုဖန်တီးခြင်း ၁၁၃
အခန်း ၁၀ – မှုပိုင်အကျိုးတူလုပ်ငန်း ၁၂၃
အခန်း ၁၁ – လိုင်စင်စနစ် ၁၃၁
အခန်း ၁၂ – စာရေးသားခြင်းလုပ်ငန်း ၁၃၉
အခန်း ၁၃ – မြက်ပင်များရှည်ထွက်နေမှုသည်
သင်ပိုက်ဆံရဖို့ ဖြစ်သည် ၁၅၁
အခန်း ၁၄ – ရင်းနှီးမြှုပ်နှံနိုင်သည့်
လုပ်ငန်းများ (၁) ၁၅၇
အခန်း ၁၅ – နိုင်ငံကိုချစ်လျှင် မွေးမြူစိုက်ပျိုး
ရေးတွင် ရင်းနှီးမြှုပ်နှံပါ ၁၇၃
အခန်း ၁၆ – ရင်းနှီးမြှုပ်နှံနိုင်သည့်
လုပ်ငန်းများ (၂) ၁၈၃

# သင် သူဌေးဖြစ်လိုပါသလား

၁။ ငြိမ်မနေပါနှင့်

၂။ အခွင့်အလမ်းနှင့် တိုးတက်မှု နည်းလမ်းကို ရှာဖွေပါ။

၃။ အလုပ်ကို မိတ်ဆွေလို သဘောထားပါ။

၄။ ငွေကို စုဆောင်း၍ အကျိုးရှိစွာ ရင်းနှီးမြှုပ်နှံပါ။

၅။ ရင်းနှီးမြှုပ်နှံမှုမှ အကန့်အသတ်မရှိ ဝင်ငွေရရှိအောင် ကြိုးစားပါ။

(သင် မုချ ကြွယ်ဝချမ်းသာပါမည်)

ပန်းမျိုးတစ်ရာစာပေ



## ချမ်းသာခြင်းဆိုတာ ဘာလဲ

ချမ်းသာခြင်းဆိုသည်မှာ လွတ်မြောက်ခြင်း၊ လွတ်လပ်ခြင်း ဖြစ်၏။

ချမ်းသာပါက သင်သည် အလုပ်လုပ်လိုက လုပ်နိုင်သည်။

မလုပ်လိုကလည်း မလုပ်ဘဲ နေနိုင်မှု လွတ်လပ်ခွင့်ရရှိ၏။

(ဆင်းရဲပါက မလုပ်ချင်လုပ်ချင် လုပ်နေရသည်)

ချမ်းသာပါက သင်သည် နားနေချင်လား သို့မဟုတ် မနားချင်ဘူးလား။

သင်စိတ်ကြိုက် လုပ်ဆောင်နိုင်သည့် လွတ်လပ်ခွင့်ရှိ၏။

(ဆင်းရဲပါက နားချင်ပေမယ့်လည်း မနားရပါ)

ချမ်းသာပါက သင်အလိုရှိတာကို လွတ်လပ်စွာ ဝယ်ယူနိုင်သည်။

(ဆင်းရဲပါက ဝယ်စရာငွေကမရှိ)

– ချမ်းသာပါက အချိန်ကို သင်စိတ်ကြိုက် အသုံးပြုနိုင်၏။

ကမ္ဘာပတ်မလား၊ သင့်ကလေးများနှင့် အတူနေမလား၊ စာဖတ်မလား၊ သင်လုပ်နိုင်သည်။

(ဆင်းရဲပါက အချိန်ကို သင်စိတ်ကြိုက် မဖန်တီးနိုင်)

– ချမ်းသာပါက ပေးနိုင် ကမ်းနိုင် လှူနိုင် တန်းနိုင်၍ သင့်ပျော်ရွှင်မှုကိုလည်း သင်ဖန်တီးနိုင်သည်။

(ဆင်းရဲပါက မလှူနိုင် မတန်းနိုင်၊ ပျော်ရွှင်မှုကို သင့် စိတ်ကြိုက် မဖန်တီးနိုင်)

–ကြွယ်ဝချမ်းသာမှုသည် လူ့လောက၌ လွတ်လပ်စွာ ရွေးချယ်နိုင်ခွင့်ကို ပေးစွမ်းနိုင်မှု ရှိပါသည်။



# ချမ်းသာသူနှင့် ဆင်းရဲသူ

ချမ်းသာသူများသည် ကျွန်တော်တို့နှင့် ခြားနား
ျား ရှိသည်မှာ အမှန်ဖြစ်၏။ ချမ်းသာသူများ၏
ခြားချက်မှာ–

သူတို့သည်

- ဖွဲ့ရှိသည်။ သတ္တိရှိသည်။
- ကြိုးပမ်းအားထုတ်မှု ရှိသည်။

- စုဆောင်းမှုရှိသည်။
- အသုံးထက် စုဆောင်းမှုကို ပို၍ သတိထားကြသည်။
- သူတို့၌ ရှင်းလင်းပြတ်သားသော ပန်းတိုင်ရှိသည်။
- သူတို့သည် ငွေစုစရာကို ဘယ်လိုဖြစ်အောင်ရှာရမည်ဆိုသော နည်းလမ်းကို သိသည်။

ထိုအရည်အချင်းများ သင့်ထံတွင်လည်း ရှိပါသည်။ ကွာခြားမှုမှာ သင်က ထိုအရည်အချင်းများကို သိရှိပြီး အသုံးမချဘဲ နေ၍ ချမ်းသာသူများက ထိုအရည်အချင်းကို သိလည်းသိ လက်တွေ့လည်း အသုံးချသူဖြစ်ပါ၏။



# ငွေနိဒါန်း

ဤစာအုပ် ရေးသားခြင်း၏ ရည်ရွယ်ချက်မှာ ချမ်းသာကြွယ်ဝရန် ဖြစ်ပါသည်။ ပိုက်ဆံပေါပေါများ များရရှိရန် ဖြစ်ပါသည်။ ငွေကြေးဝလား ဖြစ်ရန် ဖြစ်သည်။ ကျွန်တော်လည်း ပိုက်ဆံများများလိုချင် သလို စာဖတ်သူအားလည်း ပိုက်ဆံတွေ ရစေလိုပါ သည်။ ထို့ကြောင့် ပိုက်ဆံရှာဖွေ ထိန်းသိမ်း နည်း လမ်းများကို ရှာဖွေ၍ ဤစာအုပ်ကို တင်ပြခြင်း ဖြစ် ပါ၏။

ပိုက်ဆံများများ ရလိုပါက ကျွန်တော်တို့သည် ပိုက်ဆံအပေါ် မှန်ကန်သော သဘောထားများ ထားရှိ ရမည်ဟု ဆိုပါ၏။

ယဉ်ချိုတင်ရာစာပေ

ကျွန်တော်တို့လူမျိုးတွင် ငွေသည် လူကို ဖျက်ဆီးနေသောအရာ၊ ငွေသည် အကျင့်စာရိတ္တကို ဖျက်ဆီးနေသော အရာဟု သတ်မှတ်နေကြသူများ ရှိကြ၏။ ကျွန်တော်တို့သည် ငွေရှာရခက်ခဲသည်။ ငွေတွင်းနက်သည်ဟူ၍လည်း အယူအဆရှိသော လူမျိုးဖြစ်၏။

ငွေကို ကျွန်တော်တို့က မကောင်းမြင်နေသမျှ ကာလပတ်လုံး ငွေကလည်း ကျွန်တော်တို့အပေါ် ပြန်၍ မကောင်းတာကိုဘဲ ပြုလုပ်နေမည်မှာ ဓမ္မတာဖြစ်ပါ၏။ ငွေအပေါ် မှန်မှန်ကန်ကန် မြင်ပါက ငွေကလည်း ကျွန်တော်တို့အပေါ် မှန်မှန်ကန်ကန် ပြန်လည်တုံ့ပြန်မည် ဖြစ်ပါ၏။

ထို့ကြောင့် -

– ငွေကို မိတ်ဆွေလို ဆက်ဆံပါ

ဟူ၍ ကျွန်တော်သည် ရွှေပင်ငွေပင်စာစဉ် ပထမစာအုပ်တွင် အမိက အလေးထားရေးသားခဲ့ပါ၏။ ငွေကို မိတ်ဆွေလို ဆက်ဆံပါဟူသော သဘောထားကို လက်ခံပြီးပါက ကျွန်တော်တို့၏ ငွေအပေါ် ထားရှိသောသဘောထားသည် အတော်ပင် ဖြောင့်မတ်သွားပြီ ဖြစ်ပါ၏။

ကျွန်တော်တို့က ငွေကို မိတ်ဆွေလို ဆက်ဆံသောအခါ ငွေကလည်း ကျွန်တော်တို့အပေါ်တွင် မိတ်ဆွေလိုပင် ပြန်လည် ဆက်ဆံလာကြလိမ့်မည် ဖြစ်ပါသည်။

ကျွန်တော်တို့သည် ငွေကို မိတ်ဆွေလို ဆက်ဆံရာတွင် မှန်မှန်ကန်ကန် ဆက်ဆံနိုင်ရေးအတွက် ငွေနှင့် ပတ်သက်၍ ငွေ၏ အရည်အချင်းနှင့် သတ္တိများ၊ ငွေ၏ ဥပဓိရုပ်၊ ငွေ၏ သဘော သဘာဝသတ္တိများကို ယင်းစာအုပ်၌ ဖော်ပြခဲ့ပါသည်။

- လူ့ဘဝတွင် ငွေသည် အဓိကကျသော အရာတစ်ခုဖြစ်သည်။
- ငွေရှာဖွေစုဆောင်းရေးသည် လူများထင်မှတ်နေသလောက် ခက်ခဲသော ကိစ္စရပ်မဟုတ်။
- လူတိုင်း သူဌေးဖြစ်နိုင်သည့် လက်မှတ်ရှိသည်။
- ငွေချမ်းသာကြွယ်ဝစေရန် တအားကြီး အလုပ်လုပ်ရန် မလို။
- ငွေနှင့် လောဘသည် တခြားစီ ဖြစ်သည်။
- ယခုကာလတွင် ကျွန်စနစ်သည် ယနေ့တိုင် ရှိနေဆဲဖြစ်သည်။
- လူများစွာတို့သည် ချေးငွေ၏ ကျေးကျွန်များ အဖြစ် ရုန်းကန်နေရဆဲ ဖြစ်သည်။
- အဆင့်မြင့်ပညာသည် သူဌေးဖြစ်ဖို့အတွက် အာမခံချက်မပေးနိုင်၊
- ဆင်းရဲမွဲတေမှုကို ငွေဖြင့် မကုစားနိုင်၊

စသည့် အချက်များကို ရှင်းလင်းရေးသားခဲ့ပါ၏။

ထို့ပြင် ကျွန်တော်သည် ချမ်းသာကြွယ်ဝစေ
မည့် နည်း (၇)နည်း ပထမစာစဉ်၌-

လူ့ဘဝတွင် ဤမျှ အရေးကြီးသော ငွေ
အကြောင်းကို ကလေးများအား သင်ကြားပေးရမည်။
ငွေကို ကလေးများအား မိမိတို့၏ မိတ်ဆွေဖြစ်ကြောင်း၊
ရန်သူမဟုတ်ကြောင်း၊ ငယ်စဉ်မှစ၍ ငွေကြေးကို သုံး
တတ်စွဲတတ်အောင် လေ့ကျင့်ပေးရမည်။ ကလေးများ
အား ငွေသုံးတတ်စွဲတတ်မှုရှိအောင် အစ္စရေးလူမျိုးတို့
နှင့် ကိုရီးယားလူမျိုးတို့သည် ငယ်စဉ်မှစ၍ သင်ကြား
ပေးသည့် အလေ့အထများရှိကြောင်းကိုလည်း ရေးသား
ခဲ့ပါ၏။ ကျွန်တော်တို့သည် ငွေကြေးအား သုံးစွဲတတ်
အောင် ကျွန်တော်တို့၏ သားသမီးများအား ဘုရားရှိခိုး
သင်ကြားပြီးသည်နှင့် ငွေကြေး သုံးစွဲပုံနည်းကို အဓိက
ထား သင်ကြားပေးရမည် ဖြစ်ကြောင်းလည်း အလေး
အနက် တင်ပြခဲ့ပါ၏။

ထို့ပြင် ပထမစာအုပ်၌ ကျွန်တော်သည် ချမ်းသာ
ကြွယ်ဝကြသော လူတို့၏ စရိုက်လက္ခဏာများကို
လည်း တင်ပြ၍ အလွန် စိတ်ဝင်စားဖွယ်ရာကောင်း
သော စာတစ်လုံးမှ မတတ်ဘဲ စာတတ်သော လူတ
သန်းကို ဖြတ်ကျော်တက်ပြီး သူကြွယ်ကြီးဘဝ
တက်လှမ်းခဲ့သည့် သူဌေးကြီးလိုဘွန်စွီး၏ အကြောင်း
လည်း ပထမစာအုပ်တွင် ဖော်ပြခဲ့ပါသည်။

ပထမစာအုပ်ကို ဖတ်ရှုခြင်းဖြင့် ငွေသည် လေး
းအပ်သောအရာဖြစ်သည်၊ ဖြုန်းပစ်ရန် မထိုက်သော
ည်းဖြစ်သည်၊ ငွေသည် အကြောင်းမဲ့ ပေးကမ်းပစ်
ည့် ပစ္စည်းမဟုတ်သော်လည်း ချမ်းသာကြွယ်ဝလာ
က မိမိလောက် ကံမကောင်း အကြောင်းမလှသူတို့
အား လှူဒါန်းရမည့် ငွေ၏ အလှအပသည် လှူဒါန်း
င်းသာ ဖြစ်၍ ငွေချမ်းသာသူများသည် ကံဆိုးရှာသူ
တို့အား မလှူမတန်းပါက မိမိတို့လက်တွင်းရှိ ငွေများ
သည် အလိုလို အရုပ်ဆိုးကြရသည့် အကြောင်းကို
ည်း တင်ပြခဲ့ပါ၏။

ငွေရှာရာတွင် သုံးချောင်းထောက် ခွေးခြေနည်း
ကို အသုံးပြုမှ သူကြွယ်ဖြစ်နိုင်သည်။ ထိုနည်းကို
သုံးမပြုပါက မည်သူမျှ မချမ်းသာ မကြွယ်ဝနိုင်ပါ။

သုံးချောင်းထောက် ခွေးခြေနည်းမှာ–

– ပထမခြေထောက်က ငွေရှာဖွေရန်
– ဒုတိယခြေထောက်က ငွေစုဆောင်းရန်
– တတိယခြေထောက်က ငွေကို ရင်းနှီးမြှုပ်
ရန် ဖြစ်ပါ၏။

ဤသုံးချောင်းထောက် ခွေးခြေကို စရွေးကျကျ
င့် ခိုင်ခိုင်ခံ့ခံ့ ပြုလုပ်သူတိုင်း ချမ်းသာကြောင်းနှင့်
ငွေရှာရာတွင်

- အချိန်
- နေရာနှင့်
- ကန့်သတ်ချက်

တို့သည် မလိုအပ်သည့်အရာဖြစ်ကြောင်းတို့ကို တင်ပြ ခဲ့ပါ၏။

ရွှေပင်ငွေပင်စာစဉ်သည် ကြီးပွားချမ်းသာရေး စာစဉ်ပင် ဖြစ်ပါ၏။ ဤစာစဉ်ကို လေ့လာရာတွင် ပထမစာအုပ်ကို ကျေလည်စွာ လေ့လာပြီးမှ ဒုတိယ စာစဉ်ကို ဖတ်စေလိုပါ၏။ ကြွယ်ဝချမ်းသာရေးစာစဉ် များကို ဖတ်ရှုရာတွင် စာစဉ် (၇) အုပ်စလုံးကို လိုက် နာကျင့်သုံးမှ သူဋ္ဌေးသူကြွယ် ဖြစ်မည်ဟု မဆိုပါ။ ရွှေပင် ငွေပင်စာစဉ် ပထမစာအုပ်ကို ဖတ်ရှုရုံနှင့် ဉာဏ်ပွင့်လင်းမှု ရှိသူတို့သည် တစ်ခါတည်း သူကြွယ် ဖြစ်သွားမည့်သူများလည်း ရှိနိုင်၏။ တစ်ဖန် ယင်း စာအုပ်ပါ အကြောင်းအရာများစွာမှ နည်းလမ်းတစ်ခု ကို ထိထိမိမိ အသုံးပြုခြင်းဖြင့်လည်း သူကြွယ်ဖြစ် သွားနိုင်ပါ၏။

သို့သော် (၇) အုပ်စလုံးကို အလွတ်ရအောင် ဖတ်ရှုသူများလည်း သူဋ္ဌေးဖြစ်ချင်မှ ဖြစ်နိုင်မည် အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သည် နည်းလမ်း ကိုသာ ဖော်ပြရေးသားတိုက်တွန်း လှုံ့ဆော်ရသူဖြစ်၍

လက်တွေ့ပြုလုပ်မှသာ လက်တွေ့အကျိုးခံစားရမည် ဖြစ်ပါသည်။

ဤစာစဉ်များကို ဖတ်ရှု၍ လက်တွေ့ ကြိုးစားကြည့်စေလိုပါ၏။ ငွေစုရမည်ဟူသော အခန်းကို ဖတ်ပြီးပါက ယနေ့ပင် ငွေတစ်ကျပ် စစုပါ။ သင်သည် ယနေ့ ငွေတစ်ကျပ်ပိုင်ရှင်ဖြစ်လာပြီ ဖြစ်၏။ ဤစာကို မဖတ်ခင် မနေ့ကဆိုပါက သင်သည် ငွေ တစ်ကျပ်တောင် ပိုင်သူမဟုတ်ပါ။

ပထမစာစဉ်တွင် ငွေကြေးနှင့် ပတ်သက်သော သဘောထားများကို အဓိကထား၍ ယခု ဒုတိယစာအုပ်ကို ငွေရှာသည့် နည်းလမ်းများကို တင်ပြထားပါ၏။ သုံးချောင်းထောက် ခွေးခြေကို ပြုလုပ်ရာတွင် ပထမ ငွေရှာရပါမည်။

မိမိ၏ စားဝတ်နေရေး၊ အသက်ရှင်ရေးအတွက် ငွေရှာရမည်။ ထိုသို့ ငွေရှာရာ၌ပင် နည်းလမ်းမသိပါက အလွန်မှ ခက်ခဲနေတတ်၏။ ထို့ကြောင့် ရှေ့ပင် ငွေပင်စာစဉ် ဒုတိယအုပ်တွင် ငွေရှာဖွေ ရရှိနိုင်သော နည်းများကို တင်ပြထားပါသည်။

လူတစ်ယောက်တွင် ဝင်ငွေရရှိရန် နည်းသုံးနည်းသာ ရှိ၏။ ထိုသုံးနည်းကို သိရှိအသုံးပြုကာ ငွေတွင်းကို ချဲ့ထွင်ရမည် ဖြစ်၏။

စာအုပ်များကို ဖတ်ရှုရာတွင် လက်တွေ့ မလိုက်နာ မကျင့်သုံးပါက အလဟဿပင် ဖြစ်၏။ စာအုပ်တစ်အုပ်ဖတ်ပြီးတိုင်း မိမိ အသစ်ရရှိလာသော အတွေးအသစ်၊ မိမိရရှိလာသော သဘောထားအသစ်ကို လက်တွေ့ကျင့်သုံးဖို့ လိုပါ၏။ စာတွေ အများကြီးဖတ်ပြီး လက်တွေ့ မကျင့်သုံးသူသည် မဖတ်ဘဲနေ သည်ကပို၍ ကောင်းပါ၏။ စာအုပ်ဖိုး မကုန်သည့်အပြင် စာဖတ်ရန် အချိန်လည်း မကုန်တော့ပါ။

ကျွန်တော် ဤနိဒါန်းဖြင့် တိုက်တွန်းလိုသည်မှာ စာဖတ်ပါ။ စာအုပ်ထဲမှာပါသည့် မိမိလက်ခံသည့် အချက်တစ်ချက်ကို မိမိက လက်ခံလိုက်သည့် အချိန်မှစ၍ ချက်ချင်း မိမိဘဝတွင် အသုံးချပါ ဟူ၍ ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်က ရွှေပင်ငွေပင်စာစဉ်ပါ စာအုပ်များ၏ တန်ဖိုးသည် ရွှေအလေးချိန်နှင့် တူညီကြောင်း ရဲဝံ့စွာ ရေးသားဖော်ပြ အာမခံထားခြင်း ဖြစ်ပါ၏။ ယနေ့စာစဖတ်ပါ။ မနက်ဖြန် လိုက်နာကျင့်သုံးပါ။ သန်ဘက်ခါ သင် သူဌေး ဖြစ်ပါမည်။

ချစ်စံဝင်း



## အခန်း (၁)

# ငွေတွင်းသုံးတွင်း

လောကလူ့ဘောင်တွင် ဝင်ငွေသုံးမျိုးသာ ရှိနိုင်ပါသည်။ ထိုဝင်ငွေသုံးမျိုးမှတစ်ပါး အခြားဝင်ငွေ မရှိနိုင်ပါ။

ကျွန်တော်တို့သည် ကြွယ်ဝချမ်းသာလိုသူများ ဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့အား ကြွယ်ဝချမ်းသာစေရန် ထိုဝင်ငွေ သုံးမျိုးအနက်မှ မည်သည့်ဝင်ငွေလမ်းကြောင်းဖြင့် ငွေအမြောက်အမြားဝင်လိမ့်မည်ကို ကျွန်တော်တို့ ချောင်းမြောင်းနေရမည် ဖြစ်ပါ၏။

ကျွန်တော်တို့ မွေးဖွားစဉ်က ရွှေတစ်ပြားမှ လက်တွင် ဆုပ်ကိုင်လျက် မွေးဖွားလာခြင်း မဟုတ်ပါ။ ငွေသုံးမျိုးအနက်မှ တစ်နည်းနည်းသော ဝင်ငွေဖြင့် လူလုပ်နေကြခြင်း ဖြစ်၏။

ထို့ကြောင့် ကျွန်တော်တို့သည် ယင်းငွေသုံးမျိုးကို ခွဲခြမ်းစိတ်ဖြာ၍ လေ့လာကြရမည် ဖြစ်ပါ၏။

စာအုပ်ကို ကျွန်တော် ရေးသားနေခြင်းသည် ပေါ့ပေါ့တန်တန် ရေးသားနေခြင်း မဟုတ်။ ကျွန်တော်တို့ လူမျိုးတစ်မျိုးလုံး ချမ်းသာကြွယ်ဝစေရေးအတွက် ရည်မှန်းရေးသားခြင်း ဖြစ်ပါ၏။

ကျွန်တော်တို့တွင် သယံဇာတပစ္စည်းများ ရှိသည်။ ကျွန်တော်တို့ လူမျိုးသည် ဉာဏ်ရည်ဉာဏ်သွေးနိမ့်ကျသော လူမျိုးမဟုတ်။ ကျွန်တော်တို့ လူမျိုးသည် ကိုရီးယား၊ ဂျပန်၊ အစ္စရေး အစရှိသော လူမျိုးများလောက် ဝီရိယ၊ လုံ့လမရှိသည်မှာ မှန်သော်လည်း ကျွန်တော်တို့သည် လူပျင်းများ မဟုတ်ကြပါ။ ကျွန်တော်တို့တွင် အမှန်တကယ် ချမ်းသာမည်ဟု ဆိုပါက ဘာလုပ်ရမည်နည်း။

ရောဝတီမြစ်ကို လက်ပစ်ကူးရမလား။

တစ်ပတ်၊ တစ်လ မအိပ်မစက် အလုပ်လုပ်ရမလား။

တစ်နှစ်၊ နှစ်နှစ် အိုးပစ်အိမ်ပစ် အလုပ်လုပ်ရမလား။

ခွန်အားသုံး၍ လှေထိုးရမလား။

လွှတိုက်ရမလား။

စွန့်စားရမလား။

ကျွန်တော်တို့ လုံ့လစိုက်ထုတ် အလုပ်လုပ်သော လူမျိုး၊ စွန့်စားဝံ့သော လူမျိုး ဖြစ်ပါ၏။ ကျွန်တော်တို့သည် မုတ္တမပင်လယ်ကွေ့တွင် ပင်လယ်နှင့် မုန်တိုင်းကို အံတု၍ ရေလုပ်ငန်း လုပ်ကြသည်။ ရိုးမတောကြီးတောင်ကြီးများတွင် ကျား၊ မြွေ၊ ငှက်ဖျား အစရှိသော အန္တရာယ်များကို မမှုကြဘဲ သစ်ခုတ်ကြသည်။ ကျွန်တော်တို့သည် အသက်ကို စွန့်၍ သတ္တုရှာဖွေကြသော လုပ်သားများ၊ အသက်ကို မငဲ့ကွက်ဘဲ ရတနာမျိုးစုံတူးဖော်ကြသူများ၊ ဧရာဝတီမြစ်အတွင်းနှင့် မြန်မာ့လယ်ယာမြေလုပ်ငန်းခွင်များတွင် အားသွန်ခွန်စိုက် အလုပ်လုပ်နေကြသည့် လုပ်သားများစွာ ရှိကြပေရာ မြန်မာတို့သည် တစ်ဝမ်းတစ်ခါးအတွက်ပင် ဤမျှဝီရိယတရား ထားရှိကြလျှင် အမှန်တကယ် သူဌေးသူကြွယ် ဖြစ်မည်ဆိုပါက မိမိတို့၏ ဝီရိယတရားကို အဆင့်များစွာ တိုးမြှင့် လုပ်ဆောင်ရေးအတွက် မည်သူမျှ ဝန်လေးကြမည် မဟုတ်ပေ။

သို့ပါလျက် ကျွန်တော်တို့ ဘာကြောင့် မချမ်းသာကြပါသနည်း။ ယေဘုယျအားဖြင့် ကျွန်တော်တို့သည် ငွေကြေးအပေါ် ထားရှိသော သဘောထားများ မှားယွင်းမှုသည် အချက်တစ်ချက် ဖြစ်ပါ၏။ ကျွန်တော်တို့သည် ငွေကြေးအပေါ် ထားရှိသော သဘောထားများယွင်းနေပါက ကျွန်တော်တို့ ပြုပြင်ကြရမည် ဖြစ်ပါ၏။

သို့မှသာ ကျွန်တော်တို့ ချမ်းသာကြမည် ဖြစ်၏။

ငွေကြေးအပေါ် ထားရှိသော ကျွန်တော်တို့၏ သဘောထား မမှန်ကန်ဘဲ ကျွန်တော်တို့ မချမ်းသာနိုင်ကြပါ။ ကျွန်တော်တို့ မချမ်းသာ မကြွယ်ဝလျှင် ကျွန်တော်တို့ မျက်နှာငယ်ကြမည်။ ကျွန်တော်တို့ အထင်သေး အမြင်သေး ခံကြရမည်။ ကျွန်တော်တို့ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု တိုးတက်ဖွံ့ဖြိုးမှု နှေးကွေးနေမည်။ ငွေကြေးမရှိပါက ကျွန်တော်တို့သည် အထွေထွေ နောက်ကျမှု မုချ ကြုံတွေ့ရမည် ဖြစ်ပါ၏။

ထို့ကြောင့် ကျွန်တော်သည် ငွေကြေးဆိုင်ရာ ခေတ်မီသဘောထားများကို မြန်မာပြည်သူတို့အတွင်း ပြန့်ပွားအောင် တင်ပြခြင်းဖြစ်ပါ၏။ အထူးသဖြင့် မြန်မာလူငယ် လူလတ်ပိုင်းအတွင်း ငွေကြေးဆိုင်ရာ မှန်ကန်သည့် သဘောထားများ ပြန့်ပွားစေလိုပါ၏။

အဘယ်ကြောင့်ဆိုသော် ငွေသုံးသူ၊ ဖြုန်းသူတို့မှာ လူယ်နှင့် လူလတ်ပိုင်းတို့ ဖြစ်ကြ၏။

လူငယ်လူလတ်ပိုင်းသည် ငွေကြေးအပေါ် ထားရှိသော သဘောထားကို မှန်ကန်စွာသိမြင်၍ ကြိုးစားအားထုတ်ပါက သူကြွယ်သူဌေးဖြစ်အောင် ကြိုးစားရန် ယင်းတို့တွင် အချိန်များစွာ ရှိ၏။ အချိန်များများရှိလေ ငွေများများ ချမ်းသာလေ ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် အချိန်သည် ငွေပင်ဖြစ်ပါ၏။ သူဌေးဖြစ်ရန် နည်း (၇) နည်းကို လက်တွေ့ အသုံးပြုပါ။ ဘယ်အချိန် အသုံးပြုပြု၊ ပြုသောအချိန်တွင် သူဌေးဖြစ်နိုင်၏။ သို့သော် စောစောသုံးလျှင် စောစောသူဌေး ဖြစ်၏။

ကျွန်တော်တို့ တက်ကျမ်းများ၊ ထိပ်တန်းသို့ ရောက်ရှိရေးစာအုပ်များ ရေးသားခဲ့ကြပါ၏။ သို့သော် ယေဘုယျ စိတ်ဓာတ် မြှင့်တင်မှု အရေးအသားတို့က များပါ၏။ ကျွန်တော်သည် ယခု ရွှေပင်ငွေပင်စာစဉ် ငွေကြေးနှင့် ပတ်သက်၍ ထားရှိရမည့် သဘောထား လုပ်ဆောင်ရမည့် အချက်များကို တစ်ဆင့်ပြီး တစ်ဆင့် တင်ပြမည် ဖြစ်ပါသည်။ ကျွန်တော်၏ တင်ပြချက်များသည် လက်တွေ့မှန်ကန်သောနည်းများ ဖြစ်ပါသည်။ ချမ်းသာကြွယ်ဝသူအားလုံး သွားနေကျ နည်းလမ်းအဟောင်းလည်း ဖြစ်ပါသည်။

ချမ်းသာကြွယ်ဝရေးအတွက် ကျွန်တော်တို့တွင် ဝင်ငွေသုံးမျိုး ရှိကြောင်း အထက်က ကျွန်တော် တင်ပြခဲ့ပါ၏။ ယင်းဝင်ငွေသုံးမျိုးကို ကျွန်တော်တို့ မှန်ကန်စွာ သုံးသပ်ရမည် ဖြစ်ပါ၏။ ယင်းဝင်ငွေ သုံးမျိုးအနက်–

–ဘယ်ဝင်ငွေသည် အကျိုးများသည်၊

–ဘယ်ဝင်ငွေကို ဘယ်လိုရှာရမည်၊

–ဘယ်ဝင်ငွေကို ဘယ်အချိန်မှာ အားကိုးရမည်။

–ဘယ်ဝင်ငွေကိုတော့ဖြင့် မျှော်လင့်ချက် မထားအပ်စသည်ဖြင့် ကျွန်တော်တို့ဦးနှောက်ဖြင့် ကျနသေချာစွာစဉ်းစား၍ ထိုဝင်ငွေများကို ကျွန်တော်တို့အတွက် ရတနာပုံကြီးရှာရာသို့ သွားရောက်ရာတွင် အသုံးပြုမည့် ခရီးကြောင်းများအဖြစ် အသုံးပြုကြရမည် ဖြစ်၏။

ကျွန်တော်တို့ဘဝတွင် ရှိတတ်သော အခြေခံငွေသုံးမျိုးမှာ–

(က) မိမိ၏ အချိန်ကို အသုံးပြုပြီးမှ ရသောဝင်ငွေ

(ခ) မိမိ၏ ရင်းနှီးမြှုပ်နှံမှုမှ ရသော ဝင်ငွေ

(ဂ) ကြုံကြိုက်မှုကံတရားကြောင့်ရသော ဝင်ငွေ

တို့ ဖြစ်ပါ၏။

## (က) အချိန်ကို အသုံးပြုပြီးမှ ရရှိသော ဝင်ငွေ

လူတိုင်းတွင် အချိန်ကို ပိုင်ဆိုင်ကြသည်။ တစ်ရက်တွင် နာရီအားဖြင့် ၂၄ နာရီ၊ မိနစ်အားဖြင့် ၁၄၄၀

ပန်းမျိုးတစ်ရာစာပေ

မိနစ်ပိုင်ဆိုင်၏။ တစ်လတွင် သင်သည် ရက်ပေါင်း ၃၀ မျှ ပိုင်ဆိုင်၏။ တစ်နှစ်တွင် သင်သည် ၁၂ လတည်း ဟူသော အချိန်ကို ပိုင်ဆိုင်၏။ တစ်နှစ်တွင် ရက်ပေါင်း ၃၆၅ ရက်မျှရှိ၏။

ယနေ့ကာလ ကျွန်တော်တို့၏ လူ့သက်တမ်း သည် အသက် ၇၀ သက်တမ်းဖြစ်သည်။ ပညာသင်ချိန် နှင့် ငယ်ရွယ်ချိန် အနှစ် ၂၀ ကို နုတ်ပစ်လိုက်ပါက သင့်တွင် အနှစ် ၅၀ ကျန်၏။ ပျမ်းမျှခြင်းအားဖြင့် သင်၏ အိပ်ချိန်၊ နားချိန်၊ လူမှုရေး၊ ကျန်းမာရေးကိစ္စ များကို ဆောင်ရွက်ချိန်ထက်ဝက်ကို နုတ်လိုက်ပါက သင့်တွင် ၂၅ နှစ်မျှ အလုပ်လုပ်ချိန် ရှိပါ၏။ ထို ၂၅ နှစ်ဆိုသောအချိန်သည် သင့်အတွက် စီးပွားရှာချိန် ငွေဖော်ရန်အချိန် ဖြစ်၏။ သင့်အတွက် ငွေဖော်ရန် တစ်သက်လုံး ၂၅ နှစ်ထက်နည်းဖို့သာ အကြောင်းရှိ သည်။ များလာစရာ အကြောင်းမရှိပါ။

သာမန်လူတစ်ဦးသည် တစ်နေ့ ရှစ်နာရီ အလုပ် လုပ်သည် ဆိုပါစို့။ ထိုသူသည် တစ်ပတ်တွင် တစ်ရက် နားပါက သူ၏ ငွေရှာချိန်တွင် ရက်သတ္တတစ်ပတ် တွင် ၄၈ နာရီသာ ရှိ၏။ ထိုနည်းနှင့် တွက်ပါ။ တစ်လ တွင် ၁၉၂ နာရီရှိ၏။ တစ်နှစ်တွင် ၂၂၀၄ နာရီဖြစ်၏။ ထို့ကြောင့် အနှစ် ၅၀ အလုပ်လုပ်နိုင်သူသည် သူ့

တစ်သက်တာတွင် အလုပ်လုပ်ချိန် ၁၁၀၂၀၀ နာရီ (နာရီတစ်သိန်း) ခန့်ရှိ၏။ ထိုအချိန်များသည် သက်တမ်းစေ့နေရပါက သင့်တစ်သက်တာတွင် အလုပ်လုပ်ရန် သင်ပိုင်သည့် အချိန်များ ဖြစ်သည်။ ထိုအချိန်များကို ရောင်းစားခြင်းဖြင့် သင် ဝင်ငွေ ရရှိနိုင်၏။

မိမိ၏ ကိုယ်စွမ်းဉာဏ်စွမ်းကို အသုံးပြု၍ မိမိပိုင်အချိန်ဖြင့် သူတစ်ပါးထံ အလုပ်သွားလုပ်ပေးခြင်း၊ တစ်နည်း အချိန်ကို ရောင်းစားခြင်းဖြင့် ရရှိသော ဝင်ငွေဖြစ်၏။

ထိုဝင်ငွေမျိုးတွင် လခစားသမားများ၊ ဆရာဝန်များ၊ ပါမောက္ခများ၊ ဆံပင်ညှပ်သမားများ၊ ယာဉ်မောင်းများ၊ ကျောင်းဆရာများ၊ ဝန်ကြီးချုပ်များ၊ ဗိုလ်ချုပ်ကြီးများ၊ စာရေးဆရာများ၊ ဝန်ထမ်းများ၊ ပန်းပုဆရာ၊ ရုပ်ရှင်မင်းသမီး မင်းသားများ၊ ဆိုင်းဆရာများ၊ ဆင်ဦးစီးများ၊ လယ်သမားများ၊ အလုပ်သမားများ စသည့် ပုဂ္ဂိုလ်များ ပါဝင်ပါ၏။

ယင်းတို့အားလုံးသည် လစာ သို့မဟုတ် ဝင်ငွေ အနည်းအများ၊ ရာထူးအနိမ့်အမြင့်၊ အာဏာရှိမရှိ စသည်တို့ ကွာခြားမှု ရှိလျှင် ရှိမည်။ သို့သော် ယင်းတို့သည် မိမိပိုင် အချိန်ကို သတ်မှတ်သောနှုန်းထားဖြင့် ရောင်းစားသော သူများဖြစ်၏။ အချိန်ကို အသုံးပြု၍ ဝင်ငွေရှာသောသူများ ဖြစ်၏။

ထိုဘွများသည် မိမိတို့တတ်ကျွမ်းသော အသက်မွေးဝမ်းကျောင်း ပညာရပ်၏ ကျွမ်းကျင်မှုနှင့် အရေးကြီးမှုပေါ် မူတည်၍ အချို့က ဝင်ငွေများနိုင်ပြီး အချို့က ဝင်ငွေနည်းနိုင်သော်လည်း တူညီသော အချက်မှာ ယင်းတို့အားလုံးသည် မိမိပိုင် အချိန်ကို အသုံးပြု၍ တစ်နည်း မိမိပိုင်အချိန်ကို အခြားသူတစ်ဦးထံတွင် ရောင်းစား၍ ဝင်ငွေရရှိသူများ ဖြစ်၏။

ထိုသူများအတွက် မိမိတို့ဘဝတစ်သက်တာဆိုသည်မှာ အကန့်အသတ်ရှိသောကြောင့် သူတို့၏ ဝင်ငွေများမှာလည်း ကန့်သတ်မှုရှိ၏။

ကျွန်တော် တွက်ပြသကဲ့သို့ သင်သည် အသက် ၇၀ ရှည်ပါမှ သင် ရောင်းစား၍ရသောအချိန်သည် ၂၅ နှစ် သို့မဟုတ် နာရီ တစ်သိန်းကျော်သာ ရှိပါ၏။ အသက် ၆၀၊ အသက် ၅၀ သာ နေရမည့်သူများသည် ရောင်းစားရန် အချိန် ထိုမျှပင် ရှိမည်မဟုတ်ပါ။

ထို့ကြောင့် မိမိပိုင်အချိန်ကို ရောင်းစား၍ သို့မဟုတ် မိမိပိုင်အချိန်ကို အသုံးပြုပြီးမှ ရရှိသော ဝင်ငွေသည် အကန့်အသတ်ရှိသောကြောင့် ထိုငွေသည် **ကန့်သတ်ဝင်ငွေ** ဖြစ်ပါ၏။ ထိုဝင်ငွေဖြင့် သူဌေးသူကြွယ် မဖြစ်နိုင်ပါ။

သို့သော် မိမိ၏ ကျွမ်းကျင်မှုကို လိုက်၍ ကန့်သတ်ဝင်ငွေရရှိသူများအတွင်း၌ပင် ဝင်ငွေများများ ရရှိသူများနှင့် ဝင်ငွေနည်းနည်းရရှိသူများ ဟူ၍ ကွဲပြားခြားနားမှုရှိ၏။

ဥပမာ – ဆရာဝန်ချင်းအတူတူ ကျွမ်းကျင်သည့် ဆရာဝန်များသည် ဝင်ငွေ ပိုရကြ၏။ ပန်းချီဆရာချင်း အတူတူကျွမ်းကျင်သူများ၏ ပန်းချီများက ပို၍ အဖိုးတန်ကြ၏။ စာရေးစာချီချင်း အတူတူကျွမ်းကျင်သူများက ရာထူးတိုးခံရ၏။

တစ်ဖန် အချိန်ကို ရောင်းစားကြသူများချင်း အတူတူ အများစုလုပ်နိုင်သော လုပ်ငန်းများက ဝင်ငွေနည်း၍ အနည်းစု လုပ်နိုင်သောလုပ်ငန်းများက ဝင်ငွေများကြ၏။

ဥပမာ – မော်တော်ကားမောင်းလုပ်ငန်းနှင့် လေယာဉ်မောင်းလုပ်ငန်းတွင် လေယာဉ်မောင်းသည့်လုပ်ငန်းက ဝင်ငွေပို၍ များ၏။ အဘယ့်ကြောင့်ဆိုသော် မော်တော်ကားမောင်းသည့် အလုပ်ကို လူအများစုက လုပ်နိုင်ပြီး လေယာဉ်မောင်းသည့် လုပ်ငန်းကို လူအနည်းစုကသာ လုပ်နိုင်သောကြောင့် ဖြစ်၏။

အချိန်ကို ရောင်းစားရသော တစ်နည်း မိမိ၏ ကာယ ဉာဏစွမ်းအားဖြင့် လုပ်စားရသော လုပ်ငန်း

းဖြင့် သူဌေး သူကြွယ် မဖြစ်နိုင်ကြပါ။ သို့သော်
ချိန်နှင့် ဖလှယ်၍ရရှိသော ကန့်သတ်ဝင်ငွေသည်
ဌေးမဖြစ်ရုံသာရှိသည်။ ထိုဝင်ငွေသည် သူဌေးဖြစ်ရန်
တွက်ကား အလွန်အရေးကြီးသော ဝင်ငွေဖြစ်၏။
ဌေးဖြစ်ရန်အစပိုင်းတွင် လူတိုင်းသည် မိမိပိုင်အချိန်
ကို ရောင်းချ၍ မိမိ၏ ကာယဉာဏစွမ်းအားကို အသုံး
၍သာ ဝင်ငွေရှာရသည်။ ထိုဝင်ငွေနှင့် အသက်မွေး
မ်းကျောင်းရသည်။ ထိုဝင်ငွေမရှိပါက သင်သည်
အသက်လည်း မရှင်နိုင်၊ သူဌေးလည်း မဖြစ်နိုင်ကြောင်း
ကျွန်တော်သည် နောက်အခန်းများတွင် ရှင်းလင်း
တင်ပြပါမည်။

## (ခ) မိမိ၏ ရင်းနှီးမြှုပ်နှံမှုမှ ရရှိသော ဝင်ငွေ

ဤဝင်ငွေသည် မိမိ၏ အချိန်ကို ရောင်းမစား
ဘဲ၊ မိမိအချိန်ကို အသုံးမပြုဘဲ မိမိပိုင်ငွေကို ရင်းနှီးမြှုပ်
နှံရာမှ ရရှိသော ဝင်ငွေဖြစ်ပါ၏။ ထိုငွေသည် သူကြွယ်
ဖြစ်စေသည့် ဝင်ငွေဖြစ်ပါ၏။ ထိုဝင်ငွေဖြင့် သင်သည်
အကန့်အသတ်မဲ့၊ အတားအဆီးမရှိသော ဝင်ငွေကို
ရရှိနိုင်၏။ ထိုဝင်ငွေဖြင့်သာ သူကြွယ်ဖြစ်နိုင်ပါ၏။
အကန့်အသတ်မဲ့ဝင်ငွေ ရရှိအောင် သင်ကြိုးစား ဖန်တီး
ရမည် ဖြစ်ပါ၏။ အကန့်အသတ်မဲ့ အတားအဆီးမရှိ

ဝင်ငွေပေါက်ကြီးကို သင်ဖောက်ယူရမည် ဖြစ်ပါ၏။ မည်သို့ ဖောက်ရမည် မည်သို့ လုပ်ရမည်ဆိုသော နည်းလမ်းများကို ဤစာအုပ်မှ ပေးပါမည်။ သင် ဤစာအုပ်ဖတ်ပြီး ကြိတ်ကြံပါ။ ကြိတ်ကြိုးစားပါ။ သင်မုချ သူဌေးဖြစ်ရန် အာမခံပါသည်။

## (ဂ) ကြုံကြိုက်မှုကံတရားကြောင့် ရရှိသောဝင်ငွေ

ထိုဝင်ငွေသည် ထီပေါက်၍ရသော ဝင်ငွေ၊ အမွေရသော ငွေ၊ အခြားသူတစ်ဦးက စေတနာနှင့်ပေးသောငွေတို့ ဖြစ်ပါ၏။ ထိုငွေသည် မသေချာသောငွေဖြစ်သည်။ ရချင်မှရမည့် ငွေမျိုး ဖြစ်သည်။ သင်သည် သူဌေးဖြစ်လိုပါက ထိုဝင်ငွေကို ထိုင်စောင့်မနေပါနှင့်၊ ထိုင်စောင့်နေပါက သင့် တစ်သက်တာတွင် ထိုဝင်ငွေမျိုး ဝင်လာချင်မှလည်း ဝင်လာမည်။ မဝင်လာဖို့ကလည်း များသည်။ လုံးဝ မသေချာသော ထိုဝင်ငွေဖြင့် သူဌေးဖြစ်လိုသောသင်သည် ထိုင်စောင့်နေလည်း အချိန်ကုန်ရုံသာ ရှိမည်ဖြစ်၏။ ထိုင်စောင့်နေမည့်အစား အလုပ်လုပ်ပါ။ အလုပ်လုပ်လျက်နေစဉ် ကံတရားက သင့်အား ငွေထုပ်ကြီးလာပေးမည်ဟုဆိုပါက ထိုငွေထုပ်ကြီးကို တိုးပွားအောင် သင်သည် လုပ်တတ်ကိုင်တတ်ရှိနေပြီ မဟုတ်ပါလော။

သူဌေးသားသည် အဖေ့ထံမှ အမွေရမည့်အချိန်
စောင့်နေပြီး အမွေရတော့ သုံးပစ်ကာ ရသောအမွေ
း ကုန်သောအခါ မွဲသွားသည်။ ကုဋေရှစ်ဆယ်
ဌေးသား သူတောင်းစား ဖြစ်သွားပါ၏။ ထိုသို့
ဖြစ်စေရန် ထိုဝင်ငွေမျိုး ရှိပါက မလုပ်တတ် မကိုင်
တတ်မရှိစေရန် သင်၌ ကံတရားမှ ကြုံကြိုက်သဖြင့်
တွင်းကြီး ရှိရန် သေချာသည့် အိပ်မက်ရထားလျှင်
် အလုပ်လုပ်နေနှင့်ပါ။





## အခန်း (၂)

# ငွေတွင်းကြီးများ၏ အဝကို ကျယ်အောင်ချဲ့ပါ

လူ့ဘဝတွင် တရားဝင် သမ္မာအာဇီဝဝင်ငွေဟူသည် ဖော်ပြပါ ဝင်ငွေသုံးမျိုးသာ ရှိ၏။ အခြားဝင်ငွေများသည် သမ္မာအာဇီဝမဟုတ်သော ဝင်ငွေများ ဖြစ်၏။ ခိုးယူသော ဝင်ငွေ၊ ဓားပြတိုက်၍ရသောဝင်ငွေ၊ လုယက်ရယူသောငွေ၊ လာဘ်ယူခြင်း၊ လာဘ်စားခြင်း၊ နိုင်ထက်စီးနင်းပြုလုပ်ခြင်းတို့မှ ရရှိသော ဝင်ငွေများသည် သမ္မာအာဇီဝဖြင့် ရရှိသော ဝင်ငွေများ မဟုတ်၍ ထိုဝင်ငွေများအကြောင်း ကျွန်တော်တို့ မစဉ်းစားပါ။

ဓားပြ၊ လူဆိုး၊ သူခိုး နိုင်ထက်စီးနင်း မတရားသိမ်းဆည်းရယူ လာဘ်လာဘယူသူများသည် လူဆိုး၊ လူယုတ်များဖြစ်၍ အကုသိုလ်နှင့် ဆက်စပ်နေသူများဖြစ်၏။ ယင်းလူမျိုးများသည် မုချ ပျက်စီးဆုံးရှုံးမည့်သူများ ဖြစ်၏။ သဘာဝတရား၏ ဒဏ်ခတ်ခြင်းကို ခံရမည့်သူများ၊ အကုသိုလ်တရား၏ သားကောင်များဖြစ်၍ ထိုကဲ့သို့သော ဝင်ငွေများကို ကျွန်တော်တို့သည် ရှုံ့ရှာမုန်းတီးကြရမည်၊ ဆန့်ကျင်ရမည်ဖြစ်သည်။ ထိုဝင်ငွေများကို စက်ဆုပ်ရွံ့ရှာကြရမည်ဖြစ်၍ ချမ်းသာကြွယ်ဝရေး နည်းလမ်းများတွင် ထိုဝင်ငွေများကို ကျွန်တော်တို့ လုံးဝ ထည့်သွင်းစဉ်းစားမှု မပြုပါ။

ကျွန်တော်တို့ သူဌေးဖြစ်ရန် အဓိကထားရမည့်ဝင်ငွေမှာ **ကန့်သတ်မဲ့** ဝင်ငွေဖြစ်ပါ၏။ ကျွန်တော်တို့ သူဌေးဖြစ်ရန် အစပျိုးရမည့်ဝင်ငွေ **အကန့်အသတ်ရှိသောဝင်ငွေ** ဖြစ်၏။ ထို့ကြောင့် ကန့်သတ်မဲ့ဝင်ငွေသည် စိတ်ဝင်စားစရာ အကောင်းဆုံး ဝင်ငွေဖြစ်သော်လည်း အကန့်အသတ်ဝင်ငွေကိုလည်း လက်လွှတ်၍ မရပါ။ ကန့်သတ်မဲ့ဝင်ငွေသည် အဆုံးအစမရှိသော ငွေစီးကြောင်းကြီးဖြစ်သည်။ ကန့်သတ်မဲ့ဝင်ငွေ တစ်စုံတစ်ရာ ရရှိထားသူသည် ငွေပုံကြီးပေါ်တွင် ခွထိုင်ထားမိသူလည်း ဖြစ်ပါ၏။

ကျွန်တော်တို့သည်–

(က) ကန့်သတ်မှုဝင်ငွေ
မိမိပိုင်အချိန်ကို ရောင်းချအသုံးပြုပြီး ရရှိသော ဝင်ငွေနှင့်

(ခ) ကန့်သတ်မဲ့ဝင်ငွေ
ငွေကြေးကို ရင်းနှီးမြှုပ်နှံပြီး ရရှိသော ဝင်ငွေ

…ကိုစွနှစ်ရပ်ကို ကျွန်တော်တို့ အလေးအနက်ထား …ုံးစားရမည် ဖြစ်သည်။

ကန့်သတ်ဝင်ငွေသည် ငွေပုံကြီး ခွထိုင်ထားသလို …ရှိသော ဝင်ငွေ မဟုတ်သော်လည်း ထိုဝင်ငွေသည် …င် အသက်ရှင်ရန်အတွက် သင့်မိသားစု လတ်တလော …းဝတ်နေရေးအတွက်နှင့် စုဆောင်းငွေရရှိရေးတို့ …တွက် မရှိမဖြစ်သော ဝင်ငွေဖြစ်၏။ သင်သည် သင့် …ဝကို သင်ပိုင်အချိန်အား ရောင်းချ၍ရရှိသော ငွေမှသာ …ဆောင်းရမည် ဖြစ်၏။ သင် ငွေပုံကြီးပေါ် ထိုင်မိရန် …တွက် လိုအပ်သော အရင်းအနှီးကို သင်သည် ကန့် …တ်ဝင်ငွေဖြင့် ရှာဖွေရမည် ဖြစ်ပါ၏။

သင်သည် လူငယ်ဘဝတွင် မိဘ၏ ပြုစုပျိုး …ထောင်မှုဖြင့် ပညာသင်ကြားမည်။ သို့မဟုတ် သင့်ဒူး …င်ချွန် ပညာရှာရမည်။ သို့မဟုတ် ပညာရှာခြင်း

မပြုနိုင်ဘဲလည်း သင့်ကိုယ် သင့်ခန္ဓာမှ သင့်စွမ်းအား ကို အသုံးပြု၍ ငွေရှာမည်။

ထိုသို့ ရှာဖွေ၍ ရရှိသော ငွေထဲမှ သင်သည် အချို့ကို စားသုံးပြီး ဆယ်ရာခိုင်နှုန်းကို စုဆောင်းရမည် ဖြစ်ပါ၏။ ထိုစုဆောင်းငွေကို အမြော်အမြင်ရှိရှိနှင့် ကျွမ်းကျင်စွာ ရင်းနှီးမြှုပ်ရမည် ဖြစ်သည်။

ဤနေရာတွင် **ကျွမ်းကျင်မှု**ဟူသော စကားရပ်သည် အလွန်မှ အရေးကြီးပါ၏။ ကျွမ်းကျင်မှုသည် အဆင့်မြင့်ပညာနှင့် သိပ်မဆိုင်ပါ။ အဆင့်မြင့်ပညာတတ်မြောက်မှုသည် စဉ်းစားဝေဖန်မှုကို ပေးစွမ်းနိုင်သော်လည်း ကျွမ်းကျင်မှုအတွက် ဆက်လက် လေ့လာရဦးမည် ဖြစ်၏။

ဥပမာ – ကားအရောင်းအဝယ်လုပ်ငန်းတွင် အရောင်းအဝယ်ကျွမ်းကျင်သူကားပွဲစားတို့ အမြတ်ရ၍ ထိုလုပ်ငန်းကို ပါမောက္ခကြီးများ မစွမ်းဆောင်နိုင်ပါ။ ပါမောက္ခကြီးများ၊ ကထိကကြီးများ၊ ဒေါက်တာဘွဲ့ရရှိသူများစွာတို့ မှာယူတင်သွင်းလာသော ကားများကို ရောင်းဝယ်ကြရာတွင် ကားအရောင်းအဝယ် ကျွမ်းကျင်သူ ပွဲစားများက ပါမောက္ခကြီးများထက် ပိုမို အမြတ်အစွန်းရကြသည်ကို သင်ရော ကျွန်တော်ပါ တွေ့ဖူးသောကိစ္စ၊ နေ့စဉ် ဖြစ်ပျက်နေသောကိစ္စ ဖြစ်ပါ၏။

ထို့ကြောင့် ငွေရရှိရေးကိစ္စတွင် အဆင့်မြင့်ပညာထက် ကျွမ်းကျင်မှု အမြော်အမြင်ရှိမှု အရေးကြီးပါ၏။

ကျွမ်းကျင်စွာ ရင်းနှီးမြှုပ်နှံခြင်းမှ သင်သည် အကန့်အသတ်မဲ့ ဝင်ငွေကို ရရှိ၏။ ကျွမ်းကျင်စွာ ရင်းနှီးမြှုပ်နှံမှုမှ သင်သည် အမြဲတမ်း ဝင်ငွေရရှိနိုင်၏။ **ကျွမ်းကျင်စွာ ရင်းနှီးမြှုပ်နှံထားသော ငွေသည် သင့်အတွက် လခမပေးရဘဲ အလုပ်လုပ်ပေးနေသော စကားမပြောတတ်သည့် ကျွန်တစ်ယောက်ရရှိနေခြင်းနှင့် တူ၏။ ထိုကျွန်သည် သင့်အား အမြဲအလုပ်လုပ်ပေးနေ၏။ တစ်လပြီးတစ်လ တစ်နှစ်ပြီးတစ်နှစ် ၂၄ နာရီကာလပတ်လုံး မအိပ်မနေ သင် ဝင်ငွေများတိုးအောင် လုပ်ပေးနေ၏။**

အလွန်ထူးခြားသည့် ထိုကျွန်သည် သင့်အား ထာဝစဉ် သစ္စာရှိရုံသာမက သင့်အတွက် ကျွန်မျိုးဆက်သစ်ကိုပါ မွေးဖွားပေးသဖြင့် သင်သည် ခေတ်သစ်ကျွန်ပိုင်ရှင်ကြီးဖြစ်၏။ ၂၁ ရာစု၌ သင်သည် ကျွန်ပိုင်ရှင်ဖြစ်သော်လည်း သင်ကံကောင်းသည်မှာ ကျွန်ပိုင်ရှင်ဖြစ်ရသဖြင့် ဘယ်သူ့ကိုမှ သံခြေကျဉ်းသွားခတ်ထားရန် မလိုခြင်းဖြစ်၏။ သင်၏ ကျွန်များကို အစာရေစာကျွေးမွေးဖို့လည်း မလို။ ထိုကျွန်များသည် သင့်အား

သစ္စာရှိ၍ အမြဲအလုပ်အကျွေးပြုနေ၏။ ထိုကျွန်များဆိုသည်မှာ သင် မှန်ကန်စွာနှင့် အမြော်အမြင်ရှိစွာ ရင်းနှီးမြှုပ်နှံထားသော အရင်းအနှီးများ ဖြစ်ပါ၏။

ထို့ကြောင့် ကျွန်တော်သည် ငွေပုံကြီးပေါ် ထိုင်မိစေရန် –

(က) ရင်းနှီးမြှုပ်နှံရန်ငွေနှင့်

(ခ) အရည်အသွေး ကျွမ်းကျင်မှုလိုပါ၏။

ထိုအရာနှစ်ခုကို သင် ဘယ်က ရရှိမည်နည်း။

လူ့လောက၌ လူတိုင်းပိုင်ဆိုင်သော အရာသည် အချိန်သာလျှင်ဖြစ်၏။ ထိုအချိန်ကို အသုံးပြု၍ ထိုအချိန်ကို ရောင်းချ၍ သင်သည် ရင်းနှီးရန်ငွေ ရှာဖွေရမည်ဖြစ်၏။

သင်သည် ဆရာဝန်၊ အင်ဂျင်နီယာ၊ ယာဉ်မောင်း၊ ပန်းချီဆရာ၊ လခစား၊ စာရေးဆရာ၊ ရေထမ်းသမား စသည်ဖြင့် သင် တတ်ကျွမ်းသော အလုပ်တစ်ခုခုနှင့် အချိန်ကို ပေါင်းစပ်ကာ ပထမအဆင့်၌ သင့်အသက်ရှင်ဖို့အတွက် အလုပ်လုပ်ရပါမည်။ ထိုသို့ အလုပ်လုပ်၍ရသော ဝင်ငွေထဲမှ သင်တတ်နိုင်သမျှ စုဆောင်းပါ။ စုဆောင်း၍ရရှိသောငွေကို သင် ရင်းနှီးမြှုပ်နှံရမည် ဖြစ်ပါ၏။

(သင့်တွင် စုဆောင်းငွေ တစ်ရာကျပ်ရှိလျှင် တစ်ရာနှင့် ရင်းနှီးမြှုပ်နှံနိုင်သောလုပ်ငန်း၊ ၁၀၀၀ ကျပ်ရှိလျှင် ၁၀၀၀ နှင့် ရင်းနှီးမြှုပ်နှံရန် လုပ်ငန်းများ သူ့အဆင့်နှင့်သူ ရှိပါသည်။ ရသမျှ ဝင်ငွေကို တစ်ပြား တစ်ချပ်မှ မချန်ဘဲ သုံးပစ်ပါလျှင်ကား ရင်းနှီးမြှုပ်နှံ ရန် ငွေမရှိဘဲ ရှိမည် ဖြစ်၏။)

သင်သည် မည်သည့်နည်းနှင့်မဆို ငွေကိုတော့ စုဆောင်းရမည် ဖြစ်သည်။ စုဆောင်းပြီးနောက် စုဆောင်း ငွေကို ရင်းနှီးမြှုပ်နှံကာ ရင်းနှီးမြှုပ်နှံမှုငွေမှသာ ငွေဝင် ပေါက်ကြီးကို တွေ့နိုင်၏။

(ဝင်ငွေကို မစုဆောင်းဘဲ သုံးပစ်ခြင်းသည် မျိုးစေ့ကို ပြုတ်စားပစ်ခြင်းနှင့် တူ၏။ ပြောင်းဖူးတစ် ဖူးကို ပြုတ်စားမည့်အစား အချိန်ယူ ရင့်မှည့်အောင် ထား၍ စိုက်ပျိုးပါက သင်သည် ပြောင်းတစ်ခင်း ရနိုင်ပါမည်။ ထိုပြောင်းခင်းကြီး ဖြစ်လာမှ သင်လည်း စား၊ ပေးသင့်တာလည်းပေး၊ လှူသင့်တာလည်းလှူ၊ နောက်ထပ် ပြောင်းခင်းဆယ်ခင်းလောက်လည်း ထပ်၍ စိုက်ပါ။)

ကျွန်တော်တို့သည် သုံးပစ်လိုက်သောငွေ၏ အဓိပ္ပာယ်ကိုလည်း ဖော်ထုတ်ရန် လိုအပ်ပါ၏။ ကျွန် တော်တို့ နေ့စဉ်သုံးပစ်နေသော ငွေသည် ကျွန်တော်

တို့၏ လူနေမှုအဆင့်အတန်းကို ယေဘုယျအားဖြင့် ဖော်ပြနေပါ၏။ ကျွန်တော်တို့ ဝယ်ယူသော အဝတ်အစားများ၊ ကျွန်တော်တို့နေသောအိမ်၊ စီးသည့်ကား၊ နေ့စဉ် ဝယ်ယူစားသောက်မှုများသည် ကျွန်တော်တို့၏ နေထိုင်မှုအဆင့်ကို ဖော်ပြပါ၏။

ထိုအရာများသည် ကျွန်တော်တို့ ပိုင်ဆိုင်မှုကို မဖော်ပြပါ။ ကျွန်တော်တို့၏ ကြွယ်ဝမှု ပိုင်ဆိုင်မှုကို ပြသသောအရာတို့မှာ–

- ဘဏ်တွင်စုထားသောငွေ
- လက်ဝတ်ရတနာပစ္စည်း
- ဝယ်ထားသော အစုရှယ်ယာများ
- အနာဂတ်တွင် ဝင်ရောက်မည့်ဝင်ငွေ

အစရှိသော အရာများကသာ ကျွန်တော်တို့၏ ပိုင်ဆိုင်မှု ကြွယ်ဝမှုကို ပြဆိုပါ၏။

ထို့ကြောင့် ကျွန်တော်တို့သည်–


(က) အချိန်ကို အသုံးပြု၍ အကန့်အသတ်ရှိသော ဝင်ငွေကို ရှာကြရပါမည်။
(ခ) ထိုဝင်ငွေမှ ဆယ်ရာခိုင်နှုန်းမျှကို စုရပါမည်။
(ဂ) စုငွေကို အမြော်အမြင်ရှိစွာ ရင်းနှီးရပါမည်။
(ဃ) ရင်းနှီးငွေမှရလာသော ဝင်ငွေကို ကျွန်တော်တို့ နေ့စဉ် လူနေမှုအဆင့်အတန်းအတွက် သုံး၍

(င) ရင်းနှီးငွေ ထပ်မံစုဆောင်းကာ

(စ) ထပ်မံရင်းနှီးမြှုပ်နှံရပါမည်။

ကျွန်တော်တို့သည် ဝင်ငွေ သံသရာကို အထက် ါအတိုင်း လှည့်ပတ်ရပါမည်။ ထိုသို့ လှည့်ပတ်ခြင်း င့် ထပ်မံ ရင်းနှီးမှုများ ပို၍ ပို၍ များလာနိုင်ပါ၏။ ပ်မံ ရင်းနှီးမှုများခြင်းသည် သင်၏ ကြွယ်ဝမှုကို ဆိုပါသည်။

ဥပဒေသမှာ ဝင်ငွေသံသရာကို ကြီးမားအောင် ိုးချဲ့ပါ။



## အခန်း (၃)

# ဤအရာရှိမှ ငွေပုံကြီးပေါ် ထိုင်မိမည်

ထိုအရာရှိလျှင် သင်သည် ငွေပုံကြီးပေါ်၌ ခွထိုင
လျက်သားရှိမည်။

ထိုအရာမရှိပါက သင်ဖြူးလေးခင်းထိုင်ဖို့ပင်
က်မည် ဖြစ်၏။

ထိုအရာသည် ငွေရှာရေးအတွက် အခြေခံဖြစ်
သည်။

ထိုအခြေခံမရှိက သူဌေးမဖြစ်နိုင်ဟု ဆိုပါက
ထိုအရာ ဘာဖြစ်မည်ကို သင်သိလိုမည် ဖြစ်၏။

ထိုအရာရှိပါက အတူတူ လူချင်းပင်ဖြစ်စေကာမူ သင်က ငွေပိုရသူ ဖြစ်နိုင်၏။

ထိုသို့ ဆိုပါက ယင်းအရာကို သင် ပိုလို့ပင် သိချင်မည် ဖြစ်၏။

ထိုအရာဘာလဲဆိုသည်ကို ပိုက်ဆံပေးရမည်ဟု ဆိုပါကလည်း သင် ပိုက်ဆံပေးရန် ဝန်လေးမည်မဟုတ်ပါ။ သင်သည် ဤစာအုပ်အတွက် အဖိုးအခပေးဝယ်ပြီးဖြစ်၍ ထိုအရာ ဘာဖြစ်သည်ကို ကျွန်တော် ပြောပြပါမည်။

ချမ်းသာကြီးပွားရေးလမ်းစကို ရှာဖွေခဲ့သူအားလုံး၏ တွေ့ရှိချက်တစ်ရပ်လည်း ဖြစ်ပါ၏။ ထိုအရာသည် တခြားမဟုတ်။

ကျွမ်းကျင်မှု ဖြစ်ပါ၏။

ဝင်ငွေရရှိရေးသည် ကျွန်ုပ်တို့၏ စွမ်းရည်ကျွမ်းကျင်မှုနှင့် တိုက်ရိုက်ဆက်စပ်မှု ရှိပါ၏။ အလွန်အမင်းကျွမ်းကျင်သူများသည် ကျွမ်းကျင်မှုနည်းသူများထက် စီးပွားရေးလမ်းကြောင်း ပို၍ ဖြောင့်ကြသည်။ ကျွမ်းကျင်မှုသည် နယ်ပယ်အသီးသီး၌ လိုအပ်၏။ သင်သည် ဘယ်နယ်ပယ်သို့ ရောက်စေကာမူ ရောက်ရှိသော နယ်ပယ်တွင် ကျွမ်းကျင်မှုသည် လိုအပ်၏။ ကျောင်းဆရာဖြစ်ပါကလည်း စာသင်ကျွမ်းရမည်။ ကျောင်းသား

အကြောင်းကို နောကျေ နေရမည်။ တံငါသည်ဖြစ်ပါ ကလည်း ရေကို ကုန်းနမ်းလျှင် ရေထဲ၌ ဘာငါးရှိသည် ကို သိရမည်။ ထိုသို့ ကျွမ်းကျင်မှုရှိမှ သင်သည် သူဌေးဖြစ်စေမည့် ပုဆိုးစကို စတင်ဆွဲမိမည်ဖြစ်သည်။ ကျွမ်းကျင်မှုဟူသော နယ်ပယ်သည်ပင်လျှင် အမျိုးမျိုး ရှိသည်။ အချို့အလုပ်များသည် အလွယ်တကူ ကျွမ်း ကျင်နိုင်သော အလုပ်ဖြစ်၏။ အချို့အလုပ်များက လေ့ကျင့်မှုများမှ ကျွမ်းကျင်ပါ၏။

ကျွမ်းကျင်မှု ခက်ခဲသောအလုပ်၊ ကျွမ်းကျင်ရန် လွယ်ကူသောအလုပ်ဟူ၍ အလုပ်အမျိုးအစားပေါ်တွင် မူတည်၍လည်း ဝင်ငွေအနည်းအများ ကွာဟမှုရှိ၏။ အလုပ်တစ်ခုသည် လူအများအပြား အလွယ်တကူ ကျွမ်းကျင်စေနိုင်သော အလုပ်ထက် ကျွမ်းကျင်မှုရရှိရန် ခက်ခဲသောအလုပ်ကို လုပ်သူများက ပို၍ ဝင်ငွေကောင်း ၏။ ဥပမာ– လေယာဉ်မောင်းသောအလုပ်နှင့် ကုန်တင် ကားမောင်းသောအလုပ်နှစ်ခုတွင် ယာဉ်တစ်ခုခုကို မောင်းတာချင်းအတူတူ ကုန်တင်ယာဉ်မောင်းမှုသည် လေ့ကျင့်ရန် လွယ်၏။ မောင်းနိုင်သူ မောင်းတတ်သူ လည်း ပေါသောကြောင့် လေယာဉ်မောင်းသူက ကုန်တင် ကားမောင်းသူထက် ပို၍ ဝင်ငွေ ပိုရ၏။ ဤကိစ္စကို ကျွန်တော်သည် ရှေ့အခန်းတွင်လည်း အနည်းငယ် ရှင်းခဲ့ပြီး ဖြစ်ပါ၏။

ကျွမ်းကျင်မှုသည် အရေးကြီးနေပြီဖြစ်၏။ ကျွမ်းကျင်မှု အသစ်များကို ဘယ်အရပ် ဘယ်နေရာတွင် ရှာကြမည်နည်း။ သင်၏ ကျွမ်းကျင်မှု အသစ်များကို ရရှိရန်အတွက် နည်းလမ်းတစ်ရပ်မှာ စာအုပ်အစုံကို ဖတ်ရမည် ဖြစ်၏။ စာဖတ်ဝါသနာထုံရမည်ဖြစ်၏။ သို့မှသာ သင်၏ သင်၏ ဉာဏ်မျက်စိဖြင့် မသိသေးသော အရာများ၊ အခွင့်အလမ်းများကို ပို၍ မြင်တွေ့လာမည် ဖြစ်၏။

ငွေကြေးချမ်းသာသူ လူတစ်ဦးဖြစ်ရန် အဓိက လိုအပ်ချက်သည် အသစ်အသစ်သော ကျွမ်းကျင်မှုများနှင့် အသိတရားများ တိုးပွားရေး ဖြစ်၏။ သို့သော် အကျိုးမရှိသော ဗဟုသုတ၊ မှတ်စရာ မပေးသော စာဖတ်မှုကို သူဌေးဖြစ်ရေးက ဆန့်ကျင်၏။ အကျိုးမဲ့ စာဖတ်မှုကို သင့်ကလေးအား ငယ်စဉ်ကစ၍ လေ့ကျင့် မပေးပါနှင့်။ ထို့ကြောင့်လည်း ရှေးလူကြီးများက လူငယ် ဘယ်စာအုပ် မဖတ်ရ၊ အကျိုးမဲ့စာများ မဖတ်ရဟု တားမြစ်မှုများ ပြုခဲ့ကြခြင်းဖြစ်၏။

ကျွမ်းကျင်မှုလိုအပ်ကြောင်းနှင့် ပတ်သက်၍ ဆက်လက်တင်ပြရပေမည်။

ကိုရီးယားနိုင်ငံ ဖွံ့ဖြိုးရေးတိုးတက်ချမ်းသာကြွယ်ဝမှု၏ ကျောထောက်နောက်ခံသည် ကိုရီးယားတစ်နိုင်ငံ

ုံးတွင်ရှိသော R & D ခေါ် Research and Development Centre များ ဖြစ်ပါ၏။ ကိုရီးယား ိုင်ငံ၌ အစိုးရဌာနတိုင်း၊ ပုဂ္ဂလိက ကုမ္ပဏီတိုင်း၊ လုပ်ငန်းဌာနစက်ရုံအလုပ်ရုံတိုင်းတွင် သုတေသနဌာန များ ရှိကြ၏။ ကိုရီးယားကုမ္ပဏီကြီးများသည် မိမိတို့ ငွေ၏ ရာခိုင်နှုန်းအတော်များများကို သုတေသန အတွက် အသုံးပြုကြ၏။ ကိုရီးယားကုမ္ပဏီကြီးများသည် ကြီးသောကုမ္ပဏီကြီးကလည်း ကြီးသည့်အလျောက်၊ ငယ်သောကုမ္ပဏီကလည်း ငယ်သည့်အလျောက် သုတေ သနလုပ်ငန်းများကို အပြိုင်အဆိုင်လုပ်ကြ၏။ သုတေ သနလုပ်ခြင်းသည် ကျွမ်းကျင်မှုကို တည်ဆောက်ခြင်း ဖြစ်၏။

ကိုရီးယားသုတေသနဌာနများသည် မိမိတို့ထုတ် လုပ်သော ပစ္စည်းများကို နှစ်အလိုက် သုတေသနလုပ် ၏။ အခြားကုမ္ပဏီများမှ ပြုလုပ်သော အလားတူ ပစ္စည်းများကိုလည်း သုတေသနလုပ်၏။ ဈေးကွက်ကို သုတေသနလုပ်၏။ ပိုမိုဆန်းသစ်မှုအတွက်လည်း သုတေသနလုပ်၏။ သုတေသန လုပ်ငန်းများမှ အကြံ သစ်၊ ဉာဏ်သစ်၊ အတွေးသစ်များကို ထုတ်ယူ၏။

ကိုရီးယားတို့သည် ကမ္ဘာ့ဈေးကွက် ကမ္ဘာ့အရှေ့ ခြမ်း၊ အနောက်ခြမ်း ခွဲခြမ်းစိတ်ဖြာ၍ သုတေသနလုပ်

ကာ မိမိတို့ ထုတ်ကုန်များ အရောင်းသွက်အောင် နောက်ကျ မကျန်ရစ်အောင် သုတေသနပြုကြသည်မှာ အလွန်မှ အားရစရာကောင်း၏။ ကိုရီးယားနိုင်ငံ၏ ဖွံ့ဖြိုးချမ်းသာမှု၊ ကိုရီးယားကုမ္ပဏီကြီးများ၏ အောင်ပွဲများ၏ နောက်တွင် ကျွမ်းကျင်မှုဆိုင်ရာ သုတေသနလုပ်ငန်းများ ရှိပါ၏။

ထို့ကြောင့် သင်သည် ချမ်းသာကြွယ်ဝမှုကို လိုချင်ပါက သုတေသန ဗဟုသုတ လေ့လာမှု ဦးနှောက် တံခါးများကို အမြဲ ဖွင့်ထား၍ အမြဲလေ့လာနေရမည် ဖြစ်၏။ သူများထလုပ်လို့ ကိုယ်ထလုပ်တာမျိုး မဖြစ်စေရ။ မိမိအသိဉာဏ်၊ မိမိကျွမ်းကျင်မှုနှင့် လုပ်တာမျိုး ဖြစ်သင့်၏။

အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်များသည် သူတို့လုပ်ငန်းအတွက် သူတို့သည် နှစ်ပေါင်းများစွာ လေ့လာခဲ့ကြသူများချည်း ဖြစ်၏။ ကြွယ်ဝချမ်းသာသော လုပ်ငန်းပိုင်ရှင်ကြီးများသည် ယင်းတို့၏ ကုန်ထုတ်လုပ်ရေး၊ စီမံခန့်ခွဲရေး၊ ဆက်သွယ်ရေး လုပ်ငန်းများကို အမြဲတမ်း အချိန်ပေး၍ လေ့လာကြသူချည်း ဖြစ်၏။ မိမိသည် ကြွယ်ဝချမ်းသာလိုပါက အခြားသူများတွင် မရှိသော ကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်များကို မိမိ၌ရှိအောင် ကြံဆောင်ကြရမည် ဖြစ်၏။ သူဌေးဖြစ်

သူ၊ ကြွယ်ဝချမ်းသာသူတို့သည် ကျွမ်းကျင်မှုနှင့် ပြိုင်ဘက်များအား အနိုင်ယူခဲ့ကြသူများ ဖြစ်၏။

အောင်မြင်မှုများသည် သူ့အလိုလို ရောက်လာသော အရာများ မဟုတ်ကြ။ အောင်မြင်အောင် လုပ်ယူပြီးမှ ရောက်လာကြသည့် အရာများ ဖြစ်ပါ၏။ သင် ဘာရသည်ဆိုသည့်အချက်သည် သင်ဘာလုပ်ခဲ့သည်ဆိုသောအချက်နှင့် ဆက်နေပါ၏။ ဂုဏ်ထူးခြောက်ဘာသာရရှိသော ကျောင်းသားသည် ပွဲလမ်းသဘင်နှင့် အခြားအရာများကို စွန့်လွှတ်၍ စာကြိုးစားထားသည်မှာ သေချာလှပါ၏။

မောင်စကြဝဠာရရှိသူသည် အလေးမအခန်းတွင် အချိန်များစွာ သုံးခဲ့ကြောင်း ထင်ရှားလှပါ၏။

သင်သည် ကျွမ်းကျင်မှုရှိပါက အလုပ်တစ်ခုတွင် ဘယ်သောအခါမှ အလုပ်ဖြုတ်မခံရပါ။ သင်လုပ်သောနေရာတွင် သင်သည် မရှိမဖြစ်သော လူတစ်ယောက်ဖြစ်အောင် ကြိုးစားပါ။ သင်သည် သဘော်သားတစ်ဦးဖြစ်ပါက အလုပ်၌ အရေးအပါဆုံးသော နေရာသို့ရှိအောင် ကြိုးစားထားပါ။ အရေးမပါသည့် နေရာတွင် သင်ရောက်နေပါက အကယ်၍ အလုပ်သမား ပိုလျှံနေ၍ လျှော့ရတော့မည်ဆိုပါက သင်သည် ပထမဆုံး ပါသွားတော့မည် ဖြစ်ပါ၏။

လုပ်ငန်းတိုင်းတွင် ပိုလျှံ၍ သိပ်အသုံးမဝင်သော အလုပ်သမားများကို မကြာခဏ အလုပ်မှ ရပ်ဆိုင်းပစ်သောကိစ္စများ ရှိတတ်၏။

လုပ်ငန်းတစ်ခု၊ စက်ရုံတစ်ရုံမှ အလုပ်သမား လျှော့ချသည့်ကိစ္စသည် သင်္ဘောတစ်စီး နစ်မြုပ်ရတော့မည့် အန္တရာယ်နှင့် ကြုံလာသောအခါ အဖိုးမတန်သော ဝန်စည်စလယ်များကို သင်္ဘောပေါ်မှ စတင် ကန်ချခြင်းမျိုးနှင့် အတူတူပင် ဖြစ်ပါ၏။ ထို့ကြောင့် သင်္ဘောပေါ်မှ ပစ်ချခံရာတွင် ပထမဆုံး ပစ်ချမခံရအောင် သင်ကြိုးစားထားရန် လိုအပ်ပါ၏။

ယနေ့ကမ္ဘာသည် လုပ်ငန်းအရပ်ရပ်တွင် အလွန်ကြီးမားသည့် အရှိန်နှင့် ပြောင်းလဲနေပါ၏။ ထို့ကြောင့် ပြောင်းလဲမှုများကို သင် မီအောင် မလိုက်နိုင်ဘဲ သင်သူဌေးဖြစ်ဖို့ ကြွယ်ဝချမ်းသာဖို့ မလွယ်ကူပါ။ ခေတ်ကို မီအောင်လိုက်ဖို့ သင်၏ကျွမ်းကျင်မှု လေ့လာမှုများ လိုအပ်ပါ၏။ ကမ္ဘာကြီး ပြောင်းလဲနေသည်။ မိမိနိုင်ငံ ပြောင်းလဲနေသည်၊ မိမိပတ်ဝန်းကျင် ပြောင်းလဲနေသည်ကို အမီလိုက်ပြောင်းလဲနေသူတို့သည် ပြောင်းလဲလာသော အခွင့်အလမ်းကို ဆုပ်ကိုင်မိပြီး သူဌေးဖြစ်ကုန်ကြပါ၏။

ကမ္ဘာပေါ်တွင် ကွန်ပျူတာများ ပေါ်ပေါက်လာ ရာ ခေတ်နှင့်အညီ မိုက်ကရိုဆော့ဝဲယားများကို ပြုလုပ် သူများသည် နှစ်အနည်းငယ်အတွင်း သူဌေးများ ဖြစ် ကုန်ကြ၏။ ယိုးဒယားတွင် ဖြုန်းခနဲ နိုင်ငံတိုးတက် လာရာ မြေအရောင်းအဝယ်လုပ်သူများ ဖြုန်းစားကြီး သူဌေးဖြစ်ကုန်ကြသည်။ ယနေ့ခေတ်ဝယ် လျင်မြန်စွာ ပြောင်းလဲနေသော အခြေအနေကို မီအောင် မလိုက်နိုင် အောင် ကျွမ်းကျင်မှုနည်းသော စီးပွားရေးသမားများ မြန်မြန်ကျဆုံးခဲ့ကြ၏။

ထို့ကြောင့် သင်သည် သူကြွယ်သူဌေးကြီး ဖြစ် လိုပါက သင်၏ ကျွမ်းကျင်မှု အရည်အသွေးကို အမြဲ တိုးမြှင့်ထားရမည် ဖြစ်ပါ၏။ **တစ်ဖန် သင်သိထားဖို့ အချက်တစ်ခုမှာ ကျွမ်းကျင်မှု လုပ်ငန်းတစ်ခုသည် ဆယ်နှစ်သာခံပါ၏။ တစ်နည်းအားဖြင့်ဆိုရသော် ယနေ့ ကျွမ်းကျင်မှု တစ်မျိုးသည် နောင် ဆယ်နှစ်ခန့်ကြာပါ က အသုံးမဝင်တော့ပေ။**

ဥပမာ – လွန်ခဲ့သော ဆယ်နှစ်ခန့်က ပုံနှိပ်လုပ် ငန်း၌ ခဲစာလုံးများနှင့် ဖောင်သွင်းစက်ရိုက်လုပ်ငန်းသည် အော့ဖ်စက်ပုံနှိပ်လုပ်ငန်းပေါ်လာသောအခါ ဘာမျှ အသုံး မဝင်တော့ဘဲ ယခင် ပုံနှိပ်စက်ကြီးများကို သံရည်ကျို ပစ်ခဲ့ရ၏။ တစ်ဖန် ကွန်ပျူတာစာစီလုပ်ငန်းပေါ်လာ

သောအခါ ခဲစာလုံးနှင့် စာစီလုပ်ငန်း၊ လက်နှိပ်စက်လုပ်ငန်းတို့သည် အသုံးမဝင်တော့ဘဲ လွင့်ပစ်လိုက်ရ၏။ လက်နှိပ်စက်တီထွင်ရောင်းစားသော ကုမ္ပဏီများ၊ စက်ရုံများ ပိတ်ပစ်လိုက်ရသည်။

ကုန်ပစ္စည်းထုတ်လုပ်ရာတွင် သမားရိုးကျထုတ်နေ၍မရ။ အလုပ်ဈေးကွက်တည်မြဲရေးအတွက် ပြိုင်ဆိုင်နိုင်ဖို့ရာတွင် မိမိ၏ ကျွမ်းကျင်မှု အရည်အသွေးကို အမြဲ မြှင့်တင်နေမှ ရနိုင်၏။ ခေတ်မီ တိုးတက်သောယနေ့လိုကာလတွင် ယှဉ်ပြိုင်မှုက ပို၍ ပြင်းထန်လာပေရာ ကျွမ်းကျင်မှုကို ပို၍ ပို၍ တိုးမြှင့်နေရမည် ဖြစ်၏။ အဆန်းအသစ်များကို ခေတ်နှင့်အညီ ပို၍ တီထွင်ကြရမည်ဖြစ်၏။

ဘာမျှမကြိုးစားဘဲ ကျွမ်းကျင်မှု အရည်အသွေးကို မတိုးမြှင့်ဘဲ နေသူများသည် သူတကာ၏ နောက်တွင် ကျန်ရစ်နေမည် ဖြစ်၏။


တစ်ဖန် တစ်ဖက်မှလည်း ကုန်ဈေးနှုန်းကြီးထွားမှုက ရှိနေရာ မကျွမ်းကျင်သည့် အလုပ်သမားတစ်ယောက်၏ လစာသည် စားသောက်ကုန် အသုံးစရိတ်အတွက်ပင် မမီမကမ်းဖြစ်လာနိုင်၏။ ထိုအခါ စုဆောင်းရေးဆိုသည်မှာ စိတ်ကူး၍ပင် မရပါလျှင် ဖွတ်ကြားသံသရာ၊ အမွဲသံသရာလည်ဖို့ရာ သေချာလှသဖြင့် ကျွန်တော်တို့သည် –

(က) နေ့စဉ် စားသုံးဖို့နှင့် လူမှုရေးလိုအပ်ချက်များ
ဖြည့်ဆည်းဖို့ ဝင်ငွေနှင့်
(ခ) စုဆောင်းဖို့ဝင်ငွေ

ရှိရန် ကျွမ်းကျင်မှုကို ကျွန်တော်တို့ အားကိုးအားထားမှ ရမည်ဖြစ်သည်။ ပိုမိုကျွမ်းကျင်ရန် အမြဲအားထုတ်နေရမည်ဖြစ်သည်။ အမြဲ လေ့လာဆည်းပူးနေရမည် ဖြစ်သည်။

မိမိသည် လုပ်ငန်းခွင်တစ်ခု၌ အောင်မြင်နေသည့်တိုင် ယင်းလုပ်ငန်းခွင်တွင် အခြားသူများထက် အလုပ်ကို ပိုမို စိတ်ဝင်စား၍ ပိုမိုအားစိုက်ကာ ပိုမို၍ ဇွဲလုံ့လရှိမှ ပိုမို ကျွမ်းကျင်မှုရှိကာ ထိုလောကတွင် မိမိ တာရှည်စွာ အသက်ရှည်ခွင့်ရမည် ဖြစ်ပါ၏။

ဤအခန်းမှ သင့်အားပေးလိုသော စီးပွားရေး ဥပဒေသမှာ ချမ်းသာဖို့ရန် ကျွမ်းကျင်မှုလိုပါသည်ဟူ၍ ဖြစ်ပါ၏။



## အခန်း (၄)

# ငွေပုံကြီးပေါ် ထိုင်မိစေရန် ဤအရာများကို လိုက်နာ ဆောင်ရွက်ပါ

ကျွန်တော်တို့သည် အမေက မွေးစဉ်က လက်ချည်းသက်သက်ဖြင့် မွေးလာသူချည်း ဖြစ်၏။ လက်ချည်းသက်သက်မွေးလာရာတွင် လက်ဖဝါး၌ လက္ခဏာပင် အပြည့်အစုံပါမလာသေးပေ။ နောက်မှ မိမိတို့လက်ဖဝါးပေါ်မှ အရေးအစင်းအကြောင်းများကို မိမိတို့ဘာသာ ရေးခြစ်ကြခြင်း ဖြစ်ပါ၏။ လက္ခဏာများသည်သူ့အလိုလို ပေါ်လာခြင်းမဟုတ်။ ကျွန်တော်တို့ လုပ်ဆောင်မှုအတိုင်း နောက်မှ ပေါ်လာခြင်း ဖြစ်၏။

ကျွန်တော်တို့သည် လူ့ဘဝ၌ မိဘ၏ ပြုစုမှုဖြင့် ကျောင်းပညာကို စတင်သင်ကြသည်။ အချို့ကလည်း ပညာကို ဆုံးခန်းတိုင် သင်ခွင့်ရ၍ အချို့လည်း လို ဘွန်စွီးလို စာသင်ခွင့်ပင် မရဘဲ လုပ်ငန်းခွင်သို့ ဝင်ကြရသည်။

မည်သို့သော အခြေအနေပင် ရှိစေကာမူ ကျွန်တော်တို့သည် မိခင်ကပေးလိုက်သော သင် ပိုင်အချိန်နှင့် ကျွမ်းကျင်မှုကို ပေါင်းစပ်ကာ သင်၏ လုပ်အားကို ပထမ ရောင်းစား၍ အသက်မွေးဝမ်းကျောင်းပြုရ၏။ ထိုသို့ လုပ်အားကို ရောင်းစား၍ ရသော ငွေကြေးသည် သူဌေးဖြစ်နိုင်သော ငွေ မဟုတ်သော်လည်း ထိုဝင်ငွေမှပင် သင်သည် စုဆောင်းရသည်။ လုပ်အားရောင်း၍ ရသော ဝင်ငွေမှသာ သင်သည် စုဆောင်းရသဖြင့် လုပ်အား ရောင်းစားရသော အချိန်ကို ရောင်းစားရသော အလုပ်ကလည်း ပထမပိုင်းတွင် အရေးကြီးသည်ဟု မှတ်ယူပါ။

လခစား ဝင်ငွေသည် အကန့်အသတ်ရှိသော်လည်း ထိုအကန့်အသတ်အတွင်း၌ အနည်းအများ ရှိနေ၏။

ကန့်သတ်ဝင်ငွေ၌ ဝင်ငွေနည်းသူများနှင့် ဝင်ငွေများသူများ ရှိ၏။ သင်သည် ကန့်သတ်ဝင်ငွေရှာရာ

ဦပင် များများရရှိအောင် ရှာဖို့လိုပါ၏။ သို့မှသာ များများစုဆောင်းနိုင်မည် ဖြစ်သည်။ သို့မှသာ အချိန် တိုအတွင်း စုဆောင်းမှု ရနိုင်မည် ဖြစ်သည်။

တစ်ဖန် တစ်ခါတစ်ရံ ကန့်သတ်ဝင်ငွေ ရရှိရေး အတွက်ပင် အခက်အခဲများ ရှိတတ်၏။ ဆိုလိုသည် မှာ ဤစာအုပ်တွင် ကန့်သတ်ဝင်ငွေလခစားဝင်ငွေ၊ အချိန်ကို ရောင်းစားရသော ငွေဖြင့် သူကြွယ်မဖြစ် နိုင်ဟု အတိအလင်းဆိုသော်လည်း အစ ပထမတွင် မိမိအချိန်နှင့် မိမိကျွမ်းကျင်မှုကို ရောင်းစားဖို့အတွက် ပင် နေရာမရှိ ဖြစ်နေတတ်၏။

ထိုသူများသည် အလုပ်လျှောက်လွှာတစ်ခုဖြင့် ဟိုရုံးဝင် ဒီရုံးထွက် အလုပ်ခေါ်သည့် "အလုပ်သမား အလိုရှိသည်"ဟူသော သတင်းစာပါ ကြော်ငြာများကို ရှာဖွေဖတ်ရှုပြီး မိမိအား အလုပ်ခန့်ဖို့အရေး လခစား အလုပ်အတွက် ပင်ပန်းခဲယဉ်းစွာ အလုပ်အကိုင်ကို ရှာဖွေကြရ၏။

ထို့နောက် အလုပ်တစ်ခုကို ရရှိသည်။

ရရှိသောအလုပ်မှ အကြောင်းအမျိုးမျိုးကြောင့် အလုပ်ပြုတ်သည်လည်း ရှိသည်။ ထိုထိုသော ဝင်ငွေ ယံသရာတွင် သင့်ဘဝ တိုးတက်ရေးအတွက် သတိထား ရမည့် အချက်များစွာ ရှိပါသည်။ သင်သည် ထိုအချက်

များကို သတိထားစေလိုပါ၏။ ထိုအရာများကို သင် သတိထားမိလျှင် သင်သည် ငွေပုံကြီးကို ခွထိုင်မိလျက် သား ရှိနိုင်၏။ ထိုအရာများကို သင်သတိထားပါ။ ယခု ကျွန်တော် လူ့ဘဝ၌ သင်သတိထား ပြုပြင်ရမည့် သဘောထားများ၊ စိတ်နေစိတ်ထားများကို ပြောပြပါ မည်။

## (က) အလုပ်ကို မိတ်ဆွေလို သဘောထားပါ

ချမ်းသာကြွယ်ဝစေသော နည်း (၇)နည်းတွင် ပထမနည်းမှာ ငွေကို မိတ်ဆွေလို သဘောထားပါ ဟူ၍ ဖြစ်ပါ၏။

ယခု သင့်အား သတိပေးလိုသည်မှာ အလုပ်ကို လည်း သင်သည် မိတ်ဆွေလို သဘောထားပါ။ အလုပ် ကိုမကောင်းမမြင်ပါနှင့်။ အလုပ်ကိုချစ်ခင်ပါ။ လေးစား ပါ။ အလုပ်ကို မိတ်ဆွေလို သဘောထားပါဟူသော ကိစ္စတွင် သင့်မိတ်ဆွေအကြောင်းကို သင်သိသည်။ သင့်မိတ်ဆွေနှင့် ချိန်းထားပါက အလေးအနက်ထား သည်။ သင့်မိတ်ဆွေအပေါ် သင်သည် သစ္စာရှိသည်။

ထို့အတူ သင်သည် သင့်အလုပ်အပေါ် သစ္စာ ရှိပါ။ အလုပ်ကို ကျွမ်းကျင်အောင်လုပ်ပါ။ အလုပ် နှင့် ပတ်သက်လာပါက မခိုမကပ်ပါနှင့် အလုပ်ချိန်ကို လေးစားပါ။

အဘယ်ကြောင့်ဆိုသော် အလုပ်သည် သင့်ထမင်း
း‌ပွဲပေါ်သို့ ထမင်းဟင်းများကို အရောက်ပေးပို့နိုင်
သည်။ အလုပ်က သင့်အား စုဆောင်းငွေကိုလည်း
ပ်မြင့်သည်။ စုဆောင်းငွေဖြင့် သင်သည် နောင်ရေး
ိတ်အေးမှုကိုလည်း ရနိုင်၍ စုဆောင်းငွေဖြင့် ရင်းနှီး
မြှုပ်နှံမှုကို ပြုပါက ငွေကြေးခနစီးကြောင်းကြီး ဖောက်
ိုင်မည်။ ငွေကြေးခနစီးကြောင်းကြီးအတွင်းသို့ ဒိုင်ဗင်
ထိုးချ၍ ထိုစီးချောင်းကြီးအောက်မှ ပုလဲရတနာများ၊
တ္တမြား ရတနာများကို ပြည်တောင်းနှင့်ခြင်၍ ရယူပါ။

## (စ) ခေါင်းဆောင်မှုနှင့် ဖွဲ့လုံ့လရှိပါ

စီးပွားရေးလုပ်ငန်းတိုင်းတွင် အလုပ်အရွယ် ပမာ
ဏမရွေး၊ နေရာဒေသမရွေး လုပ်ငန်းခွင်ကို ခေါင်းဆောင်
ိုင်မည့်သူနှင့် ဖွဲ လုံ့လရှိသူများသည် မရှိမဖြစ် လိုအပ်
သော အရာနှစ်ခုဖြစ်၏။

ခေါင်းဆောင်မှုနှင့် ဖွဲ လုံ့လသည် လုပ်ငန်းခွင်
တိုင်း၏ အသက်နှင့် အသည်းပင် ဖြစ်၏။ သင်သည်
ခေါင်းဆောင်မှုအရည်အချင်းကို မွေး၍ ဖွဲ လုံ့လကို
တည်ဆောက်ဖို့ လိုပါ၏။

ခေါင်းဆောင်များတွင် အရည်အသွေး ကျွမ်းကျင်
မှု အမျိုးမျိုး ရှိသည်။ ခေါင်းဆောင်တို့၏ အဓိကစွမ်း

ရည်မှာ ဦးဆောင်မှု စွမ်းရည်ပင် ဖြစ်၏။ မိမိပတ်ဝန်းကျင်ရှိ လူများ၏ စွမ်းအားကို ထုတ်ဖော်အသုံးချနိုင်မှုသည်လည်း ခေါင်းဆောင်တိုင်း၏ ရှိအပ်သော အရည်အသွေးဖြစ်၏။

ယနေ့ကာလတွင် ယခင်အခါများနှင့် မတူ အသက်ငယ်ငယ်ရွယ်ရွယ် ခေါင်းဆောင်များကို တွေ့လာရသည်။ ကုမ္ပဏီ ဦးဆောင်ဒါရိုက်တာများသည် အသက် ၃၀ မျှလောက်နှင့် လုပ်ငန်းဆောင်တာများကို ကျွမ်းကျင်စွာ လုပ်ဆောင်လာကြသည်ကို တွေ့ရ၏။ ထို့မျှမက အမျိုးသမီးများပင် ယခုခေတ်ကာလတွင် ခေါင်းဆောင်တာဝန်ကို ယူလာကြသည်ကိုလည်း တွေ့ရ၏။ မသန်စွမ်းသူများလည်း အရေးကြီးသော ရာထူးတာဝန်များကို စွမ်းဆောင်စွာ လုပ်ကိုင်လျက် ရှိကြ၏။ ထို့ကြောင့် ယခုအခါ ဘဝလှေကား အဆင့်ဆင့် တက်လှမ်းနိုင်ရန် အခွင့်အလမ်းများသည် ယခင်အခါများကထက် လွယ်ကူပါ၏။ ထိုအခြေအနေမျိုးတွင် သင်သည် ခေါင်းဆောင်ဖြစ်အောင် ကြိုးစားပါ။

နောက်လိုက်မလုပ်ပါနှင့်။

သို့သော် နောက်လိုက်လုပ်ခြင်းသည် ဘေးတိုက်လိုက် လုပ်နေသည်ထက်တော့ အဆင့်အတန်း မြင့်ပါသည်။

) သပ်သပ်ရပ်ရပ် ရုပ်သွင် ရှိပါစေ

သင်သည် သူဌေးသူကြွယ်ဖြစ်ရန် ရည်မှန်းနေသူ
ဦး ဖြစ်ပါက ယနေ့မှစ၍ သပ်သပ်ရပ်ရပ် ရုပ်သွင်
စေ။ သားနားစွာ မဝတ်နိုင်သည့်တိုင် သပ်သပ်ရပ်ရပ်
ရှိပါ။ ဖြစ်သလို မဝတ်စားပါနှင့်။ ကိုယ့်အလုပ်ရှင်၊
ယ့်လုပ်ဖော်ကိုင်ဖက်များနှင့် ကိုယ့်ဖောက်သည်များ၏
သမှုရရှိသည်အထိ သပ်သပ်ရပ်ရပ်နေပါ။ သပ်သပ်
ရပ်နေထိုင်မှုအတွက် သင့်အား အထင်ကြီးမှု ဖြစ်ပေါ်
စေနိုင်ပါ၏ ။

သင့်ရုပ်သွင်၏ သပ်ရပ်မှုကို ကြည့်ပြီး သင့်၏
ဆင့်ကို အထက်လူကြီးက တိုးမြှင့်ပေးချင်လာအောင်
သင်သည် သပ်သပ်ရပ်ရပ်ရှိပါ။ သင်၏ သပ်ရပ်စွာ
ထိုင်မှုသည် သင့်အား တစ်နေ့ အကျိုးပေးပါမည်။
ရပ်မှုသည် ယောကျ်ားလေးတစ်ဦး ဖြစ်ပါက ရွယ်တူ
းကလေးများ၏ စိတ်ဝင်စားမှုကို ရရှိလာမည် ဖြစ်ပြီး
သင်သည် မိန်းကလေးတစ်ဦးဖြစ်ပါက လင်ကောင်း
ကောင်း ရရှိနိုင်သည့် အခွင့်အလမ်းတစ်ရပ် ဖြစ်
၏ ။

ကဲ ... ဒီလိုဆို ယခုအချိန်မှစ၍ သင်သည်
သပ်သပ်ရပ်ရပ်နေပါတော့။

ပန်းမျိုးတစ်ရာစာပေ

### (ဃ) တစ်ကျပ်ရမည့်အလုပ်အတွက် နှစ်ကျပ်ဖိုးခွန်အား စိုက်၍လုပ်ပါ

ဤနည်းသည် ကျွန်တော်၏ လက်သုံးနည်းလမ်းဖြစ်ပါ၏။ ကျွန်တော်သည် အခြားအားနည်းချက်များရှိ၍ ဝီရိယနှင့် ခွန်အားကို တိုးသုံးခဲ့ရ၏။ ကျွန်တော်သည် လမ်းစဉ် သတင်း ဂျာနယ်တွင် လုပ်စဉ်က ခရီး တစ်ခေါက်ထွက်လျှင် ဆောင်းပါးအပုဒ် လေး၊ ငါးပုဒ်ပါလာအောင် ဆောင်ရွက်ခဲ့၏။ တချို့ဆောင်းပါးများကို နယ်၌ပင် ရေး၍ ယူခဲ့သည်။ တကယ်တော့ ကျွန်တော်သည် လခစားဝန်ထမ်း အယ်ဒီတာတစ်ဦးသာ ဖြစ်ပါ၏။ ထို့ကြောင့် မိုးဗြဲဆည် ဆောက်လုပ်ရေး လုပ်ငန်းအတွက် နယ်သွားရပါက မိုးဗြဲဆောင်းပါးတစ်ပုဒ်ပါလျှင် တာဝန်ကျေပါ၏။ သို့သော် ကျွန်တော်သည် မိုးဗြဲသို့သွားရင်း ပဒေါင်လူမျိုးများအကြောင်း၊ ကယားပြည်နယ်သွား ခရီးသွားဆောင်းပါး၊ ငွေတောင်ဆည်၊ ဘီလူးချောင်း ရေအားလျှပ်စစ်၊ လွိုင်ကော်ဈေးနေ့၊ ခေါင်ရည်ချက်နည်း စသည်ဖြင့် ဆောင်းပါးများစွာ ရအောင် လုပ်ခဲ့၏။

ဤလုပ်ဆောင်ချက်သည် ဝန်ဆောင်မှုလုပ်ငန်း လုပ်ဆောင်သော သူအားလုံး လက်တွေ့လုပ်ဆောင်ရန် ကြိုးစားသင့်သော ကိစ္စဖြစ်ပါ၏။ အလုပ်ရှင်များ အထက်ရာရှိများ၊ အလွန်နှစ်သက်အားရသော လုပ်ရပ်များလည်း

ဖြစ်ပါ၏။ အထက်အရာရှိများ အလုပ်ရှင်များသည် ထိုကဲ့သို့သော လူများကို အားလည်း ကိုး၏။ တန်ဖိုး ထည်းထား၏။ ရာထူးတိုးပေးရန်အတွက်လည်း စဉ်းစား ကြ၏။

သင်က ထိုသို့အလုပ်ပိုလုပ်ပြခြင်းဖြင့် အခြားသူ များလည်း လိုက်လုပ်ခြင်းဖြင့် သင်ကိုယ်တိုင် ဝင်ရောက် လုပ်ကိုင်နေသော လုပ်ငန်းသည် အမြတ်အစွန်း တိုးပွား လာကာ သင်လည်း အတွေ့အကြုံများလာ၏။ သင်ကိုယ် တိုင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုကို လုပ်လာသောအခါ ဝန်ထမ်းဘဝ၊ အလုပ်သမားဘဝကပင် အလုပ်ကို နှစ်ဆ၊ သုံးဆ ပိုလုပ်တတ်သော သင်သည် သင့်ကိုယ်ပိုင် လုပ်ငန်းတွင် အလုပ်ကို ဆယ်ဆပိုလုပ်သော အလေ့ အကျင့် ရရှိလာကာ သင်သည် သူများထက် အလုပ် ဆယ်ဆပိုလုပ်လျှင် ပိုလုပ်သည့် အကျိုးကျေးဇူးကို သင် မုချခံစားရမည် ဖြစ်သည်။

**(င) ရာထူးတိုးအောင် အလုပ်မလုပ်ပါနှင့် သင့်အလုပ် ကောင်းမွန်လွန်း၍သာ ရာထူးရပါစေ**

သင်သည် ရာထူးတိုးတက်အောင်ဟူသော ရည် ရွယ်ချက်ဖြင့် အလုပ်ကို လုပ်ခြင်းထက် တာဝန်ကျေပွန် မှုဟူသော သဘောဖြင့် အလုပ်ကို လုပ်ပါ။ ရာထူးတိုး

အောင် လုပ်ရာတွင် အလုပ်ရှင်အထင်ကြီးအောင် အထက်အရာရှိအားရအောင် လုပ်ခြင်းသည် ဘဝတူ အလုပ်သမားများအား မတရား လုပ်မိတတ်၏။ ဘဝ တွင် သူတစ်ပါးအကျိုးနည်းအောင် လုပ်မိသော အလုပ် လောက် မကောင်းသော အလုပ်သည် မရှိ။ ထိုအရာသည် မကောင်းမှုဖြစ်၍ ကြီးပွားစိတ်ရှိသူများ ဘယ်တော့မှ မလုပ်ပါနှင့်။

ရာထူးသည် ခရစ္စမတ်လက်ဆောင်မဟုတ်ပါ။ သူများပေးမှရမည့်အရာမဟုတ်။ သင်ကြိုးစား၍ရသော အရာ၊ သင်နှင့် ထိုက်တန်၍ ရသော အရာ၊ တန်ရာ တန်ကြေးရသော အရာဖြစ်ပါစေ။ အလုပ်ရှင် အကြိုက်၊ အထက်လူကြီး အကြိုက် မဖြစ်၍ ရာထူးမတိုးလျှင်လည်း နေပါစေ။ အကြိုက်ကိုလိုက်လုပ်တတ်သောအကျင့် သင့် ထံတွင် ပါမလာပါက သင်ကြီးပွားချမ်းသာနိုင်ရန် အခြား အခွင့်အရေးများစွာ ရှိသေး၏။ အကြိုက်လိုက်လုပ်သော အကျင့် သင့်ထံတွင် ရှိပြီဟု ဆိုပါက သင်သည် ဘယ် တော့မှ ကြီးပွားချမ်းသာမည့်သူတစ်ဦး မဟုတ်ပါ။

### (စ) သင်နှင့် တွေ့လာသူမှန်သမျှကို အကောင်းမြင်ပါ

သင်မှန်ရှေ့တွင်ရပ်၍ မှန်ထဲမှ သင့်ကိုယ်ပွား သင့်အရိပ်ကို မဲ့ပြပါ။ သင့်ကိုယ်ပွားအရိပ်ကလည်း သင့်ကို မဲ့ပြမည် ဖြစ်ပါ၏။ သင်က မှန်ထဲမှ သင့်ကိုယ်

ပွား အရိပ်ကို ပြုံးပြပါ။ သင့်ကိုယ်ပွား မှန်ထဲမှ အရိပ်ကလည်း ပြုံးပြမည် ဖြစ်သည်။

မှန်ထဲမှ သင့်အရိပ်ကပင် သင့်ကို ထိုကဲ့သို့ ဆက်ဆံလျှင် အခြားသူများကလည်း သင့်ကို သင့်ကိုယ်ပွား အရိပ်ကဲ့သို့ပင် ဆက်ဆံမည် ဖြစ်ပါ၏။ သင်က သူ့ကို မယုံလျှင် သူကလည်း သင့်ကို ယုံမည် မဟုတ်ပါ။ သင်က သူ့ကို မုန်းလျှင် သူကလည်း ချစ်နေလိမ့်မည်ဟု မမျှော်လင့်ပါနှင့်၊ အမုန်းဟူသည် ဈေးတွင် သွားဝယ်ရသော အရာမဟုတ်၊ နိုင်ငံခြားမှ ဒေါ်လာနှင့် မှာယူတင်သွင်းရသော ပစ္စည်းလည်း မဟုတ်၊ အမုန်းတရားသည် သင့်ရင်ထဲ၌ ရှိသလို သူ့ရင်တွင်း၌ မွေးကတည်းက ပါလာသောအရာဖြစ်၏။

ထို့ကြောင့် သင့်လုပ်ငန်း အောင်မြင်လိုသည်၊ သင် ချမ်းသာကြွယ်ဝလိုသည်ဟု ဆိုပါက သင်နှင့် နေ့စဉ် တွေ့ဆုံ ဆက်ဆံလာရသော သူများကို အကောင်းမြင်ပါ။ မကောင်းမမြင်ပါနှင့်။ ကူနိုင်တာ ကူညီပါ။ အခြားသူများကို မကောင်းမြင်သူ ဝေဖန်သူ၊ ဝေဖန်တတ်သူသည် ထိုလူများအပေါ် ဘယ်တော့မှ ခေါင်းဆောင်မှု အခန်းကဏ္ဍကို ရမည့်သူ မဟုတ်ပါ။ သင်သည် လုပ်ငန်းနှင့် ပတ်သက်သူများ၊ လုပ်ငန်းနှင့် မလွဲမသွေ ဆက်ဆံရသူများကို နှုတ်နှင့်ဖြစ်စေ၊ အမူအရာနှင့်ဖြစ်စေ

မဝေဖန်ပါနှင့်။ BODY LANGUAGEဟူသော စကားရပ်ရှိပါ၏။ ကိုယ်အမူအရာသည် သင့်ရင်တွင်းမှ စိတ်နေသဘောထားကို မပြောဘဲနှင့် တစ်ဖက်လူက သိပါသည်။ သင်မျက်စိ လှုပ်ရှားမှုတစ်ခုတည်းနှင့် မိတ်ဆွေပျက်သွားနိုင်ပါသည်။ သင်သည် မိတ်ဆွေများ၊ ဖောက်သည်များနှင့် ထမင်းစားနေသူဖြစ်ပေရာ ဖောက်သည်ပျက်မည့် လုပ်ငန်းကို ရှောင်ပါ။ သင် မုချ ကြွယ်ဝချမ်းသာမည် ဖြစ်၏။

သင် ဆက်ဆံရေး ညံ့ဖျင်းပါက သင့်ဘဝခရီးတွင် မုန်တိုင်းကို ဆန့်ကျင်ပြီး လျှောက်ရသလို အခက်အခဲများစွာနှင့် မုချတွေ့မည်။ ဤမျှ ခက်ခဲသော ခရီးတွင် သင်သည် အဘယ်မှာ အောင်ပွဲရပါမည်နည်း။ သင်ဆက်ဆံရေးညံ့လျှင် ဘဝ၌ ဆုံးရှုံးမှုများပင် ရတတ်ပါ၏။ အခြားသူများအပေါ် မကောင်းမြင်ခြင်း၊ သံသယအမြဲရှိနေခြင်းသည် စီးပွားရေးလုပ်ဆောင်မှုအတွက် အနှောင့်အယှက် ဖြစ်ပါ၏။ သင့်တွင် သတိရှိရန်သာလိုသည်။ သင်သည် လူများကို မကောင်းမြင်တတ်သော စိတ်ရှိပါက ချက်ချင်း ဖျောက်ဖျက်ပစ်ပါ။ အခြားသူများအပေါ် မကောင်းမြင်သော အယူအဆသည် သင်၏ ဆွေစဉ်မျိုးဆက် အယူအဆဖြစ်ပါက သင့်လက်ထက်တွင် ဖျောက်လိုက်ပါ။ သားသမီးများကို

…က်၍ အမွေမပေးပါနှင့် အကယ်၍ လူများကို …ကောင်းမမြင်ရန် သင့်အဘိုးဖြစ်သူက မှာခဲ့သည်ဟု …ိုပါက သင့်အဘိုးအုတ်ဂူရှိနေသေးလျှင် ယခု မနက် …င် ကတိုက်ကရိုက် ထိုအုတ်ဂူသို့ သွား၍ မိမိအနှစ် …၀ (သို့မဟုတ်) အနှစ် ၅၀ အတွေ့အကြုံအရနှင့် အခြား …သာ ပညာရှင်များ၏ သုတေသနပြုချက် အမျိုးမျိုး …ပြင် သဘာဝ နိယာမတရားတို့အရ ယင်းအယူအဆ …သည် ကောင်းကျိုးမဖြစ်ထွန်းနိုင်သော အယူအဆဖြစ် …၍ မိမိစွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် အဘိုးကိုလည်း …ရောက်ရာဘဝ၌ ထိုအယူအဆကို စွန့်လွှတ်ဖို့ သွား …ရောက် တိုက်တွန်းပါ။ အဘယ်ကြောင့်ဆိုသော် သူဌေး …ဖြစ်ရေး ကြွယ်ဝချမ်းသာရေးတွင် ဤကိစ္စသည် အကြီး …အကျယ် အတားအဆီး ဖြစ်ရုံသာမက ထိုအယူအဆ …သည် ဘဝအညွန့်ကျိုးသော အယူအဆလည်း ဖြစ်ပါ၏။ …ိုက်ဆံချမ်းသာဖို့ကိစ္စသည် လူအများက သင့်ထံတွင် …ိုက်ဆံတွေ တသောသောလာပေးအောင် လုပ်ရမည့် …ကိစ္စဖြစ်ပေရာ တသောသော လာပေးမည့် ပုဂ္ဂိုလ်များ …ကို သင် မကောင်းမြင်နေပါက ဘယ်သူက သင့်အား …ျုးတစ်ပြား လာပေးပါမည်နည်း။

လူများအား မကောင်းမြင်မှုသည် မြတ်စွာဘုရား …ဟောကြားသော မေတ္တာတရားနှင့်လည်း ဆန့်ကျင်မှု …ရှိပါ၏။

ကျွန်တော်တို့ နေ့စဉ် မေတ္တာပို့ရာတွင် –

အရှေ့အရပ်မှာရှိသော သတ္တဝါများ ချမ်းသာကြပါစေ။

အနောက်အရပ်မှာရှိသော သတ္တဝါများ ချမ်းသာကြပါစေ။

တောင်အရပ်မှာရှိသော သတ္တဝါများ ချမ်းသာကြပါစေ။

မြောက်အရပ်မှာရှိသော သတ္တဝါများ ချမ်းသာကြပါစေ။

အထက်ကောင်းကင်၌ရှိသော သတ္တဝါများ ချမ်းသာကြပါစေ။

စသည်ဖြင့် အရပ်ရှစ်မျက်နှာမှ သတ္တဝါများကို ချမ်းသာပါစေဟု မေတ္တာပို့ပြီး သင်နှင့် တွေ့ဆုံ ရင်းနှီးရသော မိတ်ဆွေများအပေါ် မယုံသင်္ကာနှင့် မေတ္တာမထားနိုင်ပါက သင်ကိုးကွယ်သော ဘာသာတရား၏ အယူအဆအပေါ်၌ပင် သင် မတည်ရှိနိုင်သောအဖြစ်သို့ ရောက်နေသဖြင့် ယနေ့မှစ၍ သင်သည် အကောင်းမြင်ဝါဒရှိပါ။ သင်သည် မေတ္တာစိတ်ဓာတ်ထားရှိ၍ သူတစ်ပါးအပေါ် ကြည်လင်သော စိတ်ထားရှိလျှင် သင်စိတ်ကြည်လင်၍ မှုးဝေနောက်ကျိခြင်း ဝေဒနာရှိလျှင်လည်း ထိုဝေဒနာမှ ပျောက်သွားပါမည်။

## (ဆ) ချိုသာသော စကားကို ဆိုပါ

သင်သည် စကားမပြောဘဲနေ၍ မရပါ။ ကြီးပွားချမ်းသာရေးလမ်းကြောင်းကို လျှောက်ရာတွင် ချမ်းသာအောင်လည်း သင့်ပါးစပ်ကပဲ စကားများပြောရ၍ မချမ်းသာ မအောင်မြင်အောင်လည်း သင့်ပါးစပ်ကပဲ စကားလုံးများ ထွက်ရပါမည်။ သင်သည် လုပ်ငန်းဆောင်ရွက် အကောင်အထည်ဖော်ရာတွင် ဘယ်နေရာ ဘယ်ကွေ့မှာပဲဖြစ်ဖြစ် ချိုသာသော စကားကို ဆိုပါ။ တစ်ပါးသူ နားလည်မည့် ဘာသာစကားနှင့်သာပြောပါ။ အင်္ဂလိပ်စာ မတတ်သူများအကြားတွင် အင်္ဂလိပ်လို တစ်လုံးတလေမှ မိမိအား အထင်ကြီးလာစေရန် မပြောပါနှင့်။ ဘာမျှ အသုံးမဝင်ပါ။

သင်သည် ချိုသာသောစကားကို ဆိုရုံသာမက တစ်ပါးသူပြောသောစကားကိုလည်း သေချာစွာ ဂရုစိုက်နားထောင်ပါ။ သူကျေနပ်လောက်အောင် ပြောသည်အထိ နားထောင်ပါ။ သင်သည် စကားအပြောကောင်းသူတစ်ဦးဖြစ်ဖို့ထက် စကားချိုချိုသာသာ ပြောတတ်သူဖြစ်အောင် နားဝင်ချိုအောင် ပြောတတ်သူဖြစ်အောင်ကြိုးစားပါ။ ထို့နောက် သူတစ်ပါးပြောသမျှကို သေချာစွာ သင် နားထောင်ပါ။ နားထောင်ဖြစ်အောင် လေ့ကျင့်ယူပါ။

## (၈) စိတ်ကောင်းထားပါ

သူဌေးဖြစ်စေမည့် ငွေပုံကြီးရှိရာသို့ သွားသည့် ခရီးလမ်းတွင် သင်သည် စိတ်ကောင်းထားပါ။ ပေါ်လာသော ပြဿနာအရပ်ရပ်ကို စိတ်ကောင်း စေတနာကောင်းနှင့် မျှမျှတတ ဖြေရှင်းပါ။ အမရပူရ ကျမ်းပြုအကျော် မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသက–

စိတ်ဆိုး စိတ်ယုတ် ရှိသူများသည်
ဒါနပင် ပြုပြု
သီလပင် ဆောက်တည် ဆောက်တည်

ဘာဝနာ ကမ္မဋ္ဌာန်းပင် စီးဖြန်းစီးဖြန်းမည်သည့် ကုသိုလ် အလုပ်ကိုပင် လုပ်စေကာမူ ထိုအလုပ်တွင် ရိုးသားဖြူစင်သည်ဟု မမှတ်ယူထိုက်။ စိတ်ရင်းမကောင်းသူများ၏ ကုသိုလ်ကံ အကျိုးပေးများသည် ကောင်းကောင်းမွန်မွန် စင်စင်ကြယ်ကြယ် မရှိ။

လောကကဦ မိမိကိုယ်ကို ဖြူစင်အောင် ထားရေးသည် အလွန်ပင် အရေးကြီး၏။

မိမိစိတ်ကို သန့်စင်အောင် ပြုလုပ်ပါက–
သဒ္ဓါထူး ပညာထူးသည် ပေါ်ပေါက်၏။
သူတော်စင်ဘဝသို့ ရောက်၏။

ဟု ဆုံးမ၏။

ပန်းမြို့တစ်ရာစာပေ

စိတ်ကောင်းမထားနိုင်လျှင် သူဌေးမဖြစ်သည်က …ကောင်းပါ၏။ စိတ်ကောင်းရှိဖို့ ပထမဟူသော စာအုပ် …ကို လေ့လာစေလိုပါသည်။

## (…) ပြဿနာကို ဆင်ခြင်တုံတရားနှင့် ဖြေရှင်းပါ

လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ရာတွင် …ပြဿနာသည် ပေါ်ပေါက်မြဲ ဖြစ်သည်။ ပြဿနာဟူ …သည် မဖြေရှင်းမီ စပ်ကြားရှိနေသော ရှုပ်ထွေးမှုဖြစ်၏။ …ပြဿနာဖြစ်လာတိုင်း ယင်းပြဿနာကို ဖြေရှင်းနိုင်သော အမြင်သဘောထား ရှိရမည်။ အခက်အခဲကို ဖြေရှင်း …နိုင်သောအမြင်သဘောထား ရှိရမည်။ အခက်အခဲကို …ရင်ဆိုင်ကျော်လွှားလိုစိတ်ကို မွေးပါ။ အလျှော့ပေး …အရှုံးပေးခြင်း မပြုပါနှင့်။ စဉ်းစားတွေးခေါ်မှု ရှိပါစေ။ …အဖြေသစ် ရှိပါစေ။ ဆင်ခြင်တုံတရားတို့ဖြင့် ရင်ဆိုင်ဖြေ …ရှင်းပါ။ ပြဿနာကို အကြမ်းနည်းနှင့် ဒေါသနှင့် မဖြေ …ရှင်းမိရန် သင့်စိတ်ကို အစဉ်ချုပ်တည်းပါ။

## (ည) ကိုယ်က စံနမူနာပြပါ

သင်ကိုယ်တိုင်သည် စံပြဖြစ်ပါစေ။ သင်ကိုယ် …တိုင် မလေ့လာ မသုံးသပ်ရသော ကိစ္စရပ်များနှင့် သင် …ကိုယ်တိုင် မပြင်ဆင်ရသေးသော ကိစ္စများကို အခြား …သူများအား မခိုင်းပါနှင့်။

ပန်းမျိုးတစ်ရာစာပေ

## (၄) အခြားသူများ အစက်အစဲရှိသော ကိစ္စရပ်များကို သင်စွမ်းဆောင်နိုင်အောင် ကြိုးစားပါ

## (၅) လုပ်ငန်းတိုင်းကို ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ပါ

သင်သည် လုပ်ငန်းတိုင်းကို ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ပါ။ သင့်တွင် အပေါ်စီးမှ မြင်သည့်အမြင်မျိုး ရှိပါစေ။ ခြုံငုံသုံးသပ်သော ကျယ်ပြန့်သည့်စိတ်ရှိပါ။ သင်က ဝန်ထမ်းဆိုပါက ဦးဆောင် ဒါရိုက်တာ၏ အမြင်မျိုး သင့်တွင် ရှိပါစေ။ ထိုသို့သော အမြင်ရှိခြင်း အားဖြင့် ကုမ္ပဏီ၏ ကျယ်ပြန့်သော ရည်ရွယ်ချက်များ ကို နားလည်သဘောပေါက်အောင် လေ့လာပါ။ အလုပ် များကိုလည်း ရည်မှန်းချက်များနှင့်အညီ အံဝင်ခွင်ကျ လုပ်တတ်အောင် ကြိုးစားပါ။ ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်တတ်သူသည် နေရာတကာတွင် တပန်းသာပါ သည်။

## (၃) နည်းလမ်းဆယ်ခု ရေးချပါ

နံနက်တိုင်း သင်သည် သင် လုပ်ဆောင်မည့် လုပ်ငန်းအတွက် ထိရောက်စွာ လုပ်နိုင်မည့် နည်းလမ်း ဆယ်နည်း ရေးချပါ။ သင်သည် သင့်မိဘရပ်ထံ ပြန် မည်ဆိုပါက ဘယ်လိုပြန်မည်။ ဘာကြောင့်ပြန်မည်။

ပန်းမျိုးတစ်ရာစာပေ

ဘာလုပ်မည် စသည်ဖြင့် ဆယ်ချက် ရေးထားပါ။ သင် အိမ်ထောင်မပြုသေးပါက အိမ်ထောင်ပြုရန်အတွက် အချက်ဆယ်ချက် နည်းလမ်းဆယ်ခု ရေးထားပါ။ ဆွဲည်းတစ်ခု စွဲအောင် ရောင်းမည်ဆိုပါကလည်း နည်း လမ်းဆယ်ခုကို ရေးထားပါ။ သင်ဘာလုပ်လုပ် ဘယ် သွားသွား စာရွက်ပေါ်တွင် သင်ရေးထားသည့် ထိုနည်း လမ်းဆယ်ချက်ကို ယူသွားပါ။ သင်ရေးသားထားသည့် အတိုင်း နည်းလမ်းဆယ်ချက်ကို လိုက်နာဆောင်ရွက် ရန် မလွှယ်ကူပါ။ သို့သော် နည်းလမ်းဆယ်ချက်ကို အား ရေးဖြစ်အောင် ရေးပါ။ နည်းလမ်းဆယ်ချက် သင်ဆောင်ထားခြင်းဖြင့် သင့်စိတ်ဝယ် လုပ်ငန်းအဆင် ပြေ ထိရောက်စေမှုများ ကိန်းအောင်းလာပြီး လုပ်ငန်း များ အဆင်ပြေ အကျိုးသက်ရောက်မှု ရှိလာပါမည်။ လေ့ကျင့် ဆောင်ရွက်ပါ။

### (၁) စိတ်ဓာတ်မကျပါနှင့်

သင်သည် ဘဝခရီးလမ်းကို ရင်ဆိုင်လျှောက် လှမ်းရာတွင် စိတ်ဓာတ်မကျပါနှင့်။ စိတ်ဓာတ်ကျလျှင် ကျကျနှင့်ပဲ ဆက်လုပ်ပါ။ ဘဝခရီးလမ်းကို လျှောက် လှမ်းရာတွင် မိမိ၏ တိုးတက်မှုနှင့် အောင်မြင်မှုတို့ အတွက် အပိတ်အဆို့များ၊ ဆန့်ကျင်မှုများ၊ ခြိမ်းခြောက်

မှုများနှင့် ရင်ဆိုင်ရတတ်ပါသည်။ ထိုကဲ့သို့သော အခြေအနေမျိုး ကြုံရသည့်တိုင် စိတ်ဓာတ်မကျပါနှင့်။ ထိုသို့သော ကိစ္စများသည် စီးပွားရေးလုပ်ငန်းများရုံးဌာနအဖွဲ့အစည်းများတွင် တွေ့ကြုံရမြဲဖြစ်သည့် ဓမ္မတာကိစ္စများ ဖြစ်ပါ၏။

## (ဏ) အဆိုးမြင်ဝါဒ ရှောင်ပါ

လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ရာတွင် ဘယ်သောအခါမှ အဆိုးဘက်မှ မမြင်ပါနှင့်။ အပြုသဘောမြင်နိုင်အောင် ကြိုးစားပါ။ သူ့ဘက်ကရော ကိုယ့်ဘက်ကပါ မျှတစွာ မြင်တတ်ပါစေ။ အပြုသဘောသည် အလွန်မှ အင်အားကောင်းပါသည်။ အရေးလည်းကြီးပြီး အပြုသဘောဆောင်သော စဉ်းစားမှုသည် စွမ်းအင်ရှိသော အတွေးအခေါ်လည်း ဖြစ်ပါ၏။

အရာရာကို အဆိုးမြင်တတ်သူ၊ မကောင်းမြင်တတ်သူသည် လုပ်ငန်းများ ဘယ်တော့မှ အောင်မြင်ပြီးမြောက်မည့်သူ မဟုတ်ကြောင်း သင် ယုံကြည် စွဲမြဲစွာ မှတ်သားထားပါ။

## (တ) ဒေါသကို ချုပ်တည်းပါ

သင်သည် အောင်မြင်မှုကို ရယူလိုပါက ဒေါသကို လုံးဝ ချုပ်တည်းထားပါ။ ဒေါသမရှိရဟူ၍

မဆိုလိုပါ။ ဒေါသကို ချုပ်တည်းနိုင်သမျှ ချုပ်တည်းပါ။ ဒေါသတရားနှင့် မည်သူမျှ ရင်မဆိုင်လိုပါ။ မိဘ ဒေါသထွက်လျှင် သားသမီးတို့ကပင် ရှောင်တတ်ကြပေရာ ဒေါသထွက်နေသောသူတစ်ဦးသည် အနိုင်ရအောင် ဘယ်သောအခါမှ မစွမ်းဆောင်နိုင်ပါ။ ဒေါသသည် အရှုံးတရားဖြစ်ပါသည်။ ဒေါသကို ချုပ်တည်းပါ။ သင့်တွင် ဒေါသရှိပါက ဝိပဿနာကမ္မဋ္ဌာန်းတရားများ ပွားများ၍ ဒေါသကို ချုပ်တည်းပါ။ မေတ္တာတရားသည် ဒေါသကို ချုပ်ငြိမ်းစေနိုင်သည့် သတ္တိရှိပါ၏။ ဒေါသကို စီးပွားပျက်စီးရာ ပျက်စီးကြောင်း၊ လုပ်ငန်းပျက်ရာ ပျက်ကြောင်း မိတ်ဆွေခေါင်းပါးရာ ခေါင်းပါးကြောင်း အခြေခံတရားဖြစ်၍ သူဌေးဖြစ်လိုသူတိုင်းဒေါသကို ရှောင်ပါ။

## (ထ) စိတ်မကောက်ပါနှင့်

လုပ်ငန်းလုပ်ဆောင်ရာတွင် တစ်ဦးနှင့်တစ်ဦး အမြင်မတူတာလွဲမှားတာ ချွတ်ချော်တာများ ရှိနိုင်ပါသည်။ ထိုအခါမျိုးတွင် စိတ်မကောက်ပါနှင့် စိတ်ကောက်ခြင်းသည် အချိန်ကုန်သည့်အပြင် အခြားသူတော့ မည်သို့ ရှိသည်မသိ။ စိတ်ကောက်နေသောသူ၏ စိတ်သည် အမှန်ပင် ညစ်ထေးနေရာ စိတ်မကြည်မလင် ဖြစ်နေရသည်ဟု ဆိုပါက ဘယ်မှာ ကောင်းပါမည်နည်း။

## (၁) ရန်တုံ့ရန်ငြိုး မထားပါနှင့်

စီးပွားရေးလုပ်ရာတွင်ဖြစ်စေ၊ အခြားလုပ်ငန်းများ လုပ်ဆောင်ရာတွင်ဖြစ်စေ ရန်တုံ့ရန်ငြိုး မထားပါနှင့်။ ခွင့်လွှတ်တတ်ပါစေ။

## (၈) လစာတိုးအောင်လုပ်ပါ

သင်သည် လစာတိုးအောင်လုပ်ပါ။ သို့မှ သင်သည် စုဆောင်းမှုလည်း ပို၍ လုပ်ဆောင်နိုင်မည် ဖြစ်၏။ စုဆောင်းမှု ရှိလာသည့်ငွေကို ရင်းနှီးမှု၊ မြှုပ်နှံမှု ပြုနိုင်ကာ ထိုသို့ ရင်းနှီးနိုင်မှသာ ကန့်သတ်မဲ့ဝင်ငွေ ရရှိလာမည် ဖြစ်၏။

သင့်လစာတိုးမြှင့်စေရန် အကောင်းဆုံးနည်းမှာ အလုပ်ကို တသမတ်တည်း စိုက်လိုက်မတ်တပ် လုပ်ဆောင်ရန် ဖြစ်ပါ၏။ သင်သည် အလုပ်တွင် ထူးချွန်သော လုပ်ဆောင်မှုများကို ပြသပါ။ သင်သည် ထူးချွန်စွာ လုပ်ဆောင်နိုင်သည်ဟု ဆိုပါက သင့်လုပ်ငန်းပိုင်ရှင်သည် အမြော်အမြင်ရှိသူ ဖြစ်ပါလျှင် သင့်အား မုချ လစာတိုးပေးမည် ဖြစ်သည်။ သင်က ထူးချွန်အောင် လုပ်ဆောင် ပြသပါလျက် လစာတိုးပေးရန်အတွက် မသိချင်ယောင်ဆောင်နေသော အလုပ်ရှင်၏ လုပ်ငန်းသည် ကြီးထွားရန် လမ်းစမရှိသောကြောင့် ယင်းအလုပ်

မှ အမြန်ဆုံး စွန့်ခွာရန် ကြိုးစားပါ။ မိမိဆွေမျိုးမှ တပည့်မှ ရာထူးတိုးပေးသော လုပ်ငန်းဌာန ကုမ္ပဏီ းသည် မကြီးပွားနိုင်သော အရပ်ဒေသ၊ မသင့်တင့် ယျက်ပတ်သောအရပ်၊ မင်္ဂလာတရားနှင့် မညီညွတ် သာ အရပ်ဖြစ်၍ အမြန်စွန့်ခွာပါ။ သင့်လို တသမတ် ည်းလုပ်သူ ထူးချွန်စွာ လုပ်လိုသူတို့အတွက် အလုပ် းပါ။

**လစာတိုးတက်ရရှိအောင် သင်သည် ဘယ်တော့ လက်ဖြန့်မတောင်းပါနှင့်။ ထူးချွန်အောင်လုပ်ပြီး လုပ်ရှင်က အလိုလို ဒူးထောက်တိုးပေးသော လစာ းကို သင်နှင့် သင့်မိသားစု မြိန်မြိန်ယှက်ယှက် စား ုံးပါ။**

**) ဝင်ငွေနှစ်ခု ရရှိအောင် ကြိုးစားပါ။**

သင်သည် ရင်းနှီးမြှုပ်နှံရန်အတွက် စုငွေကို းများနှင့် မြန်မြန်ရရှိရန် လိုအပ်သူဖြစ်ပါ၏။ စုငွေ းများ စုဆောင်းနိုင်ရန် ဝင်ငွေနှစ်ခုရရှိအောင် ကြိုးစား င့်ပါ၏။

သင့်မိသားစုတွင် သင်က ရုံးလုပ်ငန်းလုပ်လျှင် င့်ဇနီးဖြစ်စေ၊ သင့်သားဖြစ်စေ၊ စာအုပ် အငှားဆိုင် ်ထားတာမျိုးကို လုပ်ဆောင်ရန် ဖြစ်ပါ၏။ တစ်ဖန်

သင်တို့ ဇနီးမောင်နှံ လက်ထပ်ပြီးပါက နှစ်ဦးစလုံး အလုပ်ဝင်လုပ်ကာ တစ်ဦး၏ ဝင်ငွေနှင့် လောက်အောင် စားပါ။ ခြိုးခြံ၍ စားပါ။ ကျန်ဝင်ငွေကို စုဆောင်းပါ။ သင်က တစ်လလျှင် ၃၀၀၀ိ သင့်ဇနီးက ၃၀၀၀ိ ရှိပါလျှင် သင်တို့ အိမ်ထောင်စုသည် သက်သောင့်သက်သာ စားသုံးနိုင်သည့်အပြင် ၁၂.၅ ရာခိုင်နှုန်း စုဆောင်းနိုင်မည် ဖြစ်ပါ၏။ ဝင်ငွေတစ်လ ၃၀၀၀ိ သာ ရှိသော မိသားစုသည် ၅ ရာခိုင်နှုန်း စုဆောင်းရေးအတွက် ပင် အလွန်မှ ခက်ခဲပါ၏။

ဝင်ငွေကို တစ်ဖက်တစ်လမ်းမှ သာမက နှစ်ဖက်နှစ်လမ်းမှ ဝင်ငွေရရှိရေး ကိစ္စများကို စဉ်းစားရန် ဖြစ်ပါ၏။ မိမိသည် ကုမ္ပဏီ မန်နေဂျာလုပ်ရင်း စာရေးသားပါ။ စာရေးခြင်းမှ အပိုဝင်ငွေ ရရှိလာနိုင်ပါ၏။ အပိုဝင်ငွေကို မဖြုန်းတီးပါနှင့်။ စုဆောင်း၍ အမြော်အမြင်ရှိစွာ ရင်းနှီးမြှုပ်နှံပါ။



## အခန်း (၅)

# သင့်စိတ်ထားသည် အဓိကအကျဆုံး

ဤစာအုပ်တွင် ကျွန်တော်တို့သည် ဝင်ငွေသုံးမျိုးရှိကြောင်း၊ ယင်းဝင်ငွေသုံးမျိုး၏ ဝင်ငွေလမ်းကြောင်းကို ချဲ့ရန်တင်ပြခဲ့ပါ၏။

ထို့နောက် ငွေရှာရာတွင် ကျွမ်းကျင်မှုသည် အဓိက လိုအပ်မှုဖြစ်ကြောင်း ရှင်းလင်း ပြောကြားခဲ့ပါသည်။

ပြီးမှ ငွေရှာတော့မည်ဟု ဆိုပါက သင့်စိတ်ဓာတ်နှင့် ပတ်သက်လုပ်ဆောင်သည့် နည်းစနစ်နှင့် ပတ်သက်၍ ပြောင်းလဲသင့် ပြောင်းလဲထိုက်သည်များကို

ရေးသားခဲ့သည်။ ဤအချက်များသည် အရေးကြီးသော
အချက်များ ဖြစ်သည်။ သည် ချမ်းသာ ကြွယ်ဝအောင်
လုပ်နိုင် မလုပ်နိုင်ဟူသော ကိစ္စတွင် အခန်း(၄)
(က)မှ (န)အထိ တင်ပြသော အချက်များအနက်
သင် ဘယ်လို သဘောထားသည်။ သင် ဘယ်လောက်
လိုက်လံလုပ်ဆောင်နိုင်သည်ဟူသော အချက်များသည်
အရေးကြီးလှပါသည်။

ထို့ကြောင့် အခန်း–၄ ကို သင်သည် ကျေညက်
အောင် ဖတ်ပါ။ ထပ်ခါထပ်ခါ လေ့လာပါ။ ယင်
အကြောင်းအရာများကို ဖတ်ရှု၍ သင့်စိတ်ဓာတ်ကိုလည်
ပြောင်းလဲပစ်နိုင်အောင် ကြိုးစားပါ။ သင့်စိတ်ဓာတ်
မပြောင်းလဲနိုင်သေးသမျှ ရှေ့အခန်းတွင် ဆက်လ
ဖော်ပြမည့် ငွေရှာသည့် လမ်းစများအခန်းကို မဖတ်
နှင့်။ သင့်စိတ်ဓာတ် မပြောင်းလဲနိုင်အောင် အကော
ဆုံး ငွေရှာနည်းများကို သင် သိရှိဖတ်ရှုမိသည့်တို
သင်သည် သူကြွယ်ဖြစ်ထိုက်သူတစ်ဦး မဟုတ်သေး
အခန်း–၄ ကို ပြန်လှန်လေ့လာကာ သင့်စိတ်ဓာတ်
ကြံ့ခိုင်အောင် ကြိုးစားပါဦးဟု အကြံပေးလိုပါ၏
ချမ်းသာကြွယ်ဝအောင်သော် လည်းကောင်း၊ တိုးတ
ကြီးပွားအောင်သော် လည်းကောင်း၊ လုပ်ဆောင်ရာတ
သင့်စိတ်ဓာတ်သည် အဓိက အကျဆုံးအရာ ဖြစ်
သည်။

စိတ်ကောင်း မရှိသူများ ချမ်းသာလျှင် အကျိုးယုတ်မှု ပိုများတတ်၍ ထိုသူများအား မချမ်းသာစေလိုပါ။



## အခန်း (၆)

# စီမံခန့်ခွဲမှုဖြင့် ငွေရှာပါ

စီမံခန့်ခွဲမှုပညာသည် အထူးအဆန်းပညာ မဟုတ်။ ကျွန်တော်တို့အဖေရော အမေပါ တတ်မြောက်သည့်ပညာဖြစ်ပါ၏။ အဖေနှင့် အမေသည် မိသားစုကိစ္စအဝဝကို နေ့စဉ် စီမံခန့်ခွဲနေသူများ ဖြစ်၏။

မိဘနှစ်ပါး၏ စီမံခန့်ခွဲမှုကို ကျွန်တော်တို့ ငယ်စဉ်မှစ၍ လက်ပွန်းတတီး ရှိခဲ့ပြီး ဖြစ်၏။ ဤမျှလောက် တတ်လျှင် ကျွမ်းကျင်မှု နည်းနည်းထပ်ထည့်ပါ။ သင်သည် စီမံခန့်ခွဲမှူးကြီးတစ်ဦး ဖြစ်ပြီဖြစ်၏။

မန်နေဂျာအလုပ်၊ ကူလီခေါင်းအလုပ်၊ ကြီးကြပ်ရေးမှူးအလုပ်၊ အုပ်ချုပ်ရေးမှူးအလုပ်၊ ကိုယ်စားလှယ်အလုပ်၊ ကောက်စိုက်သမခေါင်းအလုပ် စသည်များသည် စီမံခန့်ခွဲမှု အလုပ်များ ဖြစ်၏။

သင်သည် ဤအလုပ်ဖြင့် ငွေရှာလို့ရသည်။

စီမံခန့်ခွဲမှုဖြင့် ငွေရှာခြင်းသည် သက်သာပြီး ဆရာလုပ်၍ ရကာ အကျိုးထူးများသော အလုပ်ဖြစ်သည်။

ကျွန်တော်သည် မလေးရှားသို့ သွားရာတွင် မလေးရှားနိုင်ငံတွင် မြန်မာအလုပ်သမားများ လုပ်ရသည့် အလုပ်များကို သွား၍ လေ့လာ၏။ ဆောက်လုပ်ရေးလုပ်ငန်းများဖြစ်၏။ သူဌေးသည် တစ်ချိန်တည်းတွင် ပီနန်မြို့အနှံ့အပြားတွင် သာမက မြစ်တစ်ဖက်ကမ်း ဘာတာဝပ်တွင်ပါ သူ့လုပ်ငန်းခွင်များ ရှိ၏။ သူသည် အဆောက်အအုံဆယ်ခုလောက်ကို တစ်ပြိုင်နက် ဆောက်နေ၏။ သို့သော် သူ့ကိုယ်အား ဆယ်ခု မပွားနိုင်ပါ။ ထိုအခါ သူ့အလုပ်ခွင်တစ်ခုစီတွင် သူ့ကိုယ်စား အလုပ်သမားများထဲမှ ကြီးကြပ်မည့်သူတစ်ဦးကို ပိုက်ဆံပိုပေးကာ ခန့်ထား၏။ ထိုပိုက်ဆံပိုရသော ကြီးကြပ်ရေးမှူးဆိုသူက မိမိတာဝန်ယူရသော အလုပ်ခွင်ကို ကြီးကြပ်စီမံရ၏။

အလုပ်ခွင်တစ်ခုတွင် အလုပ်သမားနှစ်ဆယ်ဦးခန့်ရှိ၏။ အချို့ဘိလိပ်မြေထည့်သည်။ အချို့က ဘိလပ်မြေသယ်ပြီး လောင်းသည်။ အချို့ သစ်သားတန်းများ ရိုက်သည်။ သူဌေးမရှိပါက အလုပ်သမားများသည် အေးအေးသက်သက် လုပ်ကြမည်ဖြစ်ရာ အလုပ်မတွင်ကျယ်ပါက သူဌေးအရှုံးပေါ်မည် ဖြစ်၏။ အလုပ်သမားများ လုပ်ငန်းခွင်၌ မခိုကပ်စေရန် ယင်းကြီးကြပ်သူက သူဌေး၏ကိုယ်စား လုပ်ရ၏။

အလုပ်ချိန်မှာ နံနက် ၈ နာရီမှ ၁၂ နာရီထိ တစ်ကြိမ်၊ ညနေ ၂ နာရီမှ ၅ နာရီထိ တစ်ကြိမ်ဖြစ်၏။ နံနက် ၈ နာရီမှ ၁၂ နာရီ၊ ညနေ ၂ နာရီမှ ၅ နာရီ အလုပ်ချိန်တွင် အလုပ်သမားများသည် တရစပ် အလုပ်လုပ်ကြရမည်။ နားချိန်မရ။ ဆေးလိပ်သောက်ချိန်မရ။ ပျားများလို လူးလားဆန်ခတ်သွားပြီး တရစပ် လုပ်ရသည်။ ထိုသို့ မလုပ်ပါက သူဌေးကိုယ်စားလှယ် အလုပ်သမားခေါင်းသည် ချက်ချင်း ရောက်လာပြီး "လုပ်–လုပ်"ဟူ၍ ကြာပွတ်နှင့် မရိုက်သည်မှအပ အတင်းအကြပ် ခိုင်း၏။ ထိုသို့တစ်နေ့လုပ်ပါက မလေး ၂၅ ဒေါ်လာလောက်ရ၏။ တစ်နေ့ မလေး ၂၅ ဒေါ်လာ လောက်ရသောအလုပ်ကို မြန်မာလူငယ် အလုပ်သမားများကလည်း အလုပ်ပြုတ်မခံနိုင်ကြပါ။ ထို့ကြောင့် သူ့နိုင်ငံသူ့အရပ်တွင် သူတို့ခိုင်းသလို လုပ်ကြရ၏။

အိမ်သာတက်ပါက တစ်ကြိမ်တက်လျှင် ငါးမိနစ်သာ တက်ရ၍ ငါးမိနစ်ထက် ပိုကြာလျှင် အလုပ်သမားခေါင်းဆောင်လုပ်သူသည် အိမ်သာအား သွား၍ တဘုန်းဘုန်းနှင့် ပုတ်တော့၏။ အလုပ်ချိန်အတွင်း အပေါ့အလေးသွားချိန်မပေးဘဲ ခိုင်း၏။ ထိုအလုပ် လည်ပတ်စေရန် အလုပ်သမားခေါင်း၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါ၏။ အလုပ်သမားခေါင်းအလုပ်သည် အလုပ်သမားများလို ပင်ပင်ပန်းပန်း မလုပ်ဘဲ ငွေပိုရသဖြင့် လုပ်သင့်သောအလုပ် ဖြစ်၏။

ဟိုတယ်လုပ်ငန်းရှင်တစ်ဦးသည် စီမံခန့်ခွဲသူတစ်ဦးရရှိတိုင်း သူ့အတွက် ဟိုတယ်တစ်လုံး အသစ်ထပ်မံ တည်ဆောက်၍ ရ၏။

စီမံခန့်ခွဲသည့် အလုပ်သည် မိမိစီမံခန့်ခွဲသော လုပ်ငန်းကို အတော်အတန် ကျွမ်းကျင်ရသည်။ စေ့စပ်သေချာမှု ရှိရသည်။ အလုပ်ရှင်အပေါ် သစ္စာရှိရသည်။ ထိုအရည်အချင်းများသည် လူတိုင်း လေ့ကျင့်၍ ရသော အရည်အချင်းများ ဖြစ်ပါ၏။

၁။ အခြားသူများလောက် မပင်ပန်းဘဲ အခြားသူများထက် ဝင်ငွေပို၍ရ၏။

၂။ မိမိကိုယ်မိမိ ယုံကြည်မှု၊ ကြံ့ခိုင်မှု၊ စိတ်ဓာတ်မြင့်မားမှု ရှိလာသည်။

၃။ အခြားသူပိုင်ပစ္စည်းကို စောင့်ရှောက်ပေးရသဖြင့် ကိုယ်ပိုင်ပစ္စည်းကို တိုးပွားအောင်လုပ်လာရသောအချိန်တွင် ထိုအလေ့အကျင့်များသည် အကျိုးထူး မြောက်မြားစွာရသည်။
၄။ လုပ်ငန်းအတွေ့အကြုံများစွာ ရရှိလာသည်။
၅။ မိမိကိုယ်တိုင် ပိုင်ရှင်ဖြစ်ဖို့ အလွန်နီးစပ်၏။

ထို့ကြောင့် ဝင်ငွေ ရှာရာတွင် အုပ်ချုပ်ရသောအလုပ်၊ စီမံခန့်ခွဲရသော အလုပ်များကို စိတ်ဝင်စားသင့်၏။

ရုံးများတွင် ရုံးအုပ်ကြီးများသည် ရုံးစီမံခန့်ခွဲမှုကိုသာ အဓိကထားလုပ်ကြသူများ ဖြစ်သည်။ ဌာနဆိုင်ရာ အကြီးအကဲ၏ကိုယ်စား ဘယ်သူအလုပ်ကြိုးစားသည်။ ဘယ်သူရုံးနောက်ကျသည်။ ဘယ်သူအပြင်ထွက်၊ မထွက် စသည်တို့ကို ကြီးကြပ်ရသောအလုပ်ကိုလုပ်ဆောင်ရသူဖြစ်၏။ လုပ်ငန်းခွင်တိုင်း၌ ထိုကဲ့သို့သော လူမျိုးသည် တကယ်လိုအပ်သည်။

ကျွန်တော် သစ္စားစိုက်ပျိုးသောအခါ လယ်တစ်ကေလျှင် နှစ်ဦးကျဖြင့် ကေ ၄၀ အတွက် ပေါင်းသင်မြက်ခုတ်ရန် လူ ၈၀ ခန့်ထား၏။ ကျွန်တော့်မိတ်ဆွေက လူ ၂၀ တွင် ကြီးကြပ်သူတစ်ဦးနှုန်းဖြင့် ကြီးကြပ်သူအလုပ်သမားလေးဦး ခန့်ထားရန် ပြောပါ၏။ ထို

လေးဦး၏ လစာမှာ သာမန်အလုပ်သမားဆယ်ဦး၏ လစာနှင့်ညီနေပါ၏။ ထို့ကြောင့် ကျွန်တော်က ကြီးကြပ်စီမံသူ လေးဦးခန့်မည့်အစား နောက်ထပ် အလုပ်သမား ဆယ်ဦးထပ်ခန့်ပါက အလုပ်ပို တွင်ကျယ်မည့်အကြောင်း တင်ပြရာ ကျွန်တော့်မိတ်ဆွေက အလုပ်လုပ်ရာတွင် ဂဏန်းသင်္ချာလို သုံးချက်တွက်နည်းဖြင့် တွက်၍ မရကြောင်း၊ လက်တွေ့စမ်းသပ်ကြည့်စေလိုကြောင်း ပြော၏။

ထို့ကြောင့် ကြီးကြပ်သူလေးဦးအား မခန့်ဘဲ လူဆယ်ဦးကို ခန့်ထား၍ အလုပ်လုပ်စေရာ လယ်ကေ ၄၀ အတွင်း သစ်ပင်ကို ကွယ်၍ အိပ်သူကအိပ်၊ အချောင်ခိုသူကခို၊ ဆေးလိပ်ဖွာသူက ဖွာဖြင့် အလုပ်မတွင်ကျယ်သည်ကို ချက်ချင်း သိလာရ၏။

ထို့ကြောင့် ကျွန်တော့်မိတ်ဆွေ အကြံပေးသည့်အတိုင်း ခန့်ထားသော ဆယ်ဦးကို လျှော့ပြီး ကြီးကြပ်သူလေးဦးခန့်၍ ဆောင်ရွက်ရာ ယခင်ကထက် အလုပ်နှစ်ဆ ပို၍ ပြီးလာသည်ကို တွေ့ရပါ၏။

ထို့ကြောင့် လုပ်ငန်းခွင်များတွင် စီမံခန့်ခွဲသူ၊ ကြီးကြပ်သူများအဖြစ် လေ့ကျင့်ပျိုးထောင်၍လည်း ငွေကြေးရှာဖွေနိုင်ကြောင်း တင်ပြခြင်းဖြစ်သည်။

ဤကိစ္စသည် ငွေပိုမိုရရှိခြင်း၊ အတွေ့အကြုံရရှိ(ခြ)င်းတို့ကြောင့် ဤနည်းသည် ရင်းနှီးမြှုပ်နှံမှုပြုရန်(အ)တွက် စုဆောင်းငွေရှာရာတွင် အသုံးပြုသင့်သော (န)ည်းလမ်းတစ်ရပ်အဖြစ် အကြံပေးလိုပါ၏။

စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုလုပ်ငန်းသည် သူ့အဆင့်(အ)လိုက် နေရာတကာတွင်ရှိသည်။ အလုပ်သမားခေါင်းမှ(သ)ည် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ရာထူး(အ)ထိ လုပ်ငန်းများတွင် စီမံ ခန့်ခွဲမှု၊ အုပ်ချုပ်မှုသဘော(တ)ား ပါဝင်လျက် ရှိပါ၏။ ကျွန်တော့်တွင် ကွန်ပျူတာ(တ)စ်လုံး ရှိသည်။ ယင်းကွန်ပျူတာအတွက် ကျွန်တော်(သ)ည် သုံးသိန်းခွဲမျှ ရင်းနှီးမြှုပ်နှံရ၏။ ကွန်ပျူတာကို(န)ံနက်ပိုင်းတွင် တစ်ဦး၊ ညနေပိုင်းတွင် တစ်ဦး၊ တနင်္ဂ(နွေ)၊ စနေတွင် တစ်ဦး စသည်ဖြင့် လာရောက်၍ (က)ွန်ပျူတာရိုက်သူ သုံးဦးခန့်ရှိ၏။

ကျွန်တော်သည် ကွန်ပျူတာကို မိမိမျက်စိအောက်(တ)ွင်ပင် ရှိနေ၍ ကြီးကြပ်သူ သီးခြားမထားဘဲ ကွန်(ပ)ျူတာစာစီလုပ်ငန်းကို လုပ်၏။ ကျွန်တော်က ကြီးကြပ်(သ)ည့်အခါ ကြီးကြပ်လိုက်။ ကျွန်တော့်ဇနီးက မသင့်ဟု(ထ)င်တာ ဝင်ပြောလိုက်နှင့် ကျွန်တော် ထူထောင်ထား(သ)ော ကွန်ပျူတာလုပ်ငန်းသည် ဘယ်လိုမှ စနစ်တကျ(မ)ရှိဘဲဖြစ်၏။

ကျွန်တော်သည် ကွန်ပျူတာမှ ဘယ်လောက် ဝင်ငွေဝင်မှန်းမသိပါ။ ကွန်ပျူတာလုပ်ခအတွက် မည်မျှ ပေးနေသည်လည်း တကယ်တော့ တိတိကျကျမသိ။ တစ်ဖန် ကွန်ပျူတာမှာ ဟိုလူဝင်ကိုင်၊ ဒီလူဝင်ကိုင်ဖြင့် မကြာခဏပျက်၍ သွားပြင်ရတာလည်း ရှိ၏။ ထို့ပြင် ကွန်ပျူတာ၌ ဘယ်သူက ဘာတွေ ဝင်ရိုက်နေသည် လည်း မသိသည့်အပြင် ဘယ်ထဲတွင် ဘာရှိမှန်းလည်း မသိဘဲ ဖြစ်၏။

ကျွန်တော်တို့သည် ကွန်ပျူတာလုပ်ငန်း ကြီး ကြပ်မှုအတွက် တစ်လ သုံးထောင်မှ လေးထောင်လောက် သုံးရမည်ကို ကြောက်သဖြင့် တစ်လတွင် သောင်းနှင့်ချီ၍ ဆုံးရှုံးနေသည်ကို ကျွန်တော် မသိပါ။

ကွန်ပျူတာကြီးကြပ်သူခန့်အပ်၍ စနစ်တကျ လုပ်ငန်းတွင် စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုထည့်သွင်းခြင်းဖြင့် ကွန်ပျူတာလုပ်ငန်းမှ ငွေမည်မျှဝင်သည်။ လုပ်ခ ဘယ် လောက်ပေးရသည်။ အမြတ် ဘယ်လောက်ရှိသည်ကို သိလာ၏။ ထိုသို့ သိခြင်းဖြင့် ဤလုပ်ငန်းကို ဆက်လုပ် သင့်၊ မလုပ်သင့်ကို သိနိုင်၏။

မည်သည့်လုပ်ငန်းတွင်မဆို စီမံခန့်ခွဲမှုနှင့် အုပ် ချုပ်မှုသည် လိုအပ်၏။ ထိုလိုအပ်သော အရာကို မိမိ က တတ်ကျွမ်းပါက အလုပ်လည်း ရလွယ်၏။

တစ်ခါက ကျွန်တော့်မိတ်ဆွေတစ်ဦးက စားသောက်ကုန်လုပ်ငန်းလုပ်ရာတွင် လုပ်ငန်းကို မိမိကိုယ်တိုင် ကြီးကြပ် စီမံခန့်ခွဲ၏။ သို့သော် မိမိဘက်မှ ခြောက်လခန့် စီမံခန့်ခွဲမှု လျော့သည့်အတွက် သိန်းချီ၍ အရှုံးပေါ်ခဲ့သည်။ ထို့ကြောင့် စီမံခန့်ခွဲမှု၊ ကြီးကြပ်မှု၊ အုပ်ချုပ်မှုသည် လုပ်ငန်းတိုင်းအတွက် အသက်ပင်ဖြစ်၏။

ထိုကဲ့သို့ လုပ်ငန်းတိုင်း၏ ဦးနှောက်ကျောရိုးဖြစ်သော စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုလုပ်ငန်းကို သင်လုပ်ကိုင်ခြင်း၊ လုပ်ကိုင်ရန် အရည်အချင်းရှိခြင်းဖြင့် သင်သည် လခစားလုပ်တာချင်းအတူတူ စီမံခန့်ခွဲမှု အလုပ်လုပ်သော လခသည် ပို၍ များ၏။ အချို့သော လဒ်မြင်သူ သူဌေးများ၊ လုပ်ငန်းရှင်များသည် မန်နေဂျာများ၊ စီမံခန့်ခွဲသူများအား မိမိတို့ လုပ်ငန်းမှ အမြတ်ကို ရာခိုင်နှုန်းဖြင့် ခွဲပေးတတ်၏။ အချို့ဆိုလျှင် လစဉ် ဘောက်ဆူးအများအပြား ပေးတတ်၏။

ထို့ကြောင့် သင်သည် စီမံခန့်ခွဲမှုပညာကို လေ့လာပါ။ လက်တွေ့ လေ့ကျင့်သင်ကြားပါ။ ဤအတတ်ပညာဖြင့် ငွေရှာပါ။ သင့်အတွက် အလားအလာ အလွန်ကောင်းကြောင်းနှင့် လုပ်သင့်ကြောင်း ကျွန်တော် ထောက်ခံအပ်ပါ၏။

ပန်းမျိုးတစ်ရာစာပေ



## အခန်း (၇)

# ကိုယ်စားလှယ်လုပ်ငန်း

ကျွန်တော်တို့သည် နေ့စဉ်စားသုံးရန်၊ အသက်
ူးဝမ်းကြောင်းပြုရန် ဝင်ငွေတစ်ရပ် လိုအပ်သည်။
ဝင်ငွေထဲမှ အချို့ကို စုဆောင်းရမည်။ ယင်းစုဆောင်း
ကို အကျိုးရှိစွာ ရင်းနှီးမြှုပ်နှံရမည်။ ဤသည်မှာ
ငွေးသူကြွယ်ဖြစ်ရေးအတွက် ဖော်မြူလာပင်ဖြစ်၏။
စ်နည်းဆိုရသော် ဤကိစ္စသည် ကြွယ်ဝချမ်းသာရေး
တွက် လမ်းညွှန်ချက်ပင် ဖြစ်၏။ ထိုဖော်မြူလာ
တိုင်း ဖော်စပ်ပါက အမှန်တကယ်လည်း သူကြွယ်
စ်၏။

ကြီးပွားချမ်းသာသူအားလုံးသည် ဤဖော်မြူလာ ဆေးစပ်နည်းအတိုင်း ဖော်စပ်ချမ်းသာကြွယ်ဝသူများချည်း ဖြစ်ပါသည်။ ဤနည်းကို ကျွန်တော်တို့လည်း လိုက်ကြမည်။ ကျွန်တော်တို့လည်း ချမ်းသာကြတော့မည် ဖြစ်၏။

ပထမ ကျွန်တော်တို့သည် မိမိ အသက်မွေးဝမ်းကျောင်းအတွက် ငွေရှာရမည်ဖြစ်၏။ ဤကိစ္စသည်လည်း အရေးကြီး၏။ ငွေရှာရာတွင်–

– မိမိအချိန်ကို ရင်းနှီး၍ ငွေရှာခြင်း၊

– ရင်းနှီးမြှုပ်နှံ၍ ရှာခြင်းနှင့်

– ကြုံကြိုက်မှု ကံတရားကြောင့် ငွေဝင်ခြင်း

တို့ရှိရာ အရင်းအနှီးမရှိသောကာလတွင် မိမိ၏ စားဝတ်နေရေးတို့အတွက် ပထမအချိန်ကိုပင် ရင်းနှီးမြှုပ်နှံ၍ ငွေရှာရမည် ဖြစ်၏။

အချိန်ကို ရင်းနှီးမြှုပ်နှံ၍ ငွေရှာခြင်းသည် ငွေပင်ပျိုးခြင်းဟုလည်း ဆိုနိုင်ပါ၏။ မိမိတွင် အချိန်မှတစ်ပါး အခြားပစ္စည်းမရှိပေ။ အချို့သည်သာလျှင် သဘာဝတရားက လူသားတိုင်းအား အညီအမျှ လူ့ဘောင်ဘဝ၌ ရပ်တည်ရန် ပေးလိုက်သော သဘာဝ အရင်းအနှီး ဖြစ်၏။

ပန်းမျိုးတစ်ရာစာပေ

ထိုသဘာဝ အရင်းအနှီးအချိန်ကို အသုံးပြု၍ ထမအဆင့်အနေနှင့် ငွေရှာကြရမည် ဖြစ်သည်။ အချိန် ို ရင်းနှီးမြှုပ်နှံမှုပြုခြင်းမှ ကန့်သတ်မှုရှိသော ဝင်ငွေ ို ကျွန်တော်တို့ ရရှိကြမည် ဖြစ်ကြောင်း အထက် ွင် ကျွန်တော် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်၏။

အချိန်ကို ရင်းနှီးမြှုပ်နှံ၍ ငွေရှာရာတွင် စီမံ န့်ခွဲမှု အတတ်ပညာဖြင့် မိမိကိုယ်တိုင်က စီမံခန့်ခွဲ ူ၊ ကြီးကြပ်သူအဖြစ် ဆောင်ရွက်၍ ဝင်ငွေရှာခြင်း ည် လုပ်အပ်သော လုပ်ငန်းတစ်ရပ် ဖြစ်ကြောင်း ခန်း ၆ တွင် တင်ပြခဲ့ပါ၏။ တစ်ဖန် ကိုယ်စား ှယ်လုပ်ငန်းကို လုပ်ကိုင်၍လည်း မိမိအချိန်ကို အသုံး ြု၍ ငွေရှာဖွေနိုင်ကြ၏။

မန်နေဂျာလုပ်ငန်း၊ စီမံခန့်ခွဲသူလုပ်ငန်းသည် ခြားသူတစ်ဦးထံတွင် လခစားပုံမှန်ဝင်ငွေ၊ အချိန် ကန့်အသတ်ဖြင့် လုပ်ကိုင်ခြင်း ဖြစ်၏။ လခစား ပုံ န်ဝင်ငွေဖြင့် လုပ်ရာတွင် ပုံမှန်လစာနှင့် မိမိအလုပ် င်က မိမိ၏ ကျွမ်းကျင်မှုကြောင့် သူ့ထံတွင် အကျိုး မြတ်ရလာသောအခါ ဘောက်ဆူး သို့မဟုတ် ဘော ်(ခေါ်) ဆုကြေးငွေကို ပေးအပ်ပါ၏။

စီမံခန့်ခွဲမှုလုပ်ငန်းသည် တစ်နည်းအားဖြင့် ုငွေး၏ ကိုယ်စားလှယ်လုပ်ငန်းတစ်မျိုးပင် ဖြစ်၏။

သူဌေး၏ကိုယ်စားလှယ်ဖြစ်သော်လည်း လခစား ကိုယ်စားလှယ်ဖြစ်၏။ တစ်ဖန် မန်နေဂျာသည် သူ၏ ဩဇာ၊ သူဌေး၏ စီမံမှုအောက်မှ လွတ်ကင်းခြင်းမရှိပေ။ သူဌေး၏ဆန္ဒ၊ သူဌေး၏ ဩဇာနှင့်သာ စီမံခန့်ခွဲရ၏။

ကိုယ်စားလှယ်လုပ်ငန်းကမူ သူဌေး၏ လခစား မဟုတ်ပေ။ ရရှိသော အကျိုးအမြတ်ပေါ်မှ ရာခိုင်နှုန်းကို ရယူခြင်းဖြစ်၏။ တစ်ဖန်ကိုယ်စားလှယ်လုပ်ငန်းတွင် သူဌေးက ဩဇာပေးမှု၊ ဝင်ရောက်စွက်ဖက်မှု မရှိဘဲ မိမိ ကြိုက်သလို စီမံခန့်ခွဲနိုင်၏။

ဥပမာ – ကားအရောင်းအဝယ်လုပ်ငန်း၊
– အိမ်အရောင်းအဝယ်လုပ်ငန်း၊
– အိမ်ငှား ရှာဖွေခြင်းလုပ်ငန်း၊
– ပိုင်ရှင်မရှိခိုက် သူ၏ ကိုယ်စားလှယ်လုပ်ငန်းကို ကိုယ်စားဆောင်ရွက်ပေးခြင်း၊
– ပစ္စည်းတစ်ခုကို စွံအောင် ရောင်းပေးခြင်း၊

အစရှိသော လုပ်ငန်းများ ဖြစ်၏။

သူဌေး သို့မဟုတ် ပိုင်ရှင်က မိမိလုပ်ငန်း၊ မိမိပိုင်ဆိုင်သောပစ္စည်းကို ကိုယ်စားလှယ်လွှဲအပ်၍ ရောင်းချပေါင်နှံ ငှားရမ်းသည့် လုပ်ငန်းများကို လုပ်ရာမှ ရရှိ

သောအမြတ်ကို ကိုယ်စားလှယ်အား ရာခိုင်နှုန်းဖြင့် ပေးခြင်းဖြစ်ပါ၏။

ဤလုပ်ငန်း၏ သဘာဝမှာ

(က) ကိုယ်စားလှယ်သည် လွတ်လပ်မှုရှိသည်။

(ခ) ပုံမှန်သွားရောက်လုပ်ငန်း လုပ်ပေးရန် မလို၊ (နံနက် ၉ နာရီ ရုံးသို့ အရောက် သွားရန်မလို)

(ဂ) လုပ်ငန်းတွင် သူဌေးဖြစ်သူ သို့မဟုတ် ပိုင်ရှင်က ဝင်ရောက်ညွှန်ကြားပေးမှုမရှိ။

(ဃ) မိမိကျွမ်းကျင်မှုကို ထိရောက်စွာ အသုံး ပြုနိုင်ခြင်းတို့ ဖြစ်၏။

ကိုယ်စားလှယ်လုပ်ငန်း လုပ်ဆောင်သူတို့၏ အရည်အချင်းမှာကား–

(က) မိမိလုပ်ဆောင်သောလုပ်ငန်းတွင် ကျွမ်း ကျင်မှုရှိရမည်။

(ခ) အဆက်အသွယ်ကောင်းရမည်။

(ဂ) ပိုင်ရှင်မှ ယုံကြည်စိတ်ချမှု ရှိရမည်။

(ဃ) သင့်တင့်သော ဥပဓိရုပ်ရှိရမည်။ သို့သော် လုပ်ငန်းကျွမ်းကျင်မှုရှိပါက ဥပဓိရုပ် ကောင်းရှိရန် မလိုပါ။

အထက်ပါ အရည်အချင်းရှိပါက လူတိုင်းကိုယ်စားလှယ်လုပ်ငန်းကို လုပ်ဆောင်နိုင်၏။ ကိုယ်စားလှယ်လုပ်ငန်းသည် အရေးကြီးသော လုပ်ငန်းဖြစ်၏။ ပွဲစားလုပ်ငန်းနှင့်လည်း ဆက်စပ်မှုရှိပါ၏။

ကိုယ်စားလှယ်တစ်ယောက်သည် သစ္စာရှိရသည်။ လျှို့ဝှက်ကျစ်လျစ်မှုလည်း ရှိရ၏။ ဥပမာ–အချို့သော မိသားစုများသည် မိမိ၏ စီးပွားရေးအရ ဘိုးဘွားပိုင်ရတနာတစ်ခုကို ထုတ်ရောင်းချင်၏။ မိသားစု၏ ဂုဏ်သိက္ခာအရ မိမိတို့ကိုယ်တိုင် ရောင်းချ၍လည်း မဖြစ်လျှင် ကိုယ်စားလှယ်ကို ရှာရမည်။ ကိုယ်စားလှယ်အား ထိုပစ္စည်းကို ယုံကြည်စွာ အပ်နှံ၍ မိမိအလိုရှိသော ဈေးကို ပြောဆိုကာ ပေးအပ်လိုက်သည်။

ကိုယ်စားလှယ်သည် ရောင်းသည့်ငွေပေါ်မှ ရာခိုင်နှုန်းကို ခံစားနိုင်ကြ၏။

ကိုယ်စားလှယ်လုပ်ငန်းသည် မိမိပိုင်ဆိုင်မှုမဟုတ်ဘဲ မိမိကိုယ်တိုင် ပိုင်ဆိုင်ရဘိသကဲ့သို့ စီမံခန့်ခွဲခွင့်ရှိပြီး ဝင်ငွေရရှိသော လုပ်ငန်းဖြစ်၏။

ကိုယ်စားလှယ်လုပ်ငန်းတွင် ကျွမ်းကျင်မှုနှင့် ယုံကြည်မှုသည် အဓိက ဖြစ်ပါ၏။ ကျွန်တော်တို့ ၃၁ လမ်း၊ ၃၂ လမ်းတွင် စက္ကူကျွမ်းကျင်သူများ ရှိ၏။ ယင်းတို့သည် နံနက် အိပ်ရာထ လက်ဖက်ရည်သောက်

…၉ နာရီ၊ ၁၀ နာရီလောက် ၃၁ လမ်း၊ ၃၂ …မ်းသို့ မိန်းမထံမှ ဘတ်စကားခလောက်တောင်းကာ …က်လာကြ၏။ မြို့ထဲသို့ရောက်မှ စက္ကူရောင်းရန် …က်လာသူများထံမှ ဈေးဖြတ်ကာ နှုတ်ဖြင့် ဝယ်ယူ … ထိုလမ်းထဲ၌ပင် တစ်ဆင့်ပြန်ရောင်းကာ ဝင်ငွေ … သွင်းငွေ ခြားနားချက်ကို မိမိက ရယူ၏။ နှစ် …က်စလုံးမှလည်း ကျေနပ်သည်။ တစ်ဖန် လူတစ်ဦး …စ်ယောက်က ကျုပ်ဖိတ်စာရိုက်ဖို့ စက္ကူတစ်ထုပ်လို …ယ်ဗျာ ဆိုလျှင် ထိုသူက ဘာအမျိုးအစားလဲ၊ ဘာ …်ဆိပ်လဲ စသည်ဖြင့် မေးကာ ၆၅၀ ကျပ်တော့ …မည် ယူမလားဟု ဆို၏။ ဝယ်လိုသူက သဘောတူ …ျှင် ၆၅၀ ကို တောင်းယူ၍ ခဏထိုင်နေရာတွင် …ောင့်ခိုင်းကာ မလှမ်းမကမ်းမှ ဆိုင်တစ်ခုတွင် ထိုစက္ကူ …ုပ်ကို ၆၀၀ ကျပ်နှင့် ဝယ်ယူ၍ လာဝယ်သူ၏ ကား …ပေါ်သို့ တင်ပေးလိုက်၏။

- မိမိလည်း ၅၀ ကျပ် မြတ်၏။
- ဝယ်ယူလိုသူကလည်း မိမိလိုချင်သော ပစ္စည်းရသွား၏။
- ပစ္စည်းရောင်းလိုသူကလည်း မိမိရောင်းချင်သော ပစ္စည်း ထွက်သွားမည်။

သုံးဦး၊ သုံးဖလှယ် အကျိုးရှိသော လုပ်ငန်း ဖြစ်ပါသည်။

ယင်းစက္ကူလုပ်ငန်းကို လုပ်ဆောင်သူများသည် မနက်က ဘတ်စ်ကားခလောက်သာ အိမ်မှ ထည့်လာရ နေ့ခင်းစာ၊ တစ်ခါတစ်ရံ ညနေစာနှင့် လက်ဖက်ရည် သောက်သုံးစွဲပြီး အပိုငွေ တစ်နေ့တစ်ထောင်၊ ထောင့် ငါးရာ၊ နှစ်ထောင်စီတတ်သည်။ ဤလုပ်ငန်းသည် ကိုယ်စားလှယ်လုပ်ငန်းတစ်နည်းဆိုရသော် လိုအပ်ချက် ဖြည့်ဆည်းပေးသည့် လုပ်ငန်းကဲ့သို့သော လုပ်ငန်းများ ဖြစ်၏။

ကိုယ်စားလှယ်လုပ်ငန်းပေါင်းများစွာရှိ၏။

မိမိကျွမ်းကျင်မှုအရ ဝင်ရောက် လုပ်ကိုင်နိုင်၏။

အချို့သော စာရေးဆရာများသည် မိမိက စာမူ ရေးပြီးသော်လည်း ထိုစာမူကို ထုတ်ဝေရန် ကိုယ်စား လှယ်သို့ လွှဲအပ်လိုက်သည်။ ကိုယ်စားလှယ်က ထုတ်ဝေ သူများထံသွား၍ အာပေါင်အာရင်းသန်သန်နှင့် ရှင်းပြမှ ထုတ်ဝေသူက လက်ခံသောအခါ စာရေးဆရာထံမှ ကော်မရှင်အချို့ရ၏။ ထိုစာအုပ် ထုတ်ဝေပြီး လူထု အတွင်း တကယ်စွဲသွားသောအခါ ထုတ်ဝေသူကလည်း ကျေးဇူးဆပ်တတ်၍ စာရေးဆရာကလည်း ကျေးဇူး တင်မှုများ ရတတ်၏။

အလားတူပင်–

– ဆေးဝါးကိုယ်စားလှယ်

– စားစရာမုန့်ကိုယ်စားလှယ်

စသည့် ထုတ်လုပ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍လည်း ကိုယ်စားလှယ် လုပ်နိုင်၏။


ထိုပုဂ္ဂိုလ်တစ်ဦးက သွေးဆေး၊ ငန်းဆေး၊ အစာကြေဆေး၊ လျက်ဆား စသည့် ဆေးတစ်မျိုးကို ထုတ်ဝေသည်ဟု ဆိုပါက ကိုယ်စားလှယ်မှတစ်ဆင့် ဖြန့်ချိနိုင်သည်။ အချို့ ဆေးလိပ်၊ ဆေးပေါ့လိပ်လုပ်ငန်းများတွင် ဖြန့်ချိရေးကိုယ်စားလှယ်များထားရှိ၏။

ကိုယ်စားလှယ်လုပ်ငန်းမှ ဝင်ငွေကို မိမိတို့သည် အားလုံး သုံးစွဲမပစ်ဘဲ တတ်နိုင်သမျှ စုဆောင်းရမည် ဖြစ်၏။ စုဆောင်းပြီးမှ မိမိကိုယ်စားလှယ်လုပ်နေသည့် လုပ်ငန်းထဲမှ အကျိုးကျေးဇူးရှိသော တွက်ခြေကိုက်မည့် လုပ်ငန်းတစ်ခုတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ကန့်သတ်မဲ့ ဝင်ငွေရရှိရေးကို တစ်ဆင့်တက်ပြီး ကြိုးပမ်းနိုင်၏။ ကိုယ်စားလှယ်လုပ်ငန်းဖြင့် ကျွန်တော်တို့သည် စုဆောင်းငွေရရှိနိုင်၏။

ကိုယ်စားလှယ်လုပ်ငန်းဖြင့် အသက်မွေးချိန်တွင် မည်သည့်လုပ်ငန်းသည် ရင်းနှီးမြှုပ်နှံရန် တွက်ခြေကိုက်သည်၊ မကိုက်သည်ကို သေချာစွာ ရွေးချယ်နိုင်သည့် အတွေ့အကြုံရရှိလာနိုင်၏။

ကိုယ်စားလှယ်လုပ်ငန်းသည်လည်း လုပ်သင့်သော လုပ်ငန်းတစ်ရပ် ဖြစ်သည်။ ကိုယ်စားလှယ်ဖြစ်အောင် ကြိုးစားကြည့်ပါ။ သင့်အတွက် ကြွယ်ဝချမ်းသာရေးလမ်းစဖြစ်သည်။

* * *




## အခန်း (၈)

# သူ့လိုအပ်ချက်ကို ရှာ၍ ဖြည့်ပါ

ထိုလုပ်ငန်းမျိုးအား ဆောင်ရွက်ပေးသူတို့ကို FINDER ဟုလည်း ခေါ်၏။ လိုအပ်ချက် ရှာဖွေပေး ...တို့သည် တစ်ခါတစ်ရံ ကိုယ်စားလှယ်သဘောမျိုး ...် တူသယောင်လည်း ရှိတတ်၏။ သို့သော် ကိုယ် ...းလှယ်မဟုတ်ပါ။ လိုအပ်ချက်ကို ရှာဖွေပေးသူသာ ...ဖြစ်ပါ၏။

ရှာဖွေသူ FINDER လူတစ်ဦးတစ်ယောက် သို့ ...ဟုတ် လုပ်ငန်းတစ်ရပ်မှ လိုအပ်သည့်အရာကို ရအောင် ...ပေးခြင်းဖြင့် ယင်းအပေါ်မှ ဆောင်ရွက်ခကို ယူခြင်း ...ဖြစ်၏။

လူများသည် အလုပ်များကြရာ အချို့လိုအပ်သော ပစ္စည်းများကို ကိုယ်တိုင်မရှာနိုင်ကြပါ။ ထိုအခါ ရှာဖွေသူကို အသုံးပြုကြရပါ၏။

ရှာဖွေသူတို့သည်–

– အလုပ်အကိုင် ရှာဖွေပေးနိုင်သည်။

– အိမ်သုံးပစ္စည်းများ၊

– ရှားပါးပစ္စည်းများ၊

– ရှေးဟောင်းပစ္စည်းများ၊

– အနုပညာပစ္စည်းများ၊

– အိမ်ငှားရန်၊

– ရင်းနှီးမြှုပ်နှံရန် ငွေအရင်းအနှီး စသည်တို့ကို ရှာဖွေပေးနိုင်ကြ၏။

ကွန်ပျူတာအောင်ပြီး လုပ်ငန်းကျွမ်းကျင်သူတစ်ဦးရှိသည်ဆိုပါစို့။ သူက အလုပ်လိုချင်နေ၏။ ကွန်ပျူတာထောင်ထားသူတစ်ဦးကလည်း ကျွမ်းကျင်သော ကွန်ပျူတာရိုက်သူတစ်ဦးအား အလိုရှိနေသည်။ ထိုသူနှစ်ဦးကလည်း မတွေ့ဘဲ ဖြစ်နေရာ ရှာဖွေသူမှ တစ်ဆင့် အလုပ်လိုချင်သူအား မိမိအလုပ်ရှာပေးမည်။ ထို့အတွက် ပထမလခကို ပေးရမည်ဟု တောင်း၏။ အလုပ်လိုချင်သူက သဘောတူပေးရသည်။

အိမ်ဖော်ရှာဖွေရာတွင်လည်း အလားတူပင် ဖြစ်
ည်။ အိမ်ဖော်အလိုရှိသော အိမ်များနှင့် ဆက်သွယ်
ာ ပထမလခကို အိမ်ဖော်ဘက်မှယူ၏။ တချို့အိမ်
်ဘက်မှလည်း ယူသည်။

အချို့အိမ်များတွင် မိမိတို့ အိမ်သုံးပစ္စည်းများကို
်၏။ ဥပမာ မီးဖိုချောင်သုံးပစ္စည်းများ၊ တီဗွီ၊
ယို၊ ကြောင်အိမ်၊ မှန်ဘီရိုမှအစ အိမ်ထောင်ပရိဘောဂ
း၊ ကော်ဇောများ စသည်ဖြင့် လိုအပ်ရာ အချို့ကလည်း
ဖွေသူအားစေခိုင်း၍ မိမိအလိုရှိသော ပစ္စည်းများ
ဝယ်ယူတတ်၏။ မိမိကိုယ်တိုင် သွားဝယ်ပါက
းကြီးနေတတ်ပြီး ရှာဖွေသူနှင့် ဝယ်သောပစ္စည်း
ည် ဈေးချို၍ ပိုမိုကောင်းမွန်တာမျိုးလည်း ရှိတတ်
။ အဘယ်ကြောင့်ဆိုသော် ရှာဖွေသူသည် ဤကိစ္စ
် အသက်မွေးဝမ်းကျောင်းပြုနေသူဖြစ်သည်။ မိမိမှာ
ဆယ်နှစ်နေမှ ရေခဲသေတ္တာတစ်လုံး ဝယ်ခြင်းဖြစ်၏။

အချို့သော လုပ်ငန်းပိုင်ရှင်ကြီးများ၊ ချမ်းသာ
ယ်ဝသူများသည် စာအုပ်ကောင်းများကို ဖတ်လိုကြ
ည်။ မိမိတို့ ကိုယ်တိုင်ကလည်း အချိန်ကုန်ခံ၍
အုပ်ဟောင်း စာအုပ်ကောင်းများကို မရှာနိုင်၊ ရှာ၍
ည်း မရနိုင်။ ထိုအခါ ရှာဖွေသူတို့ကို ထားရှိ၍ မိမိ
ည် ဘယ်လိုစာအုပ်မျိုး၊ စုံထောက်ဝတ္ထု၊ အချစ်၊

ရာဇဝင်၊ ဆောက်လုပ်ရေး၊ ဧည့်ခန်းပြင်ဆင်ရေးစာအုပ် ဘယ်စာရေးဆရာများ၏ စာများကို ကြိုက်သည်ဟု ပြောဆိုကာ ရှာဖွေခိုင်းရ၏။ ရှာဖွေသူက ရှာဖွေလာပြီး မိမိကြိုက်ဈေးနှင့် ပြန်ရောင်း၏။ အချို့သောစာအုပ် ရှာဖွေသူများဆိုလျှင် ဘယ်သူက ဘာစာအုပ်ကြိုက်သည်။ ဘယ်စာရေးဆရာက ဘယ်လိုစာအုပ်မျိုး လိုချင်သည် ကို သိနေ၏။ ထို့ကြောင့် ရှာဖွေသူသည် လမ်းဘေး ဈေးများ စာအုပ်ဟောင်းဆိုင်များသို့ တိုးဝှေ့သွားရောက် ကာ စာအုပ်များကို ရှာဖွေပြီး ရှာဖွေခကို ယူတတ် ကြ၏။

အချို့သော လုပ်ငန်းရှင်များကလည်း–

– အင်ဂျင်နီယာနှင့် ပတ်သက်သောစာအုပ်များ
– ထမင်းဟင်းချက်နည်းစာအုပ်၊
– ရှေးဟောင်းသုတေသနစာအုပ်၊
– ဘာသာရေးစာအုပ်

စသည်ဖြင့် မိမိတို့ ဘာစာအုပ်လိုချင်သည်ကို ရှာဖွေသူ အား မှာကြားထား၏။ အချို့ဆိုလျှင် ဘယ်စာရေးဆရာ ရေးသော ဘယ်နှစ်က ဘယ်နှစ်ကြိမ်မြောက် ထုတ်ဝေ သည့် စာအုပ်ကိုမှ လိုချင်သည်ဟု အတိအကျ ရှာဖွေ ခိုင်းတတ်၏။

အလားတူပင် ရှေးဟောင်းပစ္စည်းများ၊ ပန်းချီကားများ၊ ပန်းပုလက်ရာများကို ရှာဖွေသူတို့ထံမှတစ်ဆင့် ရှာဖွေဝယ်ယူကြ၏။

အလားတူပင် ရှေးဟောင်းပစ္စည်းများ၊ ပန်းချီကားများ၊ ပန်းပုလက်ရာများကို ရှာဖွေသူတို့ထံမှတစ်ဆင့် ရှာဖွေဝယ်ယူကြ၏။

ဤလုပ်ငန်းသည် တစ်စုံတစ်ယောက်ထံတွင် ဝါသနာရှိပါက ထိုသူအတွက် အဖြေရှာပေးသောလုပ်ငန်းလည်း ဖြစ်၏။

ဤလုပ်ငန်းသည် လုပ်ငန်းနယ်ပယ်တစ်ခုတွင် အသေးစိတ် ကျွမ်းကျင်ရန်မလို။ ကျွမ်းကျင်သူများနှင့် အဆက်အသွယ်ရှိရုံဖြင့် လုပ်ငန်းအောင်မြင်နိုင်၏။ ဘယ်နေရာတွင် ဘာရှိသည် ဆိုသည့် ကိစ္စများတွင် စိတ်ကူးကိတ်သန်းကောင်းဖို့၊ ကြည့်တတ် မြင်တတ်ဖို့ လိုပါ၏။

ကမ္ဘာတွင် လိုအပ်ချက်ကို ရှာဖွေပေးမှုနှင့် ပတ်သက်၍ စာပို့စနစ်၊ ကြော်ငြာစနစ်ကို ကျယ်ကျယ်ပြန့်ပြန့်သုံး၏။ ယခု အိမ်အရောင်းအဝယ်၊ အိမ်ခန်းငှားသည့်ကိစ္စများ၊ အကျိုးဆောင်ပေးသည့် ကိစ္စများကိုလည်း ရှာဖွေပေးခြင်းလုပ်ငန်းတွင် အကျုံးဝင်ပါ၏။

ရှာဖွေပေးမှုလုပ်ငန်းဖြင့် အကျိုးရှိ၊ လုပ်ငန်းအဆင်ပြေသူများ အမြောက်အမြား ရှိပါ၏။ ရှာဖွေမှု

ပစ္စည်းအမျိုးမျိုးရှိသလို ရှာဖွေသည့် လုပ်ငန်းလည်း အမျိုးမျိုး ရှိပါသည်။

တစ်ခါက ကီဝိပညာပေး ကစားစရာထုတ်လုပ်သော ကုမ္ပဏီသည် ပညာရေးကစားစရာပစ္စည်းများကို တီထွင်ခဲ့၏။ တီထွင်သော ပစ္စည်းများသည်လည်း အံ့ဩဖွယ်ကောင်းအောင် ကောင်းမွန်ပါသည်။ သို့သော် ထိုပစ္စည်းများသည် အချိန်အတော်ကြာ ဈေးကွက်ထဲသို့ မရောက်ဘဲ ဖြစ်နေ၏။ ထိုပစ္စည်းဈေးကွက်ကို ရှာဖွေပေးမည့်သူ လိုအပ်နေ၏။

ထိုအခါ ကုမ္ပဏီက ဈေးကွက်ရှာဖွေပေးမည့်သူအား ဆောင်ရွက်ခပေးမည့်အပြင် သူပိုင်ခထဲမှလည်း ဆယ်ရာခိုင်နှုန်းပေးရန်လည်း ဆုံးဖြတ်ထားခဲ့၏။ ထိုကိစ္စများအတွက် ရှာဖွေသူသည် ဤကဲ့သို့သော ကလေးကစားစရာများ တီထွင်ထားတာ ရှိသည်။ သင်တို့အလိုရှိပါက ဆက်သွယ်ပေးမည်ဟု စာရေး ပြောကြားခြင်းဖြင့် အလုပ်ဖြစ်သွားသည်လည်း ရှိပါ၏။

ရှာဖွေသူလုပ်ငန်းသည် အလွန်ကျယ်ပြန့်သော လုပ်ငန်းဖြစ်၏။ ရှာဖွေသူကြောင့် တိုးတက်ကြီးပွားအရောင်းစွံသွားသော ပစ္စည်းများစွာ ရှိပါ၏။ ဈေးကွက်ရှာဖွေသည့် လုပ်ငန်းသည် အလွန်အကျိုးရှိသော လုပ်ငန်းဖြစ်သည်။ ဈေးကွက်တစ်ခု ရရှိပါက ရှာဖွေသူတို့ ရရှိသော ဆောင်ရွက်ခကလည်း ကြီးမားသည်။

အချို့သော ကုမ္ပဏီတို့မှ ထုတ်ကုန်ပစ္စည်းများ သည် ဈေးကွက်မရှာနိုင်၍ ထုတ်လုပ်သည့်ပစ္စည်းအဖြစ် နှင့် နိဂုံးချုပ်သွားရသည်များလည်း ရှိ၏။

မြန်မာတို့သည် ရှာဖွေသည့်လုပ်ငန်း၊ ကိုယ်စား လှယ် လုပ်ငန်းများအတွက် အခကြေးငွေ ရယူဆောင် ရွက်ရသည်ကို လုပ်ငန်းဟု သဘောမထားဘဲ နှုတ်အား ဖြင့် ကူညီစောင်မသည့် လုပ်ငန်းအဖြစ် သဘောထား ကာ အချို့ကျေးဇူးတင်ပါတယ်ဟူသော စကားဖြင့် အခကြေးငွေတစ်ပြားမှမရဘဲ ဖြစ်နေကြ၏။

ကျွန်တော်တို့သည် လုပ်ငန်းကို ဆောင်ရွက်ရာ တွင်–

– ကာယကံလုပ်ငန်း၊
– ဝစီကံလုပ်ငန်း၊
– မနောကံလုပ်ငန်း၊

စု၍ရှိရာ သုံးမျိုးစလုံးအတွက် အခကြေးငွေ ရယူရမည် ဖြစ်ပါ၏။ မြန်မာများသည် ကာယကံလုပ်ငန်းအတွက် သာ အခကြေးငွေပေးချင်ကြ၍ ဝစီကံလုပ်ငန်းနှင့် မနောကံလုပ်ငန်းများအတွက် ဆိုပါက ဗေဒင်ဆရာများ ကိုသာ ဉာဏ်ပူဇော်ခငွေ ပေးကြပြီး စီးပွားရေး၊ လူမှု ရေး ဆောင်ရွက်သူများကို အဖိုးစားနားပေးရမည်ကို မသိဘဲ ရှိကြ၏။ ယူရ တောင်းရ ပေးရမှန်းမသိဘဲ ရှိ

ကြရာ ကာယကံ၊ ဝစီကံနှင့် မနောကံဆောင်ရွက်ပေးမှုကိစ္စအားလုံးအတွက် အဖိုးစားနား သတ်မှတ်တောင်းခံရမည် ဖြစ်ပါ၏။ တစ်ဘက်မှလည်း ကျွန်တော်တို့သည် ဝစီကံနှင့် မနောကံလုပ်ငန်းများအတွက် အဖိုးစားနားပေးမှုကို အလေ့အကျင့်ဖြစ်အောင် လုပ်ဆောင်သင့်ပါ၏။ သို့မှသာ လုပ်ငန်းတွင်ကျယ်မှု၊ ကြီးထွားမှု၊ ပိုမိုကျယ်ပြန့် ကြီးပွားလာမည် ဖြစ်ပါ၏။ အထူးသဖြင့် ကမ္ဘာတွင် ရှာဖွေညွှန်ပြခြင်း Spotting လုပ်ငန်းများလည်း ရှိပါ၏။ ဘောလုံးပွဲအသင်းတစ်ခုသည် အနိုင်ကန်ရမည်ဖြစ်သည်။ လေ့ကျင့်ရန် ဘယ်သူ့ကို ငှားရမည်မှန်းမသိဘဲ ရှိနေ၏။ ထိုအခါ တစ်စုံတစ်ယောက်က ဘယ်သူ့ကို ငှားပေ့ဟု ပြောဆိုအကြံပေးမှုကို လိုက်နာပါက ထိုအကြံအစည်အတွက် ငွေပေးရမည်ဖြစ်၏။

တစ်ခါတစ်ရံ မိမိလေလံ သို့မဟုတ် လိုင်စင်ရထားသော အင်းလုပ်ငန်းအတွက် ဘယ်သူ့ကိုဦးဆောင်ခိုင်းရမှန်းမသိ ဖြစ်နေ၏။

တစ်ဖန် မိမိတို့ရွာမှ လှေအသင်းအတွက် ဘယ်သူ့ကို လေ့ကျင့်ခိုင်းရမှန်းမသိ ဖြစ်နေ၏။ ထိုအခါ ရွာမှ အကြားအမြင်ရှိသူ ပတ်ဝန်းကျင်ဒေသအတွင်း နှံ့နှံ့စပ်စပ်ရှိသူတစ်ဦးထံ အကြံဉာဏ် ရယူပါက–

အင်းလုပ်ငန်းအတွက် တစ်ဘက်ရွာမှ ကိုသာစိန် ို သွားငှား၊ လခဘယ်လောက်ပေး၊ လှေလှော်ကျင်ဖို့ တွက်ကတော့ ဘကြီးခိုင် အကောင်းဆုံးပဲဟု လမ်းညွှန် ာဖွေပေးသူများ ရှိ၏။ ထိုလမ်းညွှန်ရှာဖွေပေးသူ ားသည် နိုင်ငံတကာတွင် အခကြေးငွေရကြသည်။ န်မာနိုင်ငံတွင်ကား ယင်းလုပ်ငန်းအတွက် အခမဲ့ ဆောင်ရွက်ပေးကြသည်။

ကာယကံရှင်ကလည်း ယူရကောင်းမှန်းမသိ။ ပေးရမည့်သူကလည်း ပေးရကောင်းမှန်းမသိဖြစ်၏။ ယင်းကိစ္စကို မြန်မာတို့သည် မိမိတို့ ရပ်ရွာမှ ဘုန်းတော် ကြီးအား လျှောက်ထား၍ ဆရာတော်၏ မြွက်ကြားချက် အတိုင်း လိုက်နာကြသည်လည်း ရှိ၏။

ရှာဖွေသူ၊ လမ်းညွှန်ရှာဖွေသူတို့အား အဖိုးအခ ပေးသော စနစ်ကို ပြုလုပ်ကြရမည် ဖြစ်ပါ၏။ ယင်း လုပ်ငန်းများနှင့် အသက်မွေးဝမ်းကြောင်း ပြုလုပ်ရန် လည်း လိုအပ်ပါ၏။

ရှာဖွေလမ်းညွှန်မှုလုပ်ငန်းသည် နှစ်ဘက်စလုံး အကျိုးရှိသော လုပ်ငန်းဖြစ်၏။ လမ်းညွှန်မှုပေးသူ ဘက်မှလည်း စွန့်စားမှု အရင်းအနှီး ဘာမှ မလိုပါ။ အချိန်နှင့် အားထုတ်ရမှုလည်း များစွာမလို၊ အတွေ့ အကြုံသာ လိုအပ်၏။ လမ်းညွှန်မှုကို ရယူ၍ ဆောင်

ရှက်သော ပုဂ္ဂိုလ်လုပ်ငန်းကုမ္ပဏီအတွက်ကား အလွန်မှ အကျိုးရှိ၍ ဤလုပ်ငန်းကို မြန်မာနိုင်ငံတွင် ငွေကြေးပေးပြီး လုပ်သည့် လုပ်ငန်းတစ်ရပ် ဖြစ်အောင် ထူထောင်သင့်ပါ၏။



## အခန်း (၉)

# အကျိုးတူလုပ်ငန်းစု ဖန်တီးခြင်း

ကျွန်တော်တို့သည် ငွေရှာကြရာတွင် လုပ်ငန်းတူ ဆက်သွယ်လုပ်ကိုင်ခြင်းဖြင့်လည်း ဝင်ငွေကောင်းများကို ဖန်တီးနိုင်ကြပါ၏။ ယင်းသို့ လုပ်ကိုင်ဆောင်ရွက်မှုကို စင်ဒီကိတ်ဟုလည်း ခေါ်နိုင်သည်။

ဆင်ဒီကိတ်လုပ်ငန်းက ယခုအခါ ကျွန်တော်တို့သည် ကြော်ငြာလုပ်ငန်းများတွင် အသုံးပြုမှု အနည်းငယ်ရှိ၏။ ကျွန်တော်က ကြော်ငြာဆင်ဒီကိတ်လုပ်ငန်းတစ်ခု ဖွဲ့ထားပါ၏။ ကျွန်တော့်ထံသို့ စီးပွားရေးလုပ်ငန်းရှင်များက မိမိတို့ ထည့်သွင်းလိုသော ကြောငြာများကို

လာရောက်ပေးထားကြပါ၏။ အချို့ကလည်း ဒိဗိုင်းများ၊ ဖလင်များ၊ ဘလောက်များဖြင့် ပေးထားကြပါသည်။

ကျွန်တော်က မဂ္ဂဇင်းတိုက်များ၊ သတင်းစာတိုက်များနှင့် ဆက်သွယ်ကာ လုပ်ငန်းရှင်များ ထည့်သွင်းလိုသော ကြော်ငြာများကို အချိန်မီပါအောင် နေရာကောင်းကောင်းမှပါအောင် ဆက်သွယ်ဆောင်ရွက်ပေးခြင်းလုပ်ငန်းမျိုး ဖြစ်ပါ၏။

ကြော်ငြာရရှိသော မဂ္ဂဇင်းတိုက်များက ကျွန်တော့်အား ကော်မရှင်ပေး၏။ တစ်ဖန် ကြော်ငြာလိုသူလုပ်ငန်းရှင်များသည် မဂ္ဂဇင်းတိုက်တစ်တိုက်ချင်း လိုက်လံဆက်သွယ်နေရခြင်းကိစ္စ၊ ဘယ်မဂ္ဂဇင်းတွင် ကြော်ငြာပါပါက ပိုမိုထိရောက်မည်ဆိုသောကိစ္စ၊ နေရာကောင်းကောင်း ရရှိရေးကိစ္စတို့အတွက် သူလည်း အချိန်မကုန်ဘဲ ဆက်သွယ်ပြုလုပ်သော လုပ်ငန်းမျိုးဖြစ်၏။

ဆင်ဒီကိတ်ခေါ် အကျိုးတူလုပ်ငန်းစုအလုပ်သည် နိုင်ငံတကာတွင် အကျိုးသက်ရောက်မှုအလွန်ရှိသော လုပ်ငန်း၊ ဝင်ငွေကောင်းကောင်းရရှိနိုင်သော လုပ်ငန်းဖြစ်ပါ၏။

ကာတွန်းဆရာတစ်ဦးက ရယ်စရာ၊ ပျော်စရာ၊ သရော်စရာ ကာတွန်းတစ်ခုကို ပြောင်ပြောင်မြောက်

မြောက် ဖန်တီးလိုက်သည် ဆိုပါစို့။ ထိုကာတွန်းဆရာ
သည် မဂ္ဂဇင်းတစ်တိုက်တည်း၊ သတင်းစာတစ်တိုက်
တည်းသို့ ပို့လိုက်ပါက ယင်းရုပ်ပြောင် ကာတွန်းအတွက်
ဘဏ်ပူဇော်ခငွေကို ထိုသတင်းစာတိုက်တစ်ခုတည်း
သာ ရရှိမည် ဖြစ်ပါ၏။

သို့သော် ယင်းကာတွန်းဆရာသည် သတင်းစာ
တိုက်နှင့် တစ်ဦးချင်း မဆက်သွယ်ဘဲ မိမိကာတွန်းရုပ်
ပြကို ဆင်ဒီကိတ်တစ်ခုနှင့် ဆက်သွယ်ပေးပို့လိုက်ပါက
ယင်း ဆင်ဒီကိတ်က ထိုကာတွန်း ရုပ်ပြကို သတင်း
စာတိုက်ပေါင်း ၂၀ သို့ ဖြန့်ချိ၍ ပေးလိုက်ပါ၏။ ထို
အခါ သတင်းစာအစောင် ၂၀ မှ အယ်ဒီတာများသည်
ယင်းကာတွန်းကို ကြည့်၍ ကြိုက်မကြိုက် ဆုံးဖြတ်ကာ
အသုံးပြုပါသည်။

သတင်းစာကြီး ၁၅ စောင်က ကြိုက်ပါက
သတင်းစာတစ်စောင်တွင် အသုံးပြုသည့်အတွက် ဘဏ်
ပူဇော်ခငွေ ဒေါ်လာ ၁၀၀ ရသည် ဆိုပါစို့။ သတင်း
စာ ၁၅ စောင်အတွက် ကာတွန်းဆရာသည် ဒေါ်လာ
၁၅၀၀ ရရှိသွား၏။

ဆင်ဒီကိတ်က ကာတွန်းဆရာရရှိသော ဝင်ငွေ
ပေါ်မှ ကော်မရှင်ယူပါသည်။ အချို့ဆိုလျှင် နိုင်ငံရေး
ရုပ်ပြောင်းကာတွန်းများကို သတင်းစာအစောင် ၁၀၀

ခန့်က အသုံးပြုရာ တစ်နေ့တည်း ကာတွန်းဆရာသည် မိမိ၏ တီထွင်မှုကာတွန်းအတွက် ဒေါ်လာတစ်သောင်း ရရှိသွားပါ၏။

ဤနေရာတွင် မြန်မာနိုင်ငံမှ နားလည်မှုနှင့် အနည်းငယ် ကွဲလွဲမှုရှိပါ၏။ မြန်မာနိုင်ငံတွင် ဝတ္ထုတစ်ပုဒ်၊ ဆောင်းပါးတစ်ပုဒ် ကာတွန်းတစ်ခုကို မဂ္ဂဇင်းတစ်စောင်တည်းတွင်သာ ပါရမည်ဟု အစွဲရှိနေ၏။ ဝတ္ထုတိုတစ်ပုဒ်ကို မဂ္ဂဇင်းဆယ်စောင်တွင် တစ်ပြိုင်နက်တည်းပါတော့ ဘယ်သူက တရားစွဲမည်နည်း။

အယ်ဒီတာနှင့် မူလစာရေးဆရာ၏ သဘောပင်ဖြစ်၏။

အယ်ဒီတာများသည် ဝတ္ထုအဟောင်းများ၊ ဆောင်းပါးအဟောင်းများကိုပင် ထည့်သွင်းကြပေရာ ဝတ္ထုကောင်းအသစ်စက်စက်ကို အခြားမဂ္ဂဇင်းများနှင့် တစ်ပြိုင်နက်တည်း မဖော်ပြနိုင်စရာ အကြောင်းမရှိပါ။ ဝတ္ထုသည် အမှန်တကယ် ကောင်းသည့်ဝတ္ထုဖြစ်ပါက မိမိမဂ္ဂဇင်းပရိသတ်သည် အခြားမဂ္ဂဇင်းတစ်ခုနှင့် တစ်ချိန်တည်း ထိုဝတ္ထုကောင်းကို ဖတ်ရှုခွင့်ရမည် ဖြစ်၏။ ဝတ္ထုကောင်းတစ်ပုဒ်ကို အခြားမဂ္ဂဇင်းတွင် ပါမည်ဖြစ်သောကြောင့် မိမိမဂ္ဂဇင်းတွင် မထည့်ပါက မိမိပရိသတ်သည် ဝတ္ထုကောင်းတစ်ပုဒ်ဖတ်ရှုဖို့ အခွင့်အရေးဆုံးရ

သည့်ပြင် ယင်းဝတ္ထုကို ဖတ်ရှုလိုသောကြောင့် အခြားမဂ္ဂဇင်းအား သွားဝယ်ဖတ်ခြင်းဖြင့် ထိုမဂ္ဂဇင်းကို ကြိုက်နှစ်သက်ကာ မိမိမဂ္ဂဇင်းအား စွန့်လွှတ်မှုမျိုးလည်း ဖြစ်နိုင်၏။

ထို့ကြောင့် ဝတ္ထုကောင်းများ၊ ရုပ်ပြ၊ ကာတွန်းဆောင်းပါးများ၊ အယ်ဒီတာက မိမိကြိုက်လျှင် ကြိုက်သလို ထည့်နိုင်သည်။ မဂ္ဂဇင်းနှစ်စောင်၊ သုံးစောင်တစ်ပြိုင်နက်တည်းထည့်နိုင်၏။ မြန်မာနိုင်ငံတွင် သတင်းထူး သတင်းဦးဟူသော အယူအဆမှ ကာတွန်းကောင်းများ၊ ဝတ္ထုကောင်းများကို မိမိတို့ သတင်းစာတိုက်၊ မဂ္ဂဇင်းတိုက်တွင်သာ ဖော်ပြလိုသော စိတ်မှာ စာမူကျယ်ပြန့်စွာ ပါဝင်မှုကိစ္စ ကျဉ်းမြောင်းနေသည်ကို သတိပြုသင့်ပါ၏။

ယခင်က ထွန်းနေ့စဉ်သတင်းစာသည် အခြားသတင်းစာတစ်ခုမှ ခေါင်းကြီးဆောင်းပါးကို နှစ်သက်ပါက ယခင်နေ့က မြန်မာ့အလင်း သတင်းစာတိုက်တွင် ဖော်ပြသော ခေါင်းကြီး (သို့မဟုတ်) ဆောင်းပါးသည် ကျွန်ုပ်တို့၏ အာဘော်နှင့် ကိုက်ညီ၍ ကျွန်ုပ်တို့စာဖတ်ပရိသတ် ဖတ်ရှုသင့်သည်ဟု ယူဆ၍ ကူးယူဖော်ပြပါသည်ဟုဆိုကာ ဖော်ပြပြီး စာမူခကိုလည်း ထပ်မံ၍ ပေးပါ၏။

ယခုအခါ ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာနှင့် New Light Myanmar သတင်းစာများရှိရာ အရေးကြီးဆောင်းပါးများကို သတင်းစာသုံးစောင်စလုံးတွင် တစ်ပြိုင်နက် ထည့်သွင်းမှု ရှိပါသည်။

ထို့ကြောင့် စာပေအနုပညာပစ္စည်းများ ကျယ်ပြန့်မှုရှိအောင် စာကောင်းပေကောင်း အနုပညာပစ္စည်းကောင်းများ လူထုအတွင်း ပိုမို ကျယ်ပြန့်စွာ ရောက်စေရန် ဖန်တီးရှင် အနုပညာသမားတို့ ခံစားခွင့် ကျယ်ပြန့်မှုရှိစေရန်၊ ပိုမိုကောင်းမွန်သော အနုပညာလက်ရာများ ပေါ်ထွန်းလာစေရန် စာမူဆောင်းပါးဝတ္ထုတစ်ပုဒ်မဂ္ဂဇင်းအများအပြားတွင် တစ်ပြိုင်နက်တည်း ဖော်ပြမှုသည် မည်သူ့ကိုမျှ အကျိုးယုတ်စေသော ကိစ္စမဟုတ်၊ ထိုကိစ္စသည် အယ်ဒီတာနှင့် စာရေးသူ၏ ဆန္ဒသဘောသာလျှင် ဖြစ်၍ ပြုလုပ်သင့်ကြောင်း တင်ပြလိုပါ၏။

နိုင်ငံတကာတွင် ဆင်ဒီကိတ်ဖွဲ့၍–

- ကာတွန်း
- ပင်တိုင်ဆောင်းပါး
- ရုပ်မြင်သံကြားဇာတ်လမ်း
- ပဟေဠိကဏ္ဍ
- အတင်းအဖျင်းသတင်းကဏ္ဍ
- သီချင်း

- ဟောပြောချက်
- ကဗျာ
- ဝတ္ထုတို
- စာညွှန်း
- အဆိုအမိန့်

များကို မဂ္ဂဇင်းဂျာနယ်၊ သတင်းစာပေါင်းများစွာတွင် တစ်ပြိုင်နက်တည်း ထည့်သွင်းဖော်ပြမှု ရှိသည်ကို သတိပြုသင့်ပါ၏။

အခြားနိုင်ငံများတွင် စာဖတ်သူ စိတ်ဝင်စားမည့် ကြိုက်နှစ်သက်မည့် အကြောင်းအရာတစ်ခုခုကို ဆင်ဒီကိတ် မန်နေဂျာက ရှာဖွေပါ၏။ မိမိကြိုက်နှစ်သက်ပါက ဆင်ဒီကိတ်ဝင် သတင်းစာများသို့ ဖြန့်ချိ၍ ပေးလိုက်ပါသည်။ သက်ဆိုင်ရာ အယ်ဒီတာများက သူတို့သတင်းစာတွင် သုံးသင့်မသုံးသင့်၊ စာဖတ်သူ ကြိုက်မကြိုက်ကို စိစစ်ကာ ဆုံးဖြတ်၍ မိမိ သတင်းစာတွင် ထည့်သွင်း အသုံးပြုပါသည်။

အချို့နိုင်ငံခြားမှ အနုပညာရှင်များသည် ကာတွန်းရုပ်ပြလေးတစ်ပုံဖြင့် တီထွင်ဖန်တီးသူ အနုပညာရှင်သည် တစ်ခါတည်းဖြင့် သန်းကြွယ်သူဌေးဖြစ်သွားရသူများ ရှိ၏။ သူ၏ ဖန်တီးမှုကို နောက်တစ်နေ့တွင် အခြားနိုင်ငံမှ သတင်းစာများကတစ်ဆင့် ကူးယူဖော်

ပြခြင်းဖြင့် ဝင်ငွေများ ဆက်ရနေပါ၏။ ဆောင်းပါး ကောင်းတစ်ပုဒ်၊ ဝတ္ထုကောင်းတစ်ပုဒ်၊ စာမူတစ်ပုဒ်သည် မဂ္ဂဇင်းတစ်စောင်တည်းတွင်သာ ပါဝင်ရမည်ဟု အစွဲ ထားမှုသည် မကျယ်ပြန့်ပါ။ မိမိမဂ္ဂဇင်းကလည်း စောင် ရေက ၅၀၀၀ လောက်သာရှိရာ အနုပညာဖန်တီးမှုတစ်ခု သည် ၅၀၀၀ သော စောင်ရေဖြင့် ချုပ်ငြိမ်းခံရသည့် သဘောဖြစ်ပါ၏။

အချို့သော နိုင်ငံတကာ အကျိုးတူလုပ်ငန်းစု ယန္တရားများတွင် ဆင်ဒီကိတ်မန်နေဂျာတို့သည် ဝင်ငွေ ၏ ၂၀ ရာခိုင်နှုန်းမျှကို ရယူကြသည်။ ထို့အတွက်လည်း အနုပညာရှင်နှင့် ဆင်ဒီကိတ်မန်နေဂျာတို့ ကြိုတင် သဘောတူညီမှုစာချုပ်များ ရှိကြ၏။

အချို့သော ဆင်ဒီကိတ်မန်နေဂျာတို့သည် စာရေး ဆရာများ၊ ဗီဒီယို၊ ရုပ်ရှင်ဇာတ်လမ်းအသစ်များ၊ မင်း သမီးအသစ်ပါသော ဇာတ်လမ်းများကို ချဉ်းကပ်ကြည့် ရှုကာ ဈေးချိုချိုဖြင့် ကမ်းလှမ်းကြည့်ကြသည်။ အချို့ ဆိုလျှင် အဖိုးအခမယူဘဲ စမ်းသပ်ရန် ဆင်ဒီကိတ် မန်နေဂျာသို့ လာ၍အပ်ကြ၏။ ထိုအခါ ဆင်ဒီကိတ် မန်နေဂျာက သတင်းစာတစ်စောင်တွင် ထည့်၍ ပရိသတ် အခြေအနေကို အကဲစမ်းကာ လက်စလက်န တွေ့ပါ က မူပိုင်ဝယ်ယူ၍ ဖြန့်ချိမှုများ ပြု၏။ နောင်ရေးသား

ည့် အနုပညာလက်ရာများအတွက် မူပိုင် ကြိုတင်ဝယ်
ယူမှုပြုခြင်းများကို ပြုလုပ်ကြပါ၏။

စာမူပိုင်ခွင့်၊ ရုပ်ရှင်ထုတ်လုပ်ခွင့်၊ သီချင်းဓာတ်
ပြား စသည့် လုပ်ငန်းများကို အကျိုးတူ လုပ်ငန်းစု ဖွဲ့
ည်းလုပ်ဆောင်ပါက ဝင်ငွေကောင်းသော လုပ်ငန်း
များ ဖန်တီးနိုင်ပါသည်။ စာအုပ်ထုတ်ဝေရေး၊ ရုပ်ရှင်
နှင့် တေးသံသွင်းလုပ်ငန်းများတွင် အလားတူ ဆောင်
ရွက်မှုမျိုး မြန်မာနိုင်ငံတွင်လည်း ရှိပါသည်။ ယင်း
လုပ်ငန်းအား ဝင်ငွေရှာရာတွင် စိတ်ဝင်စားသင့်ကြောင်း
တင်ပြရပါသည်။



## အခန်း (၁၀)

# မူပိုင်အကျိုးတူလုပ်ငန်း

ယခု ကျွန်တော် တင်ပြနေသော စီးပွားရေးလုပ်
န်းများသည် မြန်မာနိုင်ငံတွင် အချို့မပီမပြင် ထွန်း
ားနေသော၊ အချို့စီးပွားရေးလုပ်ငန်းဟု မသတ်မှတ်
ဲ လုပ်ကိုင်နေသော လုပ်ငန်းကိုင်ငန်းကောင်းကြီးများ
ဖြစ်၏။

နိုင်ငံတကာတွင် မစ္စတာလိုဘွန်စ္စီးလို ငွေမရ
လျှင် အချိန်ကုန်သိပ်မခံကြပေ။ လုပ်ငန်းအားလုံး ငွေ
ရှိမှသာ လုပ်ကိုင်ကြ၏။ မြန်မာနိုင်ငံမှာတော့ "အမေရိ
ကန်စနစ်"ဟု ခေါ်ကြ၏။ လက်ဖက်ရည်သောက်လျှင်

ကိုယ့်ပိုက်ဆံကိုယ်ပေး၊ ကိုယ်စားတာ ကိုယ်ခံကြေးကို အထူးအဆန်းသဖွယ် ဖြစ်၏။ ကိုယ်စားတာ ကိုယ်ပေးခြင်းစနစ်ကိုပင် လှောင်ပြောင်စရာအဖြစ် သတ်မှတ်ကြ၏။

လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်ဖိုးအတင်းလုပေးနေကြသော ဖြစ်ရပ်ကို မကြာခဏ တွေ့ကြရ၏။

ကျွန်တော်တို့သည် အားနာတတ်သော၊ သဘောကောင်းသော၊ ကူညီလိုသောလူမျိုးဖြစ်၍ အချို့ အလွန်အရေးကြီးသော ကိစ္စကြီးများကို အဖိုးအခမယူဘဲ ကူညီနေကြသည်ကို တွေ့ရ၏။ လိုအပ်ချက် ရှာဖွေရေးလုပ်ငန်းသည် နိုင်ငံခြားတွင် အဖိုးစားနား ရယူ၍ လုပ်ဆောင်နေသော လုပ်ငန်းဖြစ်သော်လည်း မြန်မာနိုင်ငံတွင် အခမဲ့ကူညီနေသော လုပ်ငန်း ဖြစ်ပါ၏။

ယခုတင်ပြမည့် မူပိုင်အကျိုးဆောင်လုပ်ငန်းမှ လူငယ်တစ်ဦးဖြစ်သူ ဦးဝင်းကြည်သည် အကောင်အထည်ဖော် ဆောင်ရွက်ဖူးပါ၏။ ဦးဝင်းကြည်က အိမမုန့်ဟင်းခါးအမည်ကို တီထွင်သည်။ မုန့်ဖတ်ကို မိမိဘာသာဝယ်၍ မုန့်ဟင်းခါးအရည်ကို ဦးဝင်းကြည်က ချက်၍ ဖြန့်ပေးသည်။ အိမ မုန့်ဟင်းခါး ကိုယ်စားလှယ်လုပ်သူများသည် အိမမုန့်ဟင်းခါးအမည်နှင့် မုန့်ဟင်းခါးအရည်ကို ဦးဝင်းကြည်ထံမှ ယူရသည်။ မိမိ

ပန်းမျိုးတစ်ရာစာပေ

ကို ရပ်ကွက် မိမိတို့ ဈေးနယ်ပယ်တစ်ခုခုတွင် ဆိုင်ငှ်ရောင်းရန် ဖြစ်၏။ ဆိုင်ဖွင့်ပွဲကို အိမမုန့်ဟင်းခါးလုပ်ငန်းမှ လာရောက်ကြော်ငြာ၍ ဖွင့်ပေးသည်။ အိမမုန့်ဟင်းခါးကြော်ငြာကို ဦးဝင်းကြည်က ပြုလုပ်ပေးသည်။ ဘယ်ဈေးဘယ်နေရာတွင် အိမမုန့်ဟင်းခါဆိုင်ရှိကြောင်း ကြေညာပေးပါသည်။ ဤသို့ဖြင့် အိမမုန့်ဟင်းခါး အင်ပါယာ ဖြန့်ချိရေးလုပ်ငန်းသည် ရန်ကုန်ဈေးကွက်တွင် အောင်မြင်ခဲ့ပါသည်။ သို့သော်လည်းဦးဝင်းကြည်မိသားစုသည် ဟင်းရည်ချက်ရာတွင် ငါးခူများကို မွေးရခြင်း အသက်နှင့်မကင်းသော လုပ်ငန်းဖြစ်၍ အောင်မြင်သော ယင်းလုပ်ငန်းကို မိမိတို့ဘာသာရပ်တန့်လိုက်ခြင်း ဖြစ်၏။

ယခုတင်ပြမည့် မူပိုင်လုပ်ငန်း အကျိုးတူဆောင်ရွက်မှုသည် အိမမုန့်ဟင်းခါး ဖြန့်ချိရေးလုပ်ငန်းသဘောင် ဖြစ်၏။ ဝင်ငွေကောင်းရနိုင်သော လုပ်ငန်းဖြစ်သည်။

ဤလုပ်ငန်းသည် စိတ်ကူးအကြံဉာဏ်တစ်ခုခုခွဲဝေလုပ်ငန်းမှု ဖြစ်၏။ ယင်းလုပ်ငန်းတွင် အပိုင်းနှစ်ပိုင်းပါဝင်၏။

တစ်ပိုင်းမှာ အောင်မြင်သောလုပ်ငန်းတစ်ခုကိုနယ်မြေပိုင်းခြား သတ်မှတ်တိုးချဲ့ခြင်း၊ နယ်စားပယ်စားသတ်မှတ်ခြင်းဖြစ်၍ ဒုတိယပိုင်းမှာ လုပ်ငန်းတစ်ခုကို

တီထွင်သူက သူ၏အောင်မြင်သောလုပ်ငန်းမူရင်းကို ပွားပေးခြင်း ဖြစ်၏။

အဓိကလိုအပ်ချက်မှာ စိတ်ကူးကောင်းကောင်းနှင့် ကူညီရေးနှင့် အကူညီခံရသူက အကျိုးအမြတ်အချို့ကို ပြန်လည်ခွဲဝေပေးရေးဖြစ်၏။

မူပိုင်အကျိုးတူလုပ်ငန်းတွင် ပထမပုဂ္ဂိုလ်ကြီးသည် လုပ်ငန်းကြီးတစ်ခုကို အောင်မြင်အောင် ဆောင်ရွက်ရသည်။ ထိုသို့ဆောင်ရွက်ပြီး မိမိ၏ အောင်မြင်မှုကို နယ်မြေသတ်မှတ်၍ အခြားသူတစ်ဦးအား ခွဲဝေခြင်းဖြစ်၏။

ရန်ကုန်တွင် ရေခဲချောင်းလုပ်ငန်းများတွင် အိုကေရေခဲချောင်းကို ပထမပုဂ္ဂိုလ်က တီထွင်၏။ ချိုအောင်၊ ဆိမ့်အောင် ပြည်သူလူထုအတွင်း ပေါက်ရောက်အောင် ကြော်ငြာဖြန့်ချိ၏။ ထိုသို့အောင်မြင်လာသောအခါ မြို့နယ်တစ်ခုစီတွင် အိုကေရေခဲချောင်း ကိုယ်စားလှယ်တစ်ဦးစီထားကာ နယ်မြေပိုင်းခြားရောင်းစေသောစနစ်ဖြစ်၏။

မနက်ပိုင်းတွင် ရေခဲချောင်းတစ်ထောင်ပါသောတွန်းလှည်းကို မိမိကိုယ်စားလှယ်အား ပေးလိုက်သည်။ ပေးလိုက်သောအခါ ရေခဲချောင်းတစ်ချောင်းကို ပြားရှစ်ဆယ်နှင့် ပေးလိုက်၏။ ကိုယ်စားလှယ်က တစ်ချောင်း

တစ်ကျပ်နှင့် မိမိပိုင်နယ်မြေအတွင်း ရောင်းချသောနည်း ဖြစ်၏။

ယခုထက် ပိုမိုအသေးစိတ်သော မူပိုင်အကျိုးတူ လုပ်ငန်းမှာ လုပ်ငန်းတစ်ခုကို ပထမပုဂ္ဂိုလ်က တီထွင် လိုက်သည်။ ထို့နောက် မိမိလုပ်ငန်းအတွက်–

- သီးခြားဆိုင်အခင်းအကျင်း
- ပစ္စည်းရောင်းချတင်ပြသည့်စနစ်
- ဈေးနှုန်း
- အမှတ်အသားတံဆိပ်
- ဝန်ထမ်းလေ့ကျင့်ခြင်း

သည်တို့ကို သီးခြားစနစ်ဖြင့် တီထွင်ထား၏။

ထိုတီထွင်မှု စနစ်စိတ်ကူးကို အခြားသူတစ်ဦး အား အစမှအဆုံး သင်ကြားပေးသည်။ ထို့နောက် ထို လုပ်ငန်းကို လုပ်ဆောင်ရန် နယ်မြေသတ်မှတ်ပေးသည်။ ဝယ်ယူသူသည် ဝယ်ရုံသာမက ကော်မရှင်အခကြေးငွေ ကိုပါ ပေးသည်။ ရာခိုင်နှုန်းမှာ နှစ်ရာခိုင်နှုန်းမှ ဆယ် ရာခိုင်နှုန်းထိ ဖြစ်၏။

ဥပမာပေးရသော် McDonald စားသောက် ဆိုင်လုပ်ငန်းဖြစ်သည်။ McDonald စားသောက်ဆိုင် လုပ်ငန်းကို–

- မိမိ၏ စားသောက်ဆိုင်ဒီဇိုင်း
- စားသောက်ဆိုင်တွင် ရောင်းသည့်မုန့်များ၊ စားစရာများ
- စားစရာများကို ထုတ်လုပ်သည့်စနစ်
- ဝန်ထမ်းများ
- အဝတ်အစား
- ရောင်းချသည့်စနစ်

စသည်တို့ကို မက်ဒေါနားသည် သူ့ကိုယ်ပိုင်ဟန်များ ရှိ၏။ မက်ဒေါနား ကော်ပိုရေးရှင်းကြီးသည် အမေရိကန်တွင် အခြေစိုက်၏။ ရန်ကုန်မြို့တွင် မက်ဒေါနားဆိုင်ဖွင့်လိုပါက ယင်းကော်ပိုရေးရှင်းနှင့် ဆက်သွယ်ကာ မက်ဒေါနားဆိုင်ဒီဇိုင်း၊ အစားအစာ၊ မက်ဒေါနားအမည်၊ မုန့်လုပ်သည့်နည်းစနစ်၊ ဝန်ထမ်းလေ့ကျင့်မှုများကို မက်ဒေါနားကော်ပိုရေးရှင်းက လာရောက်ဖွင့်ပေး၏။ ထိုသို့ဖွင့်ပေးသည့်အတွက် မက်ဒေါနားကော်ပိုရေးရှင်းအား သတ်မှတ်ငွေ ပေးရသည်။ မက်ဒေါနားကော်ပိုရေးရှင်းမှ ကိုယ်တိုင်လာ၍ ဖွင့်ပေးသည်။ ထို့နောက် မက်ဒေါနား (ရန်ကုန်) ဆိုင်မှ ကော်မရှင် နှစ်မှ ရာခိုင်နှုန်းမှ ဆယ်ရာခိုင်နှုန်းအတွင်း မူလသဘောတူညီထားသည့်အတိုင်း ပေးရပါ၏။

ပန်းမျိုးတစ်ရာစာပေ

ဤနည်းမှာ ဟင်းစားသာမက ကွန်ချက်ကိုပါ
ပြ၍ ခွဲဝေလုပ်ငန်း လုပ်ဆောင်ခြင်း ဖြစ်ပါသည်။

မက်ဒေါနား ကော်ပိုရေးရှင်းကြီးသည် မိမိ၏
ားသောက်ဆိုင်လုပ်ငန်းကို ကမ္ဘာအရပ်ရပ် နိုင်ငံအသီး
သီးတွင် သက်ဆိုင်ရာနိုင်ငံများမှ ပုဂ္ဂိုလ်များက မိမိတို့
ရင်းအနှီးဖြင့် ဖွင့်လှစ်သည်ကို မိမိက ကော်မရှင်အချို့
ခံစား၍ ရပ်တည်သောစနစ်ဖြစ်၏။

ထောင်ပေါင်းများစွာသော မက်ဒေါနားဆိုင်များ
သည် ကမ္ဘာပေါ်တွင်ရှိရာ ဆိုင်တစ်ဆိုင်၏ တစ်နေ့
ဝင်ငွေမှာလည်း ဒေါ်လာ ထောင်နှင့် သောင်းနှင့်ရှိရာ
ယင်းဝင်ငွေများမှ ကော်မရှင်ကို မက်ဒေါနားကုမ္ပဏီ
ကြီးက ရယူခြင်းဖြင့် ရပ်တည်ရာ မက်ဒေါနားကုမ္ပဏီ
တွင် အလွန်မှ ဝင်ငွေဖြောင့်ပါ၏။

လုပ်ငန်းတစ်ခုကို တီထွင်ပြီး ထိုတီထွင်မှုကို
တစ်ဦးချင်းစီသို့ ရောင်းစားခြင်း ဖြစ်သည်။ လုပ်နည်း
စနစ်ကိုပါ ပေး၍ ကော်မရှင် ရယူသော လုပ်ငန်းဖြစ်
၍ စိတ်ကူးကောင်းတစ်ခု ပေါ်ပေါက်ပါက ထိုစိတ်ကူး
မှ ထာဝရဝင်ငွေ ရယူနိုင်သောနည်း ဖြစ်၍ အလွန်
ကောင်းပါ၏။ မူပိုင်ငွေခွဲဝေပေးပြီး ကော်မရှင်ယူသော
စနစ်ဖြစ်ပါ၏။ မြန်မာနိုင်ငံတွင်လည်း ထိုစနစ်နှင့်
ဆင်တူရိုးမှားလုပ်ငန်းများ ရှိပါသည်။ ဥပမာ ဆေးလိပ်

လုပ်ငန်းတွင် တံဆိပ်အပတ်ရောင်း၍ လုပ်ပိုင်ခွင့်ပေးခြင်းမျိုး ဖြစ်ပါ၏။ ဝင်ငွေကောင်းနိုင်သဖြင့် ယင်းလုပ်ငန်းများကိုလည်း စိတ်ဝင်စားသင့်၏။

မက်ဒေါနားစားသောက်ဆိုင်လုပ်ငန်းသည် ဒဏ္ဍာရီသဖွယ် ထင်မှတ်ရလောက်အောင် အောင်မြင်ကျော်ကြားပါ၏။

- မက်ဒေါနားသည် ဘယ်နေရာတွင် လုပ်လုပ် အောင်မြင်သည်။
- မက်ဒေါနားသည် တစ်မူဆန်းသော်လည်း မည်သူမဆို လုပ်နိုင်သော လုပ်ငန်းဖြစ်သည်။
- အစားအသောက်လုပ်ငန်း၏ အမြတ်အချိုးအစားမှာ အလွန်ကြီးမား၍ လုပ်ဆောင်သူရော မက်ဒေါနားကော်ပိုရေးရှင်းကြီးပါ အကျိုးရှိ၏။
- စိတ်ကူးစိတ်သန်းမှာလည်း ထူးဆန်းထွေလာမဟုတ်၊ ရိုးသည်၊ လွယ်သည်။
- မက်ဒေါနား စားသောက်ဖွယ်ရာများသည် အရသာရှိ၏။

ထို့ကြောင့် ဝင်ငွေရှာဖွေရာတွင် မူပိုင်အကျိုးတူလုပ်ငန်းများကိုလည်း လုပ်သင့်လှပါ၏။

ပန်းမျိုးတစ်ရာစာပေ




## အခန်း (၁၁)

## လိုင်စင်စနစ်

လူ၏ခန္ဓာကိုယ်သည် ငါးပေမှ ခြောက်ပေအထိသာ မြင့်၍ လက်နှစ်ဖက်၊ ခြေထောက်နှစ်ဖက်၊ မျက်စိနှစ်လုံး၊ ပါးစပ်တစ်ပေါက်သာ ပါရှိပါသည်။ မာရ်နတ်နှင့် ဟန္တီနတ်မင်းကြီးများမှတစ်ပါး ဘယ်သူမှ လက်အပိုများ မပါကြပေ။ သို့ကြောင့် ခန္ဓာကိုယ်သည် အကန့်အသတ်ရှိနေ၍ အကန့်အသတ်ရှိ ဤခန္ဓာကိုယ်အား အသုံးပြု၍ ငွေရှာရာတွင်လည်း အကန့်အသတ်မဲ့ ဝင်ငွေကို ရရှိအောင် မရှာဖွေနိုင်ကြပါ။

လူ၏ခန္ဓာကိုယ်သည်သာ အကန့်အသတ်ဖြစ်နေသည်မဟုတ်၊ လူသည် မိမိပိုင် အချိန်ကလည်း အကန့်အသတ်နှင့်ဖြစ်၏။ ယနေ့ခေတ်လူ၏ သက်တမ်းသည် ၇၀ မှ ၈၀ အတွင်းရှိ၍ လူများသည် အသက် ၆၀ အထိသာ အလုပ်လုပ်ပေရာ လူတစ်ဦး၏ ဘဝတစ်ခုတွင် အလုပ်လုပ်ချိန် အနှစ် ၂၅ နှစ်လောက်သာရကြ၏။ ထို့ကြောင့် လူသည် မိမိပိုင်အချိန်မှာလည်း အကန့်အသတ်နှင့်ဖြစ်၏။

ထို့ကြောင့် အချိန်နှင့် ခန္ဓာကို အသုံးပြု၍ ငွေရှာရသောသူတိုင်း၏ ဝင်ငွေသည် ကန့်သတ်မှု ရှိနေ၏။

အချိန်နှင့် ခန္ဓာကို အသုံးပြု ငွေရှာသူများသည်–

– ဝန်ထမ်းများ
– လခစားများ
– စာရေးဆရာ
– ဆရာဝန်
– အတတ်ပညာရှင်
– အသိပညာရှင်
– အနုပညာသည်များ
– ပန်းချီဆရာ
– ယာဉ်မောင်း
– လက်သမား
– ပန်းထိမ်ဆရာ

စသည်တို့ အားလုံးပါဝင်ကြသည်။

ကျွန်တော်တို့သည် အချိန်ကို အသုံးပြု ငွေရှာ ရာတွင် ကန့်သတ်မဲ့ ဝင်ငွေရရှိအောင် မရှာနိုင်သော ကြောင့် ကန့်သတ်မှုဘောင်မှ ကျော်လွှန်အောင် ငွေကို ရင်းနှီးမြှုပ်နှံ၍ လည်းကောင်း၊ မူပိုင်စနစ်များ၊ အကျိုး တူ မူပိုင်နည်းများကို အသုံးပြု၍ လည်းကောင်း၊ ငွေ ကို တိုးပွားရေးအတွက် ကြံဆခဲ့ကြ၏။

လိုင်စင်ချထားခြင်းစနစ်သည် အချိန်ကို အသုံး ပြု ငွေရှာသည်ထက် ပိုမိုဝင်ငွေ ရရှိသည်။ လူတို့ကြံဆ ထားသော စနစ်တစ်ခုဖြစ်သည်။

လိုင်စင်စနစ်ဆိုသည်မှာ မိမိပိုင်လုပ်ငန်းကို အခြား နေရာဌာနတစ်ခုတွင် ထိန်းချုပ်မှုတစ်ခုခုဖြင့် လုပ်ပိုင် ခွင့်ပေးသောစနစ်ဖြစ်၏။ အစိုးရဌာနများ အာဏာပိုင် အဖွဲ့များက လုပ်ပိုင်ခွင့်ကို လိုင်စင်ချထားသော စနစ် ကဲ့သို့ပင် ဖြစ်ပါ၏။

- အရက်ရောင်းချခွင့်လိုင်စင်
- ငါးဖမ်းခွင့်လိုင်စင်
- ကျောက်တူးဖော်သည့်လိုင်စင်
- အဆောက်အအုံ ဆောက်လုပ်သည့်လိုင်စင်

ဟူ၍ရှိရာ ထိုလိုင်စင်ရှိရန်အတွက် သတ်မှတ်ထားသော လိုင်စင်ကြေးငွေကို ပေးရသည်။ စီးပွားရေးလောက

တွင် လိုင်စင်လုပ်ငန်းတစ်ခုလုပ်ပါက (က) လိုင်စင်ချပေးသောသူနှင့် (ခ) လိုင်စင်ရယူဆောင်ရွက်သူတို့သည် ပြည်ပတွင်ဖြစ်စေ၊ ပြည်တွင်း၌ ဖြစ်စေ လိုင်စင်လုပ်ငန်းလုပ်ဆောင်ရန် သဘောတူညီချက်များ ပြုလုပ်ရ၏။

ကုန်အမှတ်တံဆိပ်ကို တစ်ကမ္ဘာလုံးသို့ လိုင်စင်စနစ်ဖြင့် ရောင်းချနိုင်ပါသည်။ ဥပမာJohnny Walker စကော့ဝီစကီကို စကော့တလန်မှ ထုတ်လုပ်ရာယင်းဝီစကီ ကို သဘောတူညီချက်အချို့ဖြင့် အမေရိကန်၊ ဂျပန် စသည်တို့တွင် ထုတ်လုပ်နိုင်သည်။ ထိုအခါ Johnny Walker, bottled in Singapore ဟု ရေးကာ ထုတ်လုပ်နိုင်၏။

လိုင်စင်စနစ်ဆိုသည်မှာ ဂျပန်သည် နာရီများ၊ မော်တော်ကားများကို တစ်ကမ္ဘာလုံးတွင် လိုင်စင်ချထားပေး၍ ထုတ်လုပ်မှုမျိုး၊ မြန်မာပြည်တွင် စက်ရုံတည်၍ ကိုရီးယားထုတ်ကုန် အမှတ်တံဆိပ်များ ကပ်နှိပ်ရောင်းချခွင့်လိုင်စင် ရယူဆောင်ရွက်ခြင်းမျိုး ဖြစ်ပါ၏။

လိုင်စင်ချထားပေးသူ ဂျပန်ကုမ္ပဏီသည် လိုင်စင်ရသူ စင်ကာပူ ကုမ္ပဏီထံမှ မူပိုင်ခအဖြစ် ရောင်းရငွေမှ ရာခိုင်နှုန်း ခံစားခွင့်ရှိပါ၏။ လိုင်စင်ရယူရာတွင် အခြေခံအချက် သုံးချက်ပေါ်၌ လုပ်ဆောင်ကြ၏။

ပန်းမျိုးတစ်ရာစာပေ

ပထမအချက်မှာ ထိုပစ္စည်းသည် အရောင်းသွက်၍ မိမိဒေသ၊ မိမိနိုင်ငံတွင် မရှိသေးသော ပစ္စည်းကို လိုင်စင်ယူမှ အကျိုးရှိပါမည်။ ဒုတိယအချက်မှာ ထိုကဲ့သို့ ပစ္စည်းမျိုးတွေ့ပြီ ဟုဆိုပါက မူလထုတ်လုပ်သူထံ ချဉ်းကပ်၍ မိမိသည် မူလပစ္စည်းကဲ့သို့ အကောင်းဆုံးထုတ်လုပ်ပေးနိုင်သူဖြစ်ကြောင်း မူလ ပုဂ္ဂိုလ်လက်ခံလာအောင် မိမိအား လိုင်စင်ချပေးအောင် တင်ပြတောင်းခံရမည်။ တတိယအချက်မှာ ထိုသို့ပြုလုပ်ရာမှ ရောင်း၍ရသော ဝင်ငွေပေါ်မှ မူပိုင်နိုင်ကြောင်း ဘယ်လောက်ပေးရမည်ကို ညှိနှိုင်း၍ ခိုင်ကြေးပေးရန် ဥပဒေဖြင့် ဘောင်ဝင်အောင် ပြုလုပ်ကြရပါသည်။

ဥပမာ ယခု မြန်မာနိုင်ငံတွင် ထုတ်လုပ်လျက်ရှိသော ပက်ပစီကိုလာ ထုတ်လုပ်ခြင်းမျိုးသည် လိုင်စင်သဘောသက်ရောက်ပါသည်။

ရွှေနဂါးဦးတင်ဝင်းသည် ယင်းက–

- မီးဖိုများ၊
- အသေးစားလယ်ထွန်စက်များ၊
- ကလေးကစားစရာများ

ကို တီထွင်ထုတ်လုပ်ရာတွင် အသေးစားလယ်ထွန်စက်များကို မိမိက တီထွင်ပြီး မည်သို့လုပ်ရမည်ကို သင်တန်းပေးပါသည်။ ထို့နောက် ထုတ်လုပ်ပုံနည်းစနစ်ကိုစာအုပ်ထုတ်ဝေ၍ မိမိမူပိုင် လယ်ထွန်စက်ပြုမှုကို လုပ်ကိုင်သူတိုင်းအား လိုင်စင်ချပေးပါသည်။ ဤလုပ် ဆောင်မှုသည်လည်း လိုင်စင်ချပေးသောနည်းပင် ဖြစ်ပါ၏။

အချို့ ဆေးလိပ်ခုံများသည် မိမိတို့ထံမှ ဆေးလိပ်အပတ်ကို ဝယ်ယူစေ၍ လိုင်စင်ပေးခြင်းမျိုးလည်းရှိပါသည်။ သီချင်းခွေများ၊ ရုပ်ရှင်၊ ဗီဒီယိုတိတ်ခွေများ ဖြန့်ချိမှုတွင်လည်း လိုင်စင်သဘောများ ပါဝင်ပါသည်။

မိမိတီထွင်မှု မိမိစိတ်ကူး၊ မိမိကုန်အမှတ်တံဆိပ် မိမိ ကုန်ပစ္စည်းကို အဖိုးအခ ရာခိုင်နှုန်းယူ၍ လိုင်စင်များ ချပေးကာ ခွဲဝေလုပ်ဆောင်သည့်စနစ် ဖြစ်ပါသည်။

ယခု ကျွန်တော် တင်ပြသော စနစ်များကို မိမိတို့နှင့် အဆင်ပြေစွာ၊ သစ္စာရှိစွာ၊ ရိုးသားစွာ အသုံးပြု၍ လုပ်ငန်းချဲ့ထွင်ကြရန် ဖြစ်ပါသည်။

ကုန်သွယ်မှု၊ ငွေရှာမှုတွင် ကတိသစ္စာတည်ရေးသည် အလွန်မှ အရေးကြီးပါသည်။ လိမ်လည်ခြင်း၊ မိမိက ရာခိုင်နှုန်း သတ်မှတ်ထားသည်ကို မှန်မှန်ကန်ကန် မပြဘဲ စာရင်းလိမ်ခြင်းများ မပြုလုပ်ရန် ရိုးသားရန် လိုပါသည်။

ကုန်သွယ်မှု၊ ငွေရှာမှုလောကတွင် မရိုးသားပါက လုပ်ငန်းမအောင်မြင်နိုင်ကြောင်း သတိရှိရပါမည်။

ကတိသစ္စာ
တည်သောခါ
သြဇာလေးနက်
ပေါ်ဆိတက်ဂ်
နွယ်မြက်သစ်ပင်
ဆေးဘက်ဝင်သည်

ဟူသော စကားရှိပါသည်။

မှုပိုင်ခွဲဝေသည့် စနစ်များ၊ အကျိုးတူ မှုပိုင်လုပ်ငန်းများ၊ လိုင်စင်စနစ်များကို လုပ်ဆောင်ကြရာတွင် ရာခိုင်နှုန်းမည်မျှပေးမည်ဟု ဆိုပါက တိတိကျကျပေးရန် လိုအပ်ပါ၏။

မူလကတိစကားကို မပျက်အောင် ထိန်းသိမ်းလုပ်ဆောင်ကြပါက လုပ်ငန်းများ ကြီးထွား၍ ထားစရာမရှိလောက်အောင် ကြွယ်ဝနိုင်ပါသည်။

ဤနည်းများကို အသုံးပြု၍ အကန့်အသတ်မဲ့ဝင်ငွေများ ရရှိအောင် ကြံဆောင်ကြရန် ဖြစ်ပါသည်။

ကနေဒီမိသားစုသည် လွန်ခဲ့သော အနှစ် ၂၀၀ က အမေရိကန်နိုင်ငံတွင်းသို့ ပထမဆုံး ဥရောပတိုက်မှ ဝီစကီတင်သွင်းသူ ဖြစ်ပါသည်။ ဥရောပတိုက်မှ

ဝီစကီအရက်ကို အမေရိကန်သို့ ယူဆောင်တင်သွင်း ရောင်းချရန် ပထမဆုံး စိတ်ကူးပေါက်သူ ဖြစ်ပါသည်။ ထိုစိတ်ကူးစိတ်သန်းသည် ကနေဒီမိသားစု၏ မူပိုင် ဖြစ်ပါသည်။ ယခုအခါ မည်သူမဆို အမေရိကန်သို့ ဝီစကီ တင်သွင်းပါက ကနေဒီမိသားစုသို့ တစ်ရာခိုင် နှုန်း ကော်မရှင်ပေးရပါ၏။ ဤသည်မှာ မူပိုင် အကျိုး တူလုပ်ငန်းသဘော၊ လိုင်စင်သဘောပင် ဖြစ်ပါ၍ မြန်မာနိုင်ငံတွင်လည်း မူပိုင်မှုအပေါ် သစ္စာရှိရန် လိုအပ် ပါ၏။

**မူပိုင်မှုအပေါ် သစ္စာမဲ့ခြင်းသည် တိုင်းပြည်မချမ်း သာနိုင်ပါ။ တီထွင်သူများသည် မိမိတီထွင်မှုများအား အခြားသူများက ခိုးယူအသုံးပြုခြင်းဖြင့် မတီထွင်ကြဘဲ နေရာမှ ကုန်ပစ္စည်း အမယ်သစ်များ တီထွင်ဆန်းသစ် မှုများ ဆိတ်သုဉ်းကာ လူမျိုးနှင့် တိုင်းပြည်ပါ တီထွင် ဆန်းသစ်မှု မရှိသော လူမျိုးဘဝ ဖြစ်လာတတ်ပါ၏။**

ထို့ကြောင့် မူပိုင်လုပ်ငန်းကို ကြွယ်ဝချမ်းသာလို သူတိုင်း သစ္စာရှိရှိဖြင့် လုပ်ဆောင်သင့်သော လုပ်ငန်း အဖြစ် တင်ပြရပါ၏။



## အခန်း (၁၂)

# စာရေးသားခြင်းလုပ်ငန်း

ကျွန်တော့်စာအုပ်အား အခန်း ၁၁ အထိ ဖတ်ရှု
သော သင့်အား ကျွန်တော်သည် လျှို့ဝှက်သည့်ကိစ္စ
စ်ရပ်ကို ဖော်ပြရန် ဆုံးဖြတ်ထားပါ၏။ ဤစာအုပ်
ို အခန်း ၁၁ ရောက်သည်အထိ ကြိုးစားပမ်းစား
တ်ရှုလာသည့်အတွက် ကျွန်တော့်အနေနှင့် သင့်အား
ကျေးဇူးတင်ရှိ၍ ဤလျှို့ဝှက်ချက်ကို ပြောပြခြင်း ဖြစ်
ါ၏။

ဤစာအုပ်၏ တစ်နေရာတွင် ဝင်ငွေနှစ်မျိုးရရှိ
အောင် လုပ်ဆောင်ဖို့လည်း ကျွန်တော် အကြံပေးထား
ါ၏။

ပန်းမျိုးတစ်ရာစာပေ

ယခုတင်ပြမည့် လျှို့ဝှက်ချက်သည် ကျွန်တော်ကိုယ်တိုင်၏ လျှို့ဝှက်ချက်လည်း ဖြစ်ပါ၏။

ဝင်ငွေပိုရရှိရေး၊ ဝင်ငွေနှစ်မျိုးရရှိရေး၊ ဘဝတစ်သက်တာတွင် မွန်မြတ်သည့် အသက်မွေးဝမ်းကျောင်းတစ်ရပ် ဖန်တီးရေးနှင့် မိမိပြောလိုသည့် ဆိုလိုသည်များကို အများနားထောင်လိုသည်ဖြစ်စေ မလိုသည်ဖြစ်စေ စိတ်ကြိုက်ပြောခွင့်ရရှိရေးအတွက် သင် စာရေးသားသောအလုပ်ကို ကြိုးစားလေ့ကျင့်စေလိုပါ၏။

သင် ရိုတ်စပီးယားဖြစ်လာမည်ဟူ၍ကား ကျွန်တော် အာမ မခံပါ။ သို့သော် သင်သည် စာရေးဆရာတစ်ဦးဖြစ်ဖို့အတွက်ကား ကျွန်တော် အာမခံပါသည်။ ယခု စာစ၍ ရေးပါ။ သင်သည် ငါးနှစ်အတွင်း စာရေးဆရာတစ်ဦး ဖြစ်လာနိုင်ပါသည်။

စာရေးဆရာဖြစ်ရန်အတွက်–

- အတန်းပညာ အလွန်အမင်းရှိရန်မလိုပါ။
- ပညာရပ်တစ်ရပ်ကို ပေါက်မြောက်ထူးချွန်ဖို့ မလိုပါ။
- စာရေးနည်းပုံစံစည်းမျဉ်းများ တိတိကျကျ ပြည့်ပြည့်စုံစုံလိုက်နာဖို့ မလိုပါ။

စာရေးဆရာဖြစ်စေရန် ဈာန်ဝင်ဖို့သာ လိုပါသည်။ စာရေးဆရာဖြစ်ရေးအတွက် ဈာန်ဝင်ဖို့သည်

ေရးအႀကီးဆုံး ျဖစ္သည္။ ဤကိစၥသည္ စာေရးသား
င်းကိစ္စ၏ လျှို့ဝှက်ချက် ဖြစ်ပါ၏။

အချို့စာရေးလိုသူများ ရှိကြပါ၏။ ထိုသူများ
ည် ကြီးကြီးကျယ်ကျယ်များ လျှောက်စဉ်းစား၍
ရေးနည်းပုံစံများကို လိုက်လေ့လာနေခြင်း၊ အခြား
များ ဘယ်လိုစာရေးသည်ကို သုတေသနလိုက်လုပ်
ခြင်းဖြင့် စာရေးဆရာ ဖြစ်မလာဘဲ ရှိကြ၏။ စာရေး
တွင် ဝေဖန်ရေးသမားများက ဘယ်လိုများ ဝေဖန်လေ
လဲဟူသော အချက်ကို မကြောက်ပါနှင့်။ ထုတ်ဝေသူက
င့်စာအုပ်ကို သဘောကျ ထုတ်ဝေဖို့က အရေးကြီး
သည်။

ထုတ်ဝေသူဆိုသော ပုဂ္ဂိုလ်ကလည်း သင်သည်
င့်စာအုပ်ကို ဘယ်လို စာရေးသားနင်းများနှင့်အညီ
းထားသည်။ ဘယ်လောက်အဆင့်မြင့်အောင် ရေးထား
ည်ဆိုသော အချက်ပေါ် စိတ်ဝင်စားမှု မရှိပါ။ သင့်
အုပ်အား ဈေးကွက်ထဲပို့ပါက အကျိုးအမြတ်ရနိုင်
နိုင် ကိစ္စကိုသာ စိတ်ဝင်စားပါသည်။

အကယ်၍ သင်သည် စိတ်ဝင်စားစရာအကြောင်း
ရာတစ်ရပ်ရှိ၍ ယင်းအကြောင်းအရာကို သွက်သွက်
က်လက် ရေးချနိုင်လျှင် သင်သည် စာရေးဆရာဖြစ်
ပါသည်။ ရေးဖြစ်အောင် ရေးကြည့်ပါ။

ပန်းမျိုးတစ်ရာစာပေ

သင့်တွင် စာရေးဆရာဖြစ်ရန် ရည်ရွယ်ချက်နှင့် စာရေးရန် ဇွဲရှိဖို့ လိုပါသည်။ ရည်ရွယ်ချက်နှင့် ဇွဲရှိလာပြီဟု ဆိုပါက သတင်းဆောင်းပါးတစ်ပုဒ်၊ မဂ္ဂဇင်းဆောင်းပါးတစ်ပုဒ် ရေးသားရန် မခက်လှပါ။

စာရေးသားမည်ဟု ဆိုပါက စာရွက်အချို့နှင့် မင်ထွက်ကောင်းသည့် သဘောလ်ပင်တစ်ချောင်း သင့်အနီးတွင် ထားပါ။ စိတ်အားထက်သန်လာသည်နှင့် စာထရေးလိုက်ပါ။ ဘယ်အချိန်တွင်မှ စာရေးရမည်ဟု ကန့်သတ်ချက်မရှိပါ။ ကျွန်တော်ကတော့ နေ့စဉ်နံနက် ၄ နာရီခန့်ထ၍ စာရေးပါသည်။

စာရေးခြင်းအလုပ်သည် သင့်ကိုယ်သင် ကျေနပ်ပီတိဖြစ်စေပါ၏။ စာရေးသားပြီး သင်ရေးသားသောစာကို ပုံနှိပ်စာလုံးဖြင့် တွေ့ရသောအခါ သို့မဟုတ် စာမူခ ရရှိသောအခါ အလွန်မှ ကျေနပ်ပီတိ ဖြစ်ရသည်မှာ အခြားနှင့်မတူပါ။ အကျေနပ်ကြီး ကျေနပ်ရပါသည်။ စာရေးသားခြင်းအလုပ်မှ ဝင်ငွေအနည်းအများ ကိစ္စကို ခေတ္တထားပါ။ ကျွန်တော်ပြောလိုသည်မှာ စာရေးသားခြင်းဖြင့် သင် တင်ပြလိုသည့် အကြောင်းအရာတစ်ခုကို အများသိအောင် တင်ပြရာတွင် အထူးကောင်းမွန်သော ပုံစံတစ်ခု ဖြစ်ပါ၏။ စာရေးခြင်း၊ စာရေးတာဝါသနာပါခြင်းအတွက် ဘာမျှ အဆုံးအရှုံး မရှိပါ။

သို့သော် မြန်မာနိုင်ငံတွင် သင်သည် စာရေး
ခြင်းလုပ်ငန်းတစ်ခုတည်းဖြင့် အသက်မွေးရပ်တည်နိုင်
မည် မဟုတ်ပါ။ သို့သော် စာရေးတတ်ခြင်းဖြင့် လူ့
ဘဝတွင် ဘာမျှ အဆုံးအရှုံးမရှိပါ။ ကျွန်တော်သည်
စာရေးသည့် နည်းစနစ်ကိုပါ သင့်အား ဖောက်သည်
ချပါမည်။ စာရေးရန် အလွယ်ဆုံး အရိုးဆုံး စည်းကမ်း
မှာ သင်ရေးလိုသော အကြောင်းအရာကို စရေးရန်
ဖြစ်ပါသည်။

ခံစားမှုနှင့် စိတ်အဟုန်ရှိဖို့ ပထမအရေးကြီး
ပါ၏။

ထို့နောက် အကြောင်းရင်းခံ ကျောရိုး စိတ်ကူး
အကြံအစည်ကို ကဏ္ဍများခွဲ၍ ရေးသားရန် ဖြစ်သည်။

ဤအတိုင်းသာ ဆန္ဒပြင်းပြင်းပြပြနှင့် ရှာနိဝင်
အားချိန်တွင် စာထရေးပါ။ ဘယ်ရက် ဘယ်နေ့ ဘယ်
နှစ်တွင် သင် စာရေးဆရာ ဖြစ်မည်ကို မစဉ်းစားပါနှင့်။

အရွယ်ရောက်စ အသက် ၂၆ နှစ်အရွယ်ရှိ ဖရင့်
ဆိုသူ လူငယ်တစ်ယောက်သည် ပထမဆုံး ရေးသည့်
စာမူကို ထုတ်ဝေသူထံ ချဉ်းကပ်၍ ပြသရာ ချက်ချင်း
ရွေးသွားပါသည်။ ခြောက်လအတွင်း သူ့စာမူသည် စာအုပ်
ဖြစ်သွားခဲ့ပါသည်။ ဖရင့်လို ကုသိုလ်ကံထူးသူ အလွန်
များပါသည်။ သူသည် ဈေးကွက်၌ လိုအပ်နေသော

အကြောင်းအရာကို ရေးမိ၍ အချိန်ကိုက်သွားခြင်းလည်း ဖြစ်ပါ၏။

မည်သို့ပင်ဖြစ်စေ ကလောင်သစ်တစ်ဦးအဖို့ ပထမအကြိမ် ရေးသားသည့်စာမူ လေး၊ ငါးပုဒ်တော့ အပယ်ခံရမည် ဖြစ်ပါ၏။ အမေရိကန်မှ နာမည်ကြီး စာရေးဆရာ စတီဖင်ကင်းသည် တစ်နှစ်တွင် ဒေါ်လာ ၂၅ သန်း ရရှိပါ၏။ ကျွန်တော်တို့ နိုင်ငံတွင် နိုင်ငံ ဖွံ့ဖြိုးလာသည်နှင့် စာရေးခြင်းဖြင့် အသက်မွေးဝမ်း ကျောင်းပြုခြင်းမှ ရရှိသော ဝင်ငွေမှာလည်း မက်မော ဖွယ်ရာ ကောင်းလာနိုင်ပါသည်။ စတီဖင်ကင်းသည် တစ်နှစ် ဒေါ်လာ ၂၅ သန်း ရသည်ကိုသာ လူများက သိကြသည်။ သူသည် သူ စာစတင်ရေးစမှ သူ့စာမူ ကို မဂ္ဂဇင်းတစ်ခုတွင် ဖော်ပြခံရသည်အထိ စာမူပေါင်း ၇၄၃ စောင်တိတိ အပယ်ခံရဖူးသူ ဖြစ်ပါ၏။

သို့သော် စာမူအပယ်ခံရခြင်းသည် စာရေးဆရာ တစ်ဦးဖြစ်ရန်အတွက် အခက်ခဲဆုံးကိစ္စမဟုတ်ပါ။ အခက်ခဲဆုံးကိစ္စမှာ ကလောင်ကိုင်၍ တကယ်စာစ ရေးရန် ဖြစ်ပါ၏။ သင်စာရေးရန် အချိန်သတ်မှတ် ထားပါ။ ဗာဟီရလုပ်ငန်းများ မစမီ တစ်နည်း ကျွန် တော့်နည်းဖြစ်သည့် နံနက် ၄ နာရီ ဘယ်သူမှ မနိုး သေးသော အချိန်တွင် ထ၍ စာရေးပါ။ အိမ်သားများ

နိုးလာသောအခါ ကျွန်တော့်တွင် အနည်းဆုံး စာမျက်နှာ ဆယ်မျက်နှာမှ ဆယ့်ငါးမျက်နှာအထိ စာရေးပြီး ဖြစ်ပါ၏။

စာအုပ်တစ်အုပ်သည် စာလုံးရေ ခြောက်သောင်းမှ တစ်သိန်းအတွင်း ရှိတတ်ပါ၏။ စာတစ်ရွက်တွင် စာလုံးရေ ခြောက်ရာခန့်ရှိရာ တစ်နေ့ စာရွက်ဆယ်ရွက် ရေးပါက ဆယ်ရက်ကြာသောအခါ စာလုံးရေ ခြောက်သောင်း ရနိုင်ပါသည်။ ဤနည်းသည် တစ်လစာအုပ် တစ်အုပ်ပြီးနိုင်ပါသည်။

သင်သည် တစ်နေ့တွင် စာတစ်မျက်နှာပဲ ရေးပါ။ ခြောက်လအကြာတွင် ပထမစာအုပ်ပြီးသွားပါမည်။ တစ်နေ့တွင် စာတစ်ရွက်မှ နှစ်ရက်ပဲ ရေးပါ။ စာလုံးအားဖြင့် ပြောရပါက စာလုံးရေ ခြောက်ရာမှ တစ်ထောင့်နှစ်ရာအထိသာ ရေးပါ။ ဤအတိုင်း တိတိကျကျသာ ဆောင်ရွက်သွားပါ။ စာရေးသားခြင်းသည် တာတိုမီတာ တစ်ရာ ပြေးပွဲမဟုတ်ပါ။ မာရသွန်ပြေးပွဲဖြစ်ပါသည်။ ဖြည်းဖြည်းနှင့် မှန်မှန် ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါ၏။

ယခုခေတ် စာရေးဆရာများကတော့ လွယ်ကူသည်။ တန်ဖိုးသိပ်မကြီးသော ကွန်ပျူတာတစ်လုံးထားရှိ၍ စာရေးတတ်ကြပါ၏။ ကွန်ပျူတာသည်

အချိန်ကုန်သက်သာ၍ ရေးသားသမျှသော စာများစုပြီး ဆောင်းပြီး ဖြစ်ပါ၏။

စာကို လက်နှင့် မရေးသားမီ သင်သည် စိတ်ထဲတွင် ဆောင်းပါးတစ်ပုဒ်ကို အကြိမ် ငါးဆယ်လောက် စိတ်ကူးပြီးမှ လက်နှင့်ချရေးပါ။ ဘတ်စကားနှင့် သွားချိန်၊ လူစောင့်နေရချိန်များ၊ အချိန်ပိုများတွင် သင်သည် သင့်စိတ်ကူးကို ဦးနှောက်ထဲတွင် စာစီ၍ ရေးပါ။ စိတ်ကူးထဲတွင် စာရေးသားလိုက် မကြိုက်လျှင် ဖျက်လိုက် လုပ်ပါ။ စိတ်ဖြင့် ခဏခဏဖျက် ခဏခဏပြင်ရန် အလွန်လွယ်ပါ၏။

စာမူဈေးကွက်ရဖို့ကိစ္စသည်–

သင်ကိုယ်တိုင်က သင့်စာအုပ်အပေါ် စိတ်အားထက်သန်မှု၊

သင့်စိတ်ကူးစိတ်သန်း

သည် အလွန်မှ အရေးကြီးပါ၏။

သင့်အား အကြံပေးလိုသည်မှာ သင်သည် ပါမောက္ခကြီးပဲ ဖြစ်နေပါစေ၊ သို့မဟုတ် အောင်မြင်သော စီးပွားရေးသမားတစ်ဦး ဖြစ်နေပါစေ။ သင်စာရေးတတ်ဖို့ ကြိုးစားပါ။ သင့် ထူးခြားမှု အာရုံခံစားမှုများကို သင် ဖန်တီးနိုင်ပါမည်။ သင်ပြောချင်တာကို တစ်နေ့တွင် မြန်မာနိုင်ငံ၌ လူတစ်သန်း သိသွားအောင် ပြော

ဖို့ အခွင့်အရေးသည် စာရေးတတ် သူတစ်ဦးတည်းထံတွင် ရှိပါ၏။

ယနေ့ မြန်မာနိုင်ငံမှ သတင်းစာစောင်ရေမှာ သုံးသိန်းခွဲခန့် ရှိပါ၏။ သတင်းစာတစ်စောင်ကို ပျမ်းမျှ လူလေးဦးခန့်ဖတ်ရာ သတင်းစာတွင် ပါဝင်သော အကြောင်းအရာတစ်ခုကို လူတစ်သန်းကျော်သည် နေ့ချင်းသိသွားသော စွမ်းဆောင်မှုသည် အလွန်မှ ကြီးမားသော အရာဖြစ်ပါ၏။

ထို့ကြောင့် စာရေးခြင်းလုပ်ငန်းကို သင့်ဘဝတွင် သင်ပြောချင်တာ ကျယ်ကျယ်ပြန့်ပြန့် ပြောခွင့်ရသော ကိစ္စတစ်ရပ်တည်းအတွက်ပင် စာရေးတတ်အောင် ကြိုးစားဖို့ လိုပါ၏။

- သာသနာပြုပုဂ္ဂိုလ်များလည်း စာရေး၍ သာသနာပြုနိုင်ပါ၏။
- ခေတ်မီ စိုက်ပျိုးရေးနည်းစနစ်များကို စာရေးသားပြီး ဖြန့်ချိနိုင်ပါသည်။
- ကျန်းမာရေး၊ ပညာရေးကိစ္စများကို သတင်းစာမှ မဂ္ဂဇင်းမှ ချက်ချင်း လူထုအတွင်းသို့ စာရေးပြီး ပို့ဆောင်နိုင်ပါသည်။
- မိုးလေဝသအခြေအနေကို ချက်ချင်း သတင်းစာ၊ ရေဒီယိုမှ သတိပေးနိုင်ပါသည်။

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့သည် အစွမ်းထက်သော လူထုဆက်သွယ်ရေးကိရိယာများ ဖြစ်ပေရာ ယင်းကိရိယာများကို သင် အသုံးပြုနိုင်ရန် စာရေးခြင်း အတတ်ပညာကို သင် တတ်ထားသင့်ပါ၏။ ကျွန်တော်သည် တစ်ကမ္ဘာလုံးသို့ သွားလာနေခြင်းသည် စာရေးခြင်းအတတ်ပညာတစ်ခုတည်းဖြင့် သွားလာနေခြင်း ဖြစ်ပါ၏။ ကျွန်တော်သည် အာရှတိုက်အတွင်း ကတော့ တစ်ပတ်အတွင်း ဘယ်နိုင်ငံမှာမဆို ကျွန်တော့် ဇာတိရစ်ကံကြီးရွာ ပြန်သလို ထသွားနိုင်ပါသည်။ ကျွန်တော်သည် ယနေ့နံနက် အိပ်ရာထချိန်တွင် ဗန်ကောက်သို့ သွားရန် စိတ်ကူးပေါ်လျှင် ညနေ ၄ နာရီ ဗန်ကောက်သို့ ထသွား၍ ရပါ၏။ ကျွန်တော်လာမည်ဖြစ်၍ ဗန်ကောက် ယဉ်ကျေးမှုဌာနမှ ဥက္ကဋ္ဌတစ်ဦး၊ အဆိုတော်အချို့၊ စာရေးဆရာများနှင့် ပါမောက္ခတစ်ဦးကို ကျွန်တော့်အား ဗန်ကောက်လေဆိပ်သို့ လာ၍ ကြိုဆိုရန် မှာကြားထား၍ရပါ၏။ ထိုနေ့ ညနေစာကို ဗန်ကောက်မှ ကျွန်တော် နှစ်သက်သော စားသောက်ဆိုင်တွင် စားပြီး ညကို ဗန်ကောက်မှ မိုင် ၇၀ လောက်ဝေးသော ပတ္တရာကမ်းခြေတွင် သွားအိပ်၍ နောက်တစ်နေ့ ၁၁ နာရီခွဲ ၃၄ လမ်းတွင် ကျွန်တော့် မိတ်ဆွေ စာအုပ်ချုပ် ကိုမောင်မြင့်နှင့် တွေ့ရန် ရန်ကုန် အရောက် ပြန်ချင်သည်ဟု

ဆိုပါက ပြန်လာလို့ ရပါသည်။ ထိုအခွင့်အရေးသည် စာရေးခြင်းမှ ကျွန်တော် ရရှိသော အခွင့်အရေး ဖြစ်ပါ၏။

စာရေးသည့်လုပ်ငန်းကို သင်တတ်ကျွမ်းခဲ့ပြီး နောက်–

- စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊
- ပုံနှိပ်စက်လုပ်ငန်း၊
- စက္ကူလုပ်ငန်း၊
- မဂ္ဂဇင်းထုတ်ဝေရေးလုပ်ငန်း၊
- စာမူကိုယ်စားလှယ်၊
- အနုပညာဆင်ဒီကိတ်၊
- သတင်းစာလုပ်ငန်း

စသည့် ကျယ်ပြန့်သည့် စီးပွားရေးစားကျက်ကြီးအတွင်း၌လည်း သင်ဉာဏ်ရှိလျှင် ရှိသလောက် တိုးဝင်နိုင်ရာ စာရေးသားခြင်းလုပ်ငန်းကို သင်စိတ်ဝင်စားသင့်ပါ၏။ သင်သည် လေးတန်း သို့မဟုတ် ခုနစ်တန်းအောင်လျှင် စာရေးဆရာ ဖြစ်နိုင်သည်ဟု မှတ်ပါ။

တစ်ဖန် သင်သည် အသက်အရွယ်ရလာ၍ ပင်စင်ယူသောအခါ စီးပွားရေးလုပ်ငန်းအရပ်ရပ်မှ အနားယူသောအခါ သင့်ဘဝ၏ ကျန်အစိတ်အပိုင်းကို စာရေးခြင်း၊ ခရီးသွားခြင်းဖြင့် ကျော်ဖြတ်နိုင်သေး၏။

ပန်းမျိုးတစ်ရာစာပေ

ပင်စင်ယူချိန်၊ အနားယူချိန်တွင် သင့်ဘဝ အတွေ့အကြုံများမှာလည်း အလွန်မှ များပြားလှပြီဖြစ်ရာ စာရေးတတ်ခြင်းဖြင့် သင့် အတွေ့အကြုံများကို ရေးသား၍ အများသူငါသို့ ဖြန့်နိုင်ပါ၏။ သင့်အတ္ထုပ္ပတ္တိကို သင်ကိုယ်တိုင် ရေးနိုင်ပါသည်။ စာရေးတတ်ခြင်းဖြင့် သင့် လူ့အိုဘဝကို လူပျိုတစ်ဦးလို အချိန်မကုန်စေဘဲ တန်ဖိုးအရှိဆုံးဖြင့် ကုန်လွန်စေနိုင်သောအခွင့်ထူးကြီးကို ရရှိနိုင်သေး၏။

ကျွန်တော်သည် မိမိ၏လက်ရှိဘဝအား ဝင်ငွေနည်းပါး၍ သြဇာမရှိသောကြောင့် မိမိဘဝကို မိမိမကျေနပ်လှသော်လည်း သံအမက်ကြီးများ၊ ဂျပန်မှ ကျောင်းအုပ်ဆရာကြီးနှင့် သူဌေးကြီးတစ်ဦး၊ ယိုးဒယားမှ ဝန်ကြီးတစ်ဦး၊ တရုတ်(တိုင်ပေ)မှ မဟာယနဆရာတော်ကြီးတစ်ပါးတို့က ကျွန်တော့်ဘဝမျိုး ရယူလိုချင်ကြောင်း၊ ဤဘဝမျိုးကို အားကျကြောင်း ဖော်ထုတ်ပြောကြားပါသည်။

သင့်အား စာရေးဖြစ်အောင်ရေးဖို့ မေတ္တာရပ်ခံအပ်ပါ၏။



အခန်း (၁၃)

# မြက်ပင်များ ရှည်ထွက်နေမှုသည် သင်ပိုက်ဆံရဖို့ဖြစ်သည်

'ကြည့်သောသူမြင်၏'ဟူသော စကားကဲ့သို့ ပိုက်ဆံလိုသောသူများအတွက် နေရာတကာတွင် ပိုက်ဆံတွေ ပုံနေပါသည်။ မိုးရွာ၍ သစ်ပင်များ ပိုရှည်ထွက်လာသည့်ကိစ္စမှာ သင် ငွေဝင်ဖို့ အပေါက်တစ်ပေါက်ဟုဆိုလျှင် မယုံမရှိပါနှင့်။

မိုးတွင်းကာလ၌ လမ်းဘေးမှ သစ်ပင်များနည်းတူ ခြံကြီးများ၊ ဝင်းကြီးများအတွင်းမှ သစ်ပင်များသည် ရှည်ထွက်လာကြပါ၏။ သင်သည် ရွှေတောင်

ကြားရိပ်သာ သို့မဟုတ် အင်းလျားသို့ ကားနှင့် တစ်ပတ်လောက် မောင်းကြည့်ပါ။ အချို့ခြံများမှာ မြင်မကောင်းအောင် သစ်ပင်များနှင့် ရှုပ်ထွေးနေသည်ကို သင်တွေ့ရမည် ဖြစ်ပါ၏။

ထိုအိမ်များ၏ လိပ်စာကို ဆယ်ခုလောက်သာ မှတ်သားပါ။ ထို့နောက် စာတိုက်မှ သင် စာတစ်စောင် ပို့လိုက်ပါ။

မိတ်ဆွေ/ဦးဒေါ်ခင်ဗျား

လူကြီးမင်းသည် အလွန်အလုပ်များသူ ဖြစ်ကြောင်း သိရပါသည်။ လူကြီးမင်း၏ အိမ်ခြံသန့်ရှင်းလှပစေရေးအတွက် လူကြီးမင်း ကိုယ်တိုင် အချိန်ပေးနိုင်သူ မဟုတ်ကြောင်း ကျွန်တော်တို့ သိပါသည်။ ဤကိစ္စမျိုးအတွက် လူကြီးမင်းအနေနှင့် ပူပင်မှုမရှိပါနှင့်။ နံနက်မိုးလင်း၍ လူကြီးမင်း အိပ်ခန်းမှ ပြတင်းပေါက်ကို ဖွင့်လိုက်သည်နှင့် ညီညာစိမ်းစိုသောပန်းများ ပွင့်နေသည့် လူကြီးမင်း၏ ခြံဝင်းကို ကြည့်လိုပါက ကျွန်တော်တို့ကို ခိုင်းပါ။

ကျွန်တော်တို့သည် ဤလုပ်ငန်းအား ကျွမ်းကျင်စွာ လုပ်နိုင်ပါသည်။ လုပ်ဆောင်လိုပါက ကျွန်တော်များနှင့် ဆက်သွယ်ပါဟု စာရေးသားပါ။ သူက စိတ်ဝင်စား၍ ဆက်သွယ်ရန် သင့်လိပ်စာကို ထည့်ပေးလိုက်

ါ။ ဆယ်အိမ် ဆက်သွယ်ရာတွင် သုံးအိမ်က သင်ထံ
ာပြန်ပါလိမ့်မည်။ ထိုအခါ သင်သည် သူ့ဝင်းခြံကို
ှပအောင် ပြင်ပေးပါ။ ထိုပညာကိုလည်း သင်တတ်ရပါ
ည်။

ပထမ ခြံစည်းရိုးကို ဆေးသုတ်ရမည်။ သို့မဟုတ်
ခြံစည်းရိုးကို ညှိပေးရမည်။ မြက်များ စိုက်ရမည်။ ပန်း
ိုးများ၊ ပန်းအလှနှင့် အခြားပန်းများ စိုက်ပျိုးပြုစု
ပေးရပါမည်။

သင်၏ ဝန်ဆောင်ခကို တွက်ရာတွင် သင်လုပ်
ပေးရသော အလုပ်ရှင်၏အချိန်သည် သူ့အတွက် ဘယ်
လောက်တန်သည်ကို အခြေခံ၍ တောင်းပါ။ အလုပ်
ကို အများကြီး လက်မခံပါနှင့်။ သင်၏ ဝန်ဆောင်မှု
တွင် ထူးခြားမှုတစ်ခု ပါဝင်ပါစေ။

စရိတ်ကို တစ်ပတ်တွင် ဘယ်လောက်ယူသည်
ဆိုသော အချိန်ကို အခြေခံသည့် တွက်ချက်မှုမျိုးနှင့်
တောင်းပါ။

ထို့နောက် ထိုအိမ်ရှင်ထံမှ ထောက်ခံစာတစ်ခု
ကိုလည်း တောင်းထားပါ။ တစ်ဖန် ထိုအိမ်ရှင်မှတစ်
ဆင့် သူ့မိတ်ဆွေများ လုပ်ဖော်ကိုင်ဖက်များ၊ သံရုံး
များ၊ သံရုံးဝန်ထမ်းအိမ်ရာများအထိ ယင်းလုပ်ငန်းကို
တိုးချဲ့လုပ်ဆောင်သွားပါ။

ပန်းချီတစ်ရာစာပေ

မိုးရွာ၍ သစ်ပင်များ ရှည်ထွက်လာသလို၊ နေပူလျှင်လည်း သစ်ပင်များ ညှိုးသွားတတ်ပါ၏။ ညှိုးသွားသော သစ်ပင်များ စိုပြည်စိမ်းလန်းရေးအတွက်လည်း သင် ဆောင်ရွက်ပါ။

လုပ်ငန်းရှင်ကြီးများသည် မိမိတို့၏ များမြောင်လှစွာသော လုပ်ငန်းအတွက် ခြံရှင်းသည့်လုပ်ငန်းကို လုပ်ဆောင်ရန် မအားလပ်ကြပါ။ သို့သော် လုပ်ငန်းရှင်ကြီးများအတွက် သူ့အိမ်ခြံဝင်း လှပသေသပ်၍ ပန်းများပွင့်နေမှုသည် သူ့လုပ်ငန်းအတွက် သူ့မိသားစု စိတ်ချမ်းမြေ့ရရေးအတွက် အလွန်မှ အရေးကြီးလှပါ၏။ မိမိအိမ်သို့ ဖိတ်ခေါ်သော ဧည့်သည်များအတွက် မိမိ၏ ခြံသန့်ရှင်းလှပဖို့ လိုကြောင်း ကြီးပွားချမ်းသာသည့် လုပ်ငန်းရှင်ကြီးများတိုင်း သိကြပါသည်။

သူတို့ မအားလပ်၍ မဆောင်ရွက်နိုင်သေးသည့် ထိုကိစ္စအတွက် သင်က ယင်းတို့အား ကူညီပါ။ ထိုလုပ်ငန်းသည်လည်း ဝင်ငွေ ဖန်တီးနိုင်သော လုပ်ငန်းဖြစ်ပါ၏။

တစ်ဖန် တစ်ဆက်တည်း ဧည့်ခန်းပြင်ဆင်ရေးလုပ်ငန်းကိုလည်း လုပ်နိုင်ပါသည်။ ဧည့်ခန်းများသည် မိသားစုတိုင်းအတွက် အရေးကြီးပါ၏။ ဧည့်ခန်းအသစ်များကို သင်ကိုယ်တိုင် ဒီဇိုင်းဆွဲ၍ ပြင်ဆင်ပေးပါ။

မြန်မာမှုကြိုက်လား၊ ခေတ်မီညည့်ခန်းပြင်ဆင်ရေးအတွက် ငွေမည်မျှ သုံးမလဲဆိုသည် တို့ကို မေးမြန်း၍ အလှပ ဆုံး ဖြစ်အောင် ပြင်ဆင်ပေးပါ။

တစ်ဖန် ဧည့်ခန်းအဟောင်းများအတွက်လည်း ပြီး ပရိဘောဂ အနုပညာပစ္စည်းများနှင့် ပိုမို၍ လှပ အောင် ပြင်ဆင်ပေးပါ။

တစ်ဖန် ဧည့်ခန်းတွင်ထားရှိသော မြန်မာမှု အနုပညာပစ္စည်း ထုတ်လုပ်သူများ၊ ဥပမာ – ရွှေချည် ထိုး၊ ပန်းပု၊ ပန်းချီ၊ ရုပ်သေး၊ ယွန်းပရိဘောဂအစရှိ သော မြန်မာမှုပစ္စည်းများကို တကယ် သေသပ်ကောင်း မွန်အောင် ဆောင်ရွက်ကြသည့် အနုပညာသည်များနှင့် လည်း ဆက်ထားပါ။ မြန်မာနိုင်ငံရှိ အကောင်းဆုံး အနုပညာရှင်များ၊ ဆိုင်များနှင့် ဆက်ထားပါ။

တစ်ဖန် ယခုအခါ ကုမ္ပဏီများ၊ အလုပ်ဌာနများ သည် ရုံးခန်းများကို ဖွဲ့စည်းကြရာ ယင်းလုပ်ငန်းကို လည်း သင်က တာဝန်ယူ ဝန်ဆောင်လုပ်ပေးနိုင်ပါသည်။

ဤလုပ်ငန်းများသည် အလွန်ကျယ်ပြန့်၍ လုပ် ငန်းကြီးတစ်ရပ်အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် လုပ် ဆောင်နိုင်သော လုပ်ကွက်များ ဖြစ်ပါ၏။ နိုင်ငံတိုင်းတွင် ဤလုပ်ငန်းကို စနစ်တကျ လုပ်ဆောင်သူများ ရှိကြ ပါ၏။ အချို့သည် ပျိုးပင်ပျိုးဥယျာဉ်များ လုပ်၍

ရောင်းချမှုများလည်း ရှိပါသည်။ ယင်းကဲ့သို့သော လုပ်ငန်းများကို မိမိဉာဏ်ရှိလျှင် ရှိသလို တိုးချဲ့လုပ်ကိုင်ရန် စဉ်းစားလုပ်ဆောင်ပါဟု အကြံပေးလိုပါ၏။

## အခန်း (၁၄)

# ရင်းနှီးမြှုပ်နှံနိုင်သည့် လုပ်ငန်းများ (၁)

ယခုအခါ ရန်ကုန်မြို့တွင် ငွေကြေးပြည့်စုံသူများ၊ ကုမ္ပဏီကြီးများသည် ဟိုတယ်ကြီးများ၊ စက်ရုံအလုပ်ရုံကြီးများ စသည့် သန်းပေါင်းများစွာသော လုပ်ငန်းကြီးများတွင် ရင်းနှီးမြှုပ်နှံမှုများကို ပြုနေကြပါ၏။

ကျွန်တော်တို့သည် ဤမျှ ရင်းနှီးမြှုပ်နှံမှုများကို မပြုနိုင်ကြသေးပါ။ ကျွန်တော်တို့သည် မြန်မာနိုင်ငံ၌ ခြေနိုင်လက်နိုင် လုပ်ငန်းလေးများကိုသာ ရင်းနှီးမြှုပ်နှံခြင်း၊ ယခုမှ ပုံမှန်ဝင်ငွေရရှိအောင် ကြံဆခြင်း၊ အပိုဝင်ငွေရအောင် ဘာလုပ်ရပါမလဲဟု စဉ်းစားခြင်း စသည်

တို့ကို လုပ်ချိန်တွင် ကြိမ်းသေသောကိစ္စများ၌ ရင်းနှီးမြှုပ်နှံမှုများကို ပြုကြရမည် ဖြစ်ပါ၏။

ထိုသို့ ရင်းနှီးမြှုပ်နှံမှုပြုရာတွင် ကျွန်တော်တို့သည် မိမိတို့ ရင်းနှီးမြှုပ်နှံမှုပြုသည့် လုပ်ငန်း၏ ရှေ့ရေးနောက်ရေးကို လုပ်ငန်း မလုပ်ဆောင်မီ အစစအရာရာ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားကြရန် လို၏။ လုပ်ငန်းမလုပ်ဆောင်သေးမီ လောကသဘာဝဖြစ်တတ်သည့် ဝိဘာဂအစုံစုံကို ထည့်သွင်းစဉ်းစားကြရမည် ဖြစ်၏။

မိမိတို့ ယခုလုပ်မည့်လုပ်ငန်းသည်–

(က) လူနည်းစုနှင့် သက်ဆိုင်သည့်လုပ်ငန်းလား။
လူများစုနှင့် သက်ဆိုင်သည့်လုပ်ငန်းလား။

(ခ) ယာယီသာကောင်းမယ့် လုပ်ငန်းလား။
ရေရှည်တည်တံ့ကောင်းသည့် လုပ်ငန်းလား။

(ဂ) မတော်တဆ ဖြစ်လာသည့် လုပ်ငန်းလား။
အစဉ်သဖြင့် တည်တံ့နေမည့် လုပ်ငန်းလား။

(ဃ) ဤလုပ်ငန်းကိုလုပ်ဆောင်ရန် အကျိုးအကြောင်း ဆီလျော်ရဲ့လား။
မဆီလျော်ဘူးလား။

(င) ယခု ထ လုပ်သင့်သလား။
အချိန်ယူဖို့ လိုသလား။

ပန်းမျိုးတစ်ရာစာပေ

(စ) စုပေါင်းလုပ်သင့်သည့် လုပ်ငန်းလား။
တစ်ဦးတည်း လုပ်သင့်သလား။
(ဆ) သမ္မာအာဇီဝလုပ်ငန်း ဟုတ်ရဲ့လား။
သမ္မာအာဇီဝလုပ်ငန်း မဟုတ်ဘူးလား။
(ဇ) အမြတ်အစွန်း ပြန်ရဖို့ နှေးမလား။
မြန်မလား။
(ဈ) နည်းနည်းရင်းပြီး များများမြတ်မှာလား။
များများရင်းပြီးမှ နည်းနည်းမြတ်မှာလား။
(ည) မိမိတတ်ကျွမ်းသော လုပ်ငန်းလား။
မိမိကိုယ်တိုင် ကျွမ်းကျင်မှ လုပ်၍ရမှာလား။
မိမိကျွမ်းကျင်စရာမလိုဘဲနဲ့ လုပ်လို့ရလား။
ကျွမ်းကျင်ဖို့အတွက် မိမိကိုယ်တိုင် သင်ကြား
ရဦးမလား။
(ဋ) ရေရှည်အကျိုးရှိမည့် လုပ်ငန်းလား။
ရေတိုပဲ အကျိုးရှိမှာလား။
(ဌ) လုပ်ငန်းကတော့ ရေရှည်ပဲ။ အမြတ်က နည်း
မည့် လုပ်ငန်းလား။
လုပ်ငန်းကတော့ ရေတို၊ အများကြီး တစ်ခါ
တည်း မြတ်မည့် လုပ်ငန်းလား။
(ဍ) ဒီလုပ်ငန်းအပေါ်မှာ မိမိစိတ်ဝင်စားမှု ရှိလား၊
မရှိဘူးလား။

(ပ) ကြိုးစားချင်စိတ်ကောရှိလား။
မရှိဘူးလား။

(ဏ) သင်လက်လှမ်းမီသော လုပ်ငန်းလား၊ သင့်မှာ ရှိသော အရင်းအနှီးနှင့် လောက်ရဲ့လား။
သင့်လက်လှမ်းထက် ကျော်နေလား။

(တ) သင်တစ်ဦးတည်း လုပ်နိုင်လား။
သူတစ်ပါးအကူအညီနှင့် လုပ်ရမှာလား။

လုပ်ငန်းတစ်ရပ် လုပ်ဆောင်မည်ဟု ဆိုပါက အထက်ပါ အကြောင်းအရာများကို မေးခွန်းတစ်ခုလျှင် အမှတ်နှစ်မှတ်စီ ပေး၍ လုပ်သင့်သော လုပ်ငန်းလား၊ မလုပ်သင့်သော လုပ်ငန်းလား ဆိုသည်ကို အမှတ်ပေး ကြည့်ပါ။ ရရှိသောအမှတ်ကို ကြည့်၍ ရင်းနှီးမြှုပ်နှံ သင့်မသင့်ကို စဉ်းစားပါ။

အမှတ်ပေးရာတွင်–

– ဘက်မလိုက်ပါနှင့်

– စိတ်ရင်းကောင်းထားပါ၊

– မှန်မှန်ကန်ကန် အမှတ်ပေးပါ။

တစ်နည်းဆိုရသော် မိမိ၏စိတ်တွင် ရင်းနှီးမြှုပ်နှံသင့်မသင့် ဟူသော ကိစ္စကို မချိမပငိုပဒါကျကျ စဉ်းစားရန် ဖြစ်သည်။ ကျွန်တော် သင့်အား အကြံပြုလိုသည်မှာ ရန်ကုန်မြို့တွင် ချက်ချင်းထလုပ်နိုင်သော

လုပ်ငန်းများကို တင်ပြလိုပါ၏။ ဤလုပ်ငန်းများထဲမှ သင်စိတ်ကြိုက်တွေ့သော လုပ်ငန်းတစ်ခုကို ထလုပ်ကြည့်ပါ။ အရင်းအနှီးမရှိသေးလျှင် ဖော်ပြပါ လုပ်ငန်းများထဲမှ သင်အကျိုးအမြတ်ရှိမည် ထင်သော လုပ်ငန်းအား အရင်းအနှီး မြှုပ်နှံရန်ငွေ စတင် စုဆောင်းပါ။

## (က) အပ်ချုပ်လုပ်ငန်း

ရန်ကုန်မြို့တွင် လူဦးရေ လေးသန်းရှိရာ တစ်နှစ်တွင် အင်္ကျီအဝတ်အစား၊ အသုံးအဆောင်ပစ္စည်း ချုပ်လုပ်စရာ ၁၂ သန်းမျှ ရှိ၏။ ထို ၁၂ သန်းမျှသော အထည်များကို လုပ်ဆောင်ပေးရမည့် လုပ်ငန်းသည် လုပ်ငန်းပမာဏအားဖြင့် မည်မျှ ကြီးကျယ်ပါသနည်း။

ထိုအထဲတွင်–

- အမျိုးသား အဝတ်အစား
- အမျိုးသမီး အဝတ်အစား
- ဥရောပတိုက် ဝတ်စုံ
- တိုင်းရင်းသားရိုးရာ အဝတ်အစား
- သတို့သမီး သတို့သား အဝတ်အစား
- ဟိုတယ်ပစ္စည်းများ ချုပ်လုပ်ခြင်း
- မွေ့ရာစောင်ခေါင်းအုံး ခြင်ထောင်ချုပ်လုပ်ခြင်း
- ကလေးအဝတ်အစား

- လိုက်ကာ၊ ခန်းဆီး စသည် ချုပ်လုပ်ခြင်း
- အားကစား အဝတ်အစား
- လူငယ်များ နှစ်သက်သည့် အဝတ်အစား
- သာသနာရေးဆိုင်ရာ အသုံးအဆောင်များ

စသည့် အချုပ်အလုပ် လုပ်ငန်းများ ပါဝင်သည်။

အလွန်ကြီးမားသော လုပ်ငန်းစားကျက်ကြီး ဖြစ်ပါ၏။ အဝတ်အစား ချုပ်လုပ်သည့် လုပ်ငန်းသည် အရင်းအနှီး နည်းသည်။ ဥပမာ ၁၅ x ၂၅ ပေ ကျယ်သော အခန်းတစ်ခုတွင် အပ်ချုပ်စက် ဆယ်လုံး ထားရှိနိုင်သည်။

ရန်ကုန်မြို့တွင် အချို့သော အပ်ချုပ်ဆိုင်များတွင် အမျိုးသမီးအင်္ကျီတစ်ထည် ချုပ်ရန် ချုပ်ခသည် တစ်ရာမှ ငါးရာအထိရှိ၍ အချိန်မှာ သုံးလအထိ စောင့်ရသည်။

ယခုလို ကမ္ဘာသို့ မြန်မာများ ဥဒဟို ဝင်ထွက်သွားလာသော ကာလတွင် ဥရောပဝတ်စုံများ ချုပ်လုပ်သည့် လုပ်ငန်းကလည်း တွင်ကျယ်လာ၏။ ဟိုတယ်များ မှိုလိုပေါက်ချိန်တွင် ဟိုတယ်ခန်းဆီးများ၊ ဟိုတယ်စားပွဲခင်းများ၊ လိုက်ကာများ၊ လက်သုတ်ပဝါ၊ စားပွဲခင်း အစရှိသည့်ဖြင့် အပ်ချုပ်လုပ်ငန်းများစွာ ပေါ်ပေါက်လာ၏။

အားကစားအဝတ်အစားချုပ်သည့် လုပ်ငန်းသည်လည်း ယခုအခါ ကျယ်ကျယ်ပြန့်ပြန့်ရှိသော လုပ်ငန်းဖြစ်၏။ ဘောင်းဘီအတိုချုပ်သည့်လုပ်ငန်း၊ လွယ်အိတ်ချုပ်သည့်လုပ်ငန်းတစ်ခုတည်းဖြင့် မိသားစု စားဝတ်နေရေးကား ပြေလည်မှုရှိပါ၏။

သင်သည် ယနေ့ အပ်ချုပ်စက်တစ်လုံး ဝယ်ယူရန် စ၍ ငွေစုပါ။ လာမည့်နှစ်တွင် အပ်ချုပ်စက်တစ်လုံးဝယ်ပါ။ အပ်ချုပ်သမလေးတစ်ဦးကို ငှားပါ။ သို့မဟုတ် သင့် ညီမလေးအား အပ်ချုပ်သည့် အတတ်ပညာကို သင်ပါ။ အလွန်ကြီးကျယ်သော ရန်ကုန်၏ အပ်ချုပ်လုပ်ငန်းအတွင်းသို့ ဝင်ပါ။ လာမည့် ဆယ်နှစ်အတွင်း ရန်ကုန်အပ်ချုပ်လုပ်ငန်းတစ်ရပ်လုံး၏ ဆယ်ရာခိုင်နှုန်းသည် သင့်အပ်ချုပ်အင်ပါယာအဖြစ်သို့ ရောက်အောင် ကြိုးစားပါ။

အမျိုးသမီး အင်္ကျီချုပ်လုပ်ငန်းကို မိန်းကလေးတစ်ဦးတည်း ချုပ်လုပ်သည့် ဝင်ငွေသည် မိသားစုတစ်စု စားဝတ်နေရေးအတွက် ကောင်းမွန်သော ဝင်ငွေကို ရရှိပါ၏။ မိမိက အများ စိတ်တိုင်းကျဖြစ်အောင် သပ်သပ်ရပ်ရပ်ဖြစ်အောင် အချိန်မီ ပြီးအောင် ကြေညာ၍ အပ်ချုပ်လုပ်ငန်းတစ်ခုကို ထူထောင်ကြည့်ပါ။ အပ်ချုပ်စက်တစ်လုံးဖိုးရှိလျှင် ယင်းလုပ်ငန်းကို လုပ်ဆောင်

နိုင်သည်။ အပ်ချုပ်စက်တစ်လုံးမှ အပ်ချုပ်စက် အလုံးတစ်ထောင်ဖြင့် ချုပ်လုပ်သည့် လုပ်ငန်းအထိ မည်သူမဆိုတိုးချဲ့လုပ်ကိုင်နိုင်သည်။

မိမိ အပ်ချုပ်စက်လုပ်ငန်းကို အမည်ရအောင်ထွန်းကားအောင် ကြိုးစား၍ အကျိုးတူလုပ်ငန်း လုပ်ဆောင်လိုသူများအား သင်တန်းပေး၍ သင်၏ မူပိုင်မှုကိုအကျိုးတူ လုပ်ဆောင်လိုသူများထံမှ ကော်မရှင်ယူနိုင်သည်။

ရန်ကုန်တွင် နာမည်ကြီးခဲ့သော အပ်ချုပ်ဆိုင်များမှာ တိုက်ပုံအင်္ကျီ မောင်ဆောင်း၊ ၃၆ လမ်းမှ ဝင်းကြည်အပ်ချုပ်လုပ်ငန်း၊ ဥရောပဝတ်စုံ TIP TOP၊ ရှပ်အင်္ကျီသန်းအပ်ချုပ်လုပ်ငန်း၊ ကျော်ဟိုး စသည်တို့သည်ကျွန်တော်တို့ ချုပ်လာသော အပ်ချုပ်ဆိုင်များ ဖြစ်၏။ ဤလုပ်ငန်းသည် ဘယ်တော့မှ မရိုးနိုင်သော လုပ်ငန်းဖြစ်၏။ ဤလုပ်ငန်းဈေးကွက်သည် အစဉ်ရှိနေမည့်ဈေးကွက်ဖြစ်သည်။ လူများ အဝတ်အစားမဝတ်ဘဲနေသော ခေတ်ရောက်မှ အပ်ချုပ်လုပ်ငန်းကို ထိခိုက်နိုင်မည်ဖြစ်ရာ ကမ္ဘာတည်သရွေ့ တည်တံ့မည့်လုပ်ငန်းဖြစ်၍ ယင်းလုပ်ငန်းမျိုးတွင် ရင်းနှီးမြှုပ်နှံသင့်ပါ၏။

## (ခ) ဖိတ်စာရိုက်နှိပ်သည့်လုပ်ငန်း

ဖိတ်စာရိုက်နှိပ်သည့် လုပ်ငန်းသည် ပုံနှိပ်လုပ်ငန်းတွင် အကျုံးဝင်သော လုပ်ငန်းဖြစ်ပါသည်။ ပုံနှိပ်လုပ်ငန်းကြီးတစ်ခုလုံးသည် အလွန်မှ ကြီးကျယ်သောကြောင့် ဝင်ငွေ အလွန်ကောင်းသည့် ဖိတ်စာရိုက်သည့် လုပ်ငန်းကို စတင်လုပ်ဆောင်ပါ။

အရင်းအနှီးမှာ အလုပ်လက်ခံရန် ငါးပေပတ်လည် အခန်းတစ်ခန်းလောက်သာလိုသည်။ လုပ်ငန်းကို တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ ဒဂုံမြို့များတွင် သွား၍ လုပ်နိုင်သည်။ ခေတ်မီ–

- မင်္ဂလာဆောင်ဖိတ်စာ၊
- လိပ်စာကတ်ပြား၊
- ခေတ်မီပို့စကတ်၊
- အခြားဖိတ်စာများ

စသည့် လုပ်ငန်းလောက်သာ လုပ်ဆောင်ပါ။ မင်္ဂလာဆောင် ဖိတ်စာသည် ခေတ်မီရမည်။ လှပရမည်။ မြန်မြန်ရစေရမည်ဟု ဆိုပါက ဖိတ်စာတစ်ခုအတွက် ကျသင့်ငွေကို သင်တောင်းသလောက် ပေးမည်ဖြစ်၏။

ဘယ်နေ့ မင်္ဂလာဆောင်မည်ကို ဗေဒင်ဆရာက ရက်ချိန်းပေး၍ ဟိုတယ်တွင်လည်း ရက်ယူပြီးဖြစ်ရာ အချိန်မီ မင်္ဂလာဆောင်ဖိတ်စာရရှိရေးအတွက် ဖိတ်စာ

တစ်စောင် ၂၅ ကျပ် တိုးတောင်းသည်ကို ဘယ်မင်္ဂလာ စုံတွဲကမှ ဈေးဆစ်နေကြမည် မဟုတ်ပါ။

ဖိတ်စာကို နိုင်ငံခြားမှလာသော စက်ကြီးနှင့် ရိုက်မှ လှသည်မဟုတ်။ ဖောင်းကြွဖိတ်စာများကို မြန်မာပြည်ဖြစ်စက်များနှင့် လုပ်နိုင်သည်။ ဤလုပ်ငန်းသည် ရုံးခန်းနေရာရှိပါက ငွေသုံးသိန်းနှင့် လုပ်ငန်းစတင်နိုင်သော လုပ်ငန်းဖြစ်၏။

ကုမ္ပဏီများ၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်းများ၊ ရောဂါထနေသော ယခုကာလတွင် ကုမ္ပဏီထူထောင်သောကြောင့် ကြွယ်ဝချမ်းသာလာမည်၊ မလာမည် မသိသော်လည်း လိပ်စာကတ်ပြား ရိုက်စားသူတို့ ဝင်ငွေဖြောင့်လာကြသည်မှာ အမှန်ဖြစ်ပါသည်။ ပုံနှိပ်လောကတွင် စာအုပ်မဂ္ဂဇင်းများ ဖိတ်စာရိုက်ခြင်း စသည်ဖြင့် ရှိရာ ဖိတ်စာရိုက်သူများသာ ချမ်းသာကြသည်။

ဖိတ်စာလုပ်ငန်းဖြင့် သင်၏ပုံနှိပ်လုပ်ငန်းကို စတင်ပါ။ ထို့နောက် ဝတ္ထုစာအုပ်၊ မဂ္ဂဇင်းစာအုပ်၊ ကျောင်းသုံးစာအုပ်၊ အဘိဓာန်ဘာသာရေးစာအုပ် စသည့် စာအုပ်ပုံနှိပ် အင်ပါယာကို ချဲ့ထွင်၍ သင်သည် ပုံနှိပ်လုပ်ငန်း၏ ဘုရင်တစ်ဆူဖြစ်ရေးအထိ မျှော်မှန်းလုပ်ဆောင်ပါ။ မုချသူကြွယ်ဖြစ်နိုင်သော လုပ်ငန်း ဖြစ်ပါ၏။

ထိုမှတစ်ဆင့် စာအုပ်ချုပ်လုပ်ငန်းကိုလည်း တိုးချဲ့ပါ။ မြန်မာနိုင်ငံသည် စာအုပ်ချုပ်သူ အလွန်ပေါပါသည်။ စာအုပ်ချုပ်လောကတွင် ၃၄ လမ်းမှ ကိုမြင့်သည် စာအုပ်ချုပ်ရာတွင် ကဝေကြီးတစ်ဆူလို ကျွမ်းကျင်သူဖြစ်သည်။ စာအုပ်ချုပ်ရာတွင် ကိုမြင့်က တံတွေးနှင့် ကပ်ပေးလိုက်လျှင်ပင် စာအုပ်လေးက လှနေသည်။ သို့သော် ကိုမြင့်သည် စာအုပ်ချုပ်လုပ်ငန်းကို ကျွမ်းကျင်ပြီး စီးပွားရေးချဲ့ထွင်ရေးလုပ်ငန်းကို စိတ်မဝင်စားပါ။ ကိုမြင့်လို စာအုပ်ချုပ်သမားတစ်ဦး သင်နှင့် လာပေါင်းလျှင် မြန်မာစာအုပ် ချုပ်လုပ်ငန်းကြီးတစ်ရပ်လုံးကို လက်ဝါးကြီးအုပ်နိုင်သည်။

## (ဂ) စိုက်ပျိုးရေးလုပ်ငန်း

သင်သည် စိုက်ပျိုးရေးကို စိတ်ဝင်စားပါက စိုက်ပျိုးရေးသည်လည်း လုပ်ကောင်းသော လုပ်ငန်းဖြစ်၏။ ဘာစိုက်ရမည်နည်းဟု ဆိုလျှင် ဈေးကွက်မှ လိုတာကို စိုက်ပျိုးပါ။

တောင်ကိုရီးယားနိုင်ငံ၏ စက်မှု မူဝါဒသည် အလွန်မှ စိတ်ဝင်စားစရာ ကောင်းပါသည်။ သူ့နိုင်ငံတွင် ဘာသယံဇာတမှမရှိ။ သတ္တုသိုက်များလည်းမရှိ၊ ရတနာသိုက်များလည်း မရှိပါ။ လျှပ်စစ်ရနိုင်သည့် ချောင်း

မြောင်းကလည်း နည်း၏။ ထိုအခါ သူက စက်မှုလုပ်ငန်းလုပ်ဆောင်ရန် သူ၏နိုင်ငံမှ ထွက်သည့် သံယံဓာတကို ငဲ့စရာမလိုဘဲ ကမ္ဘာ့ဈေးကွက်က ဘာတွေလိုလဲ။ ကမ္ဘာ့ဈေးကွက်မှ လိုအပ်နေသော ကွန်ပျူတာ (ချစ်)များ၊ အီလက်ထရွန်းနစ်ပစ္စည်းများ စသည်တို့ကို ကုန်ကြမ်းအား ပြည်ပမှ မှာယူ၍ လုပ်ဆောင်ရာ ထိုနိုင်ငံမှာ ချက်ချင်းသူဌေးဖြစ်သွားသည်။

ထိုဖြစ်ရပ်ကို ကျွန်တော်တို့ သင်ခန်းစာယူရမည်ဖြစ်၏။ ဈေးကွက်စီးပွားရေးစနစ်တွင် ဈေးကွက်ထဲမှာ ဘာလိုနေသနည်း။ လိုအပ်သောအရာကို စိုက်ပျိုးပါ။

စိုက်ပျိုးရေးလုပ်ငန်းသည်လည်း အမြတ်အစွန်းရှိသော လုပ်ငန်းဖြစ်၏။ ဈေးထဲတွင် ဒန့်ဒလွန်သီးတစ်တောင့်ကို လေးကျပ်ပေးရ၏။ ရုံပတီသီးတစ်တောင့်ကို တစ်ကျပ်ပေးရသည်။

သင့်တွင် ရန်ကုန်မှ ၂၅ မိုင်ဝေးသော နေရာတွင် မြေတစ်ဧကနှင့် ရင်းနှီးငွေ တစ်သိန်းရှိက စိုက်ပျိုးရေးလုပ်ငန်းကို လုပ်နိုင်သည်။ ဥပမာ မြေတစ်ဧကတွင် ဒန့်ဒလွန်ပင် သုံးရာခန့် စိုက်ပျိုးနိုင်၏။ ဒန့်ဒလွန်ပင်ကို တစ်နှစ်အတွင်း သီးအောင် လုပ်နိုင်သည်။ သို့သော် သင်သည် နှစ်နှစ်မှ အသီးခူးမည်။ အပင်သန်အောင်

စောင့်မည်ဆိုပါက ဒန့်ဒလွန်ပင်တစ်ပင်မှ တစ်နှစ် အသီးနှစ်ထောင်ရလျှင် အပင် သုံးရာမှ သင် အသီး ခြောက်သိန်းရနိုင်သည်။ ဈေးတွင် ဒန့်ဒလွန်သီးက တစ်ခါတစ်ရံ တစ်တောင့် လေးကျပ်ဖြစ်ရာ သင့်က တစ်တောင့်ကို တစ်ကျပ်ခွဲနှင့် ဖောက်သည်ပေးပါ။ သင့်ဝင်ငွေ တစ်နှစ်သုံးသိန်းမှ ငါးသိန်းထိ ရှိလာနိုင်၏။

ဒန့်ဒလွင်ပင်များအကြား၌ သင်သည် ခရမ်းသီး၊ ရုံးပတီသီး စသည်တို့ သီးညှပ်စိုက်ပျိုးနိုင်သည်။ ဒန့်သလွန်ကို သင်သည် ခုနစ်နှစ်အထိ ထားရှိနိုင်သည်။ ခုနစ်နှစ်ကြာ၍ အပင်များ အိုသွားလျှင် အရင်းမှ ခုတ်ပစ်ပါ။ အပင်သစ်များ ခုတ်ပစ်သည့် အငုတ်မှ ပေါက်လာပါမည်။ တစ်ငုတ်တွင် သုံးပင်ထားပြီးနောက် ဆယ်နှစ်တိုင် စားပါဦး။

လုပ်ငန်းများ လုပ်ဆောင်ရာတွင် ကျွမ်းကျင်မှု နှင့် ဝီရိယ၊ လုံ့လတော့ လိုပါသည်။ လုပ်ငန်းအပေါ် စိတ်ဝင်စားမှုရှိဖို့ လိုပါသည်။ ဈေးကွက်မှ လိုအပ်သော အခြားဟင်းသီးဟင်းရွက်များကိုလည်း စိုက်ပျိုးနိုင်ပါ သည်။ ရန်ကုန်၌ လူဦးရေ လေးသန်းခန့်ရှိ၏။ ထိုပါးစပ် ပေါက်များ တစ်ခုမဟုတ် တစ်ခုတော့ စားရမည်။ ထို ပါးစပ်ပေါက်များအတွင်းထိအောင် ပစ်ပါ။ သင် ချမ်းသာ လာပါမည်။

သင် လုပ်ဆောင်ရာတွင် ကြီးမားသည့် ဈေးကွက်ကို စိတ်ဝင်စားပါ။ မလွဲမရှောင်သာ ဝယ်ယူကြမည့် ပစ္စည်းမျိုးကို ထုတ်လုပ်ပါ။ ဥပမာ ကျောင်းသုံးစာအုပ် လုပ်ငန်း မြန်မာနိုင်ငံတွင် ကျောင်းသားလူငယ်များ သန်းချီ၍ရှိကာ မိဘများအားလုံး ရှာနေသော ပိုက်ဆံသည် သူတို့၏ ရင်သွေးများ ပညာရေးအတွက် ဖြစ်သည်။ ရင်သွေးငယ်များ၏ ပညာရေးအတွက် ဆိုပါက ဘယ်မိဘကမှ ဝယ်ယူရန်၊ ငွေပေးရန် လက်တွန့်ကြမည် မဟုတ်ရာ ထိုလုပ်ငန်းမျိုးများတွင် ရွေး၍ ရင်းနှီးမြှုပ်နှံပါ။

ယင်းလုပ်ငန်းများတွင် ကလေး ပညာရေးကိစ္စများ၊ ကလေးငယ်တို့၏ ကျန်းမာရေးကိစ္စများ ပါဝင်သင့်ပါ၏။

## (ဃ) မွေးမြူရေးလုပ်ငန်း

မွေးမြူရေးကိစ္စများသည်လည်း အမြတ်အစွန်းများသော ကိစ္စဖြစ်ပါသည်။ ကြက်ဈေး၊ ဝက်ဈေး တစ်ပိဿာ လေးရာကျပ် ဖြစ်ချိန်တွင် ကြက်၊ ဝက်၊ ဘဲ၊ ငန်း၊ ဖား၊ လိပ်မွေးမြူရေး လုပ်နိုင်သည်။ လိပ်ဈေးသည် တစ်ပိဿာ သုံးထောင်ကျပ်ခန့် ရှိ၏။

ငါးရှဉ့်မွေးမြူရေးသည် အလွန်လွယ်၏။ ရေစပ်နေရာတွင် ငါးရှဉ့်မလေးငါးကောင်နှင့် ငါးပုတ်၊ ငါး
အသေ တောင်းသုံးတောင်း၊ လေးတောင်းရှိလျှင် ငါးရှဉ့်ပိဿာ တစ်ရာ၊ နှစ်ရာ ရနိုင်သည်။ ဂဏန်း
မွေးမြူရာတွင်လည်း အပုပ်အစပ်များ ကျွေး၍ ကွန်ကရစ်ကန်တူးကာ မွေးနိုင်သည်။

ယိုးဒယားနိုင်ငံသည် အသားစား ကြက်မွေးမြူရေးလုပ် ငန်းတွင် ကြီးကျယ်သောနိုင်ငံဖြစ်သည်။
ဂျပန်နိုင်ငံသို့ ယိုးဒယားသည် အရိုးလွတ်ကြက်တန်ပေါင်းသန်းချီ၍ နှစ်စဉ် ရောင်းချသည်။ ယိုးဒယား၌
မွေးမြူရေးလုပ်ငန်းဖြင့် ချမ်းသာကြွယ်ဝသူများစွာရှိ၏။ ယိုးဒယား၌ ကမ္ဘာပေါ်တွင် အကြီးဆုံးသော မိချောင်းမွေး
မြူရေးလုပ်ငန်းရှိသည်။

အရှေ့တောင်အာရှတွင် သစ်သီးဝလံ စိုက်ပျိုးရေးလုပ်ငန်း အကျွမ်းကျင်ဆုံးနှင့် စိုက်ပျိုးရေးကို အောင်
မြင်ထွန်းကားစွာ လုပ်ဆောင်သော နိုင်ငံသည် ယိုးဒယားနိုင်ငံပင် ဖြစ်သည်။ ယိုးဒယားနိုင်ငံမှ ဒူးရင်းသီး၊
သရက်၊ မာလာကာ၊ လိုင်ချီး အစရှိသော အသီးမျိုးစုံတွက်၏။ အားလုံးအရသာရှိသည်။ ယိုးဒယားနိုင်ငံသည်
အသီးအနှံများကို မိမိတို့လိုသလို ဖန်တီးနိုင်သည်။ သရက်သီးကို ချိုချင်သလား၊ ချဉ်လိုသလား၊ ဆိမ့်လို

သလား၊ ကြိုက်သည့် အရသာကို ဖန်တီးနိုင်သည်။ ဒူးရင်းသီးမှအပ အခြားသီးနှံများ တစ်နှစ်ပတ်လုံး အချိန်မရွေး ထွက်ရှိအောင် လုပ်ကြသည်။ ကျွန်တော်တို့ မပေါ်သဓာဇာတ်ထဲတွင် အမရာသည် ထမင်းတစ်အိုးတည်းမှ တစ်ပိုင်း ကပျော့၊ တစ်ပိုင်းကမာ၊ တစ်ပိုင်းက မပျော့မမာဖြစ်အောင် ချက်နိုင်သလို ယိုးဒယားနိုင်ငံသည် အသီးများကို တစ်ပင်တည်းမှ အသီးကို အရှေ့ဘက်အကိုင်း အချို၊ နောက်ဘက်အကိုင်းမှ အချဉ်၊ တောင်ဘက်အကိုင်းမှ အဆိမ့်အရသာ ထွက်အောင် စိုက်ပျိုးနိုင်သည်။ အရှေ့တောင်အာရှ၏ စိုက်ပျိုးရေးကဝေကြီးပါရဂူဖြစ်သည့် နိုင်ငံသည် ယိုးဒယားနိုင်ငံပင်ဖြစ်၏။

ယိုးဒယားနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးမှ သူကြွယ်သူဌေးဖြစ်သူများစွာ ရှိသည်။ ယိုးဒယားလူမျိုး မစ္စတာချောက်ချိုင်ဆိုလျှင် နွားနို့လုပ်ငန်းဖြင့် မြေပေါ် ကုဋေရှစ်ဆယ်၊ မြေအောက် ကုဋေရှစ်ဆယ် ကြွယ်ဝသော ယိုးဒယားသူဌေးကြီး ဖြစ်ပါ၏။



## အခန်း (၁၅)

# နိုင်ငံကိုချစ်လျှင် မွေးမြူစိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံပါ

ကြွယ်ဝချမ်းသာနည်း လျှို့ဝှက်ချက်များကို ရေးသားရင်း နိုင်ငံအတွက် တရားဟောဦးမှ ဖြစ်မည်။ လူတစ်ဦးချင်း ချမ်းသာမှ တိုင်းပြည် ချမ်းသာသလို တိုင်းပြည်ချမ်းသာမှ လူတစ်ဦးချင်း ချမ်းသာကြမည် ဖြစ်၏။

မြန်မာနိုင်ငံ၏ စီးပွားရေးပေါ်လစီတစ်ရပ်မှာ– စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကို တိုးတက်အောင်လုပ်ရန် ဖြစ်၏။

စိုက်ပျိုးရေးဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှစ်မျိုးစလုံးပါဝင်ပါသည်။ လူတိုင်းအတွက် ချမ်းသာကြွယ်ဝဖို့ဆိုသည်မှာ ဒုတိယကိစ္စဖြစ်၏။ ပထမကိစ္စမှာ မိမိ ဝဝလင်လင် စားဖို့ဖြစ်သည်။ မိမိတို့ ဝဝလင်လင် စားနိုင်ရန် ကိုယ့်ဟာကိုယ် စိုက်ပျိုးမွေးမြူကြရပါမည်။

ကျွန်တော်တို့သည် မိမိတို့နိုင်ငံသားများ စားဖို့ ဆီ၊ ဆန်၊ ငရုတ်၊ ကြက်သွန်၊ ပဲ၊ အာလူး စသည့် မီးဖိုချောင်သုံးပစ္စည်းများကို လုံလုံလောက်လောက် ထုတ်လုပ်ရမည်။ ပိုလျှံသည်ကို နိုင်ငံခြားသို့ ထုတ်ရောင်းရမည်။

စိုက်ပျိုးရေးအတတ်ပညာ တစ်ဖက်ကမ်းခတ်နေသည့် ယိုးဒယားလိုနိုင်ငံမျိုးသည် မြန်မာ့ခြံစည်းရိုးဘေးတွင် ရှိနေသည်။ နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံမှ သီးနှံမျိုးစုံ အမျိုးအစား ကောင်းကောင်း ထုတ်လုပ်ရောင်းချနိုင်သည်ကို ဂုဏ်ယူကြ၏။

ယိုးဒယားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်သည့် အကြောင်းတစ်ရပ်တွင် ယိုးဒယားနိုင်ငံမှ ထွက်သော သီးနှံများကို အရသာရှိရှိ သန့်သန့်ရှင်းရှင်း မြိန်ရှက်စွာ လာရောက် စားသုံးကြခြင်းသည် အကြောင်းရင်းကြီးတစ်ရပ်အနေနှင့် ပါဝင်၏။ မြန်မာနိုင်ငံသို့ လာရောက်ကြသော ကမ္ဘာလှည့်ခရီးသည်တိုင်း

ာလည်း မေးကြ၏။ မြန်မာနိုင်ငံရောက်လျှင် ဘယ်လို သစ်သီးဝလံများ စားရမလဲဟု ဆိုသည်။ ပန်းမန် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များသည် ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင် ဖိတ်ခေါ်ရာတွင် အလွန်စွမ်းအားရှိသည့် ထိရောက်သော ဖိတ်ခေါ်ပစ္စည်းများဖြစ်ပါ၏။ အနုပညာနှင့် ရှေးဟောင်းပစ္စည်းများကိုသာ ကမ္ဘာလှည့်ခရီးသည်များက စိတ်ဝင်စားသည်မဟုတ်။ နံနက်လင်း၍ နံနက်စာစားသည်နှင့် လှပချိုမြိန်သော သစ်သီးဝလံစားသုံးနိုင်သော နိုင်ငံများသို့လည်း ကမ္ဘာလှည့်ခရီးသည်များ လိုလားနှစ်သက်စွာ လာရောက်လည်ပတ်ကြပါ၏။

အိန္ဒိယနိုင်ငံသို့ သွားရာတွင် ပန်းသီး၊ စပျစ်သီးနှင့် လိမ္မော်သီး စားသုံးရန် ကိစ္စတစ်ရပ်ပါသည်။ အိန္ဒိယပန်းသီးသည် အရသာရှိ၏။ စပျစ်သီးသည် အစေ့မပါ ချိုသည်၊ အချဉ်မရှိ၊ လိမ္မော်သီးကား နတ်သုဓာထည့်ထားသလို ချိုမြိန်သည်။

ထို့ကြောင့် တိုင်းပြည်ဖွံ့ဖြိုးရေး၊ ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်ရေးကိစ္စတွင် ပန်းမန်များ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များလည်း ပါဝင်သည်ကို စွဲမြဲမှတ်ယူထားဖို့ လိုပါသည်။

စိုက်ပျိုးရေးလုပ်ငန်းသည် မြန်မာနိုင်ငံ၏ အဓိက လုပ်ငန်းဖြစ်သည်။ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးအောင် ဆောင်ရွက်ရန် လမ်း ခင်းထား၏။

သို့သော် ယင်းလုပ်ငန်းတွင် နိုင်ငံတော်ပိုင်တစ်ခု တည်းကသာ စိတ်ဝင်စား၍ ရင်းနှီးမြှုပ်နှံမှုကို နိုင်ငံ တော်ကသာလျှင် လုပ်ဆောင်နေ၏။ စိုက်ပျိုးရေးကို ယိုးဒယားနိုင်ငံမှ မစ္စတာချမ်မရောင်း လာရောက်၍ ဘုရားငါးဆူတွင် သရက်စိုက်ပျိုးခြင်း၊ ငါးမွေးမြူခြင်း အတွက် ရင်းနှီးမြှုပ်နှံမှု ပြုသည်မှလွဲ၍ မြန်မာထဲမှ စိုက်ပျိုးရေး၊ မွေးမြူရေးအတွက် အများအစား ရင်းနှီး မြှုပ်နှံမှု နည်းလွန်းလှသေး၏။

ယခုအခါ မြန်မာကုမ္ပဏီများ ငါးထောင်နီးပါး ရှိပါ၏။ ထိုကုမ္ပဏီများသည် လုပ်ဆောင်ရေး၊ ဝန်ဆောင် မှု၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း စသည်တို့တွင်သာ ရင်းနှီးမြှုပ်နှံမှုများ ရှိကြပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုပြုသော ကုမ္ပဏီအလွန်မှ နည်းသည်။

ကျွန်တော်တို့နိုင်ငံသည် ဟိုတယ်ကြီးတွေဆောက် ချင်သလောက်ဆောက်။ မွေးမြူရေးနှင့် စိုက်ပျိုးရေး တက်မလာပါက အခြေခံစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာ

ဖို့ အလွန်ခဲယဉ်းပါ၏။ ထို့ကြောင့်လည်း အစိုးရက စိုက်ပျိုးရေး အခြေခံပြီးမှ အခြားစီးပွားရေးကဏ္ဍ ဘက်စုံ ဖွံ့ဖြိုးရေးကို ပေါ်လစီချထားခြင်း ဖြစ်ပါ၏။

ကျွန်တော်တို့နိုင်ငံမှထွက်သော ပဲမျိုးစုံသည် ညံ့လျှင်လည်း တိရစ္ဆာန်အစားအစာအဖြစ် ပြည်ပသို့ ရောင်းနိုင်သည်။ ကောင်းလျှင်လည်း စားသောက်ကုန် ကြမ်းများ ပြုလုပ်ရန်အတွက် ဈေးကောင်းကောင်းနှင့် ရောင်း၍ရသည်။ ကမ္ဘာ့ဈေးကွက်မှ မြန်မာ့ပဲကို ဝယ် အားရှိသည်။ ထိုသို့ဆိုပါက ရန်ကုန်မြို့ပေါ်ရှိ ငွေ အင်အားရှိသော ကုမ္ပဏီကြီးများသည် ပဲမျိုးစုံ စိုက်ပျိုး ရေးအတွက် သိန်းတစ်ထောင် ရင်းနှီးပါလား။ တစ်နှစ် တွင် သန်း ၁၅၀၀ ရနိုင်ပါမည်။ သို့သော် ဒုက္ခနှင့် ပင်ပန်းမှုတော့ ရှိ၏။ ငွေအရင်းအနှီးရှိသော မြန်မာ သူဌေးများသည် ပင်ပန်းမှုနှင့် ဒုက္ခကို မခံလိုကြပေ။ ထို့ကြောင့် မိမိတို့ မျက်စိအောက်တွင်သာ ဖြစ်သော ကုန်တိုက်ဖွင့်ခြင်း၊ စားသောက်ဆိုင်ဖွင့်ခြင်း၊ ဟိုတယ် ဆောက်လုပ်ခြင်းလုပ်ငန်းများကိုသာ လုပ်ကိုင်ကြ၏။

ကုန်တိုက်၊ စားသောက်ဆိုင်နှင့် ဟိုတယ်လုပ် ငန်းများသည် အကန့်အသတ်ရှိသော လုပ်ငန်းများ ဖြစ်၏။ ရန်ကုန်တွင် လူဦးရေ လေးသန်းရှိ၍ သူ့ဝယ် အားသည် တစ်လ ကုဋေနှစ်ဆယ် ဆိုပါက ကုဋေရှစ်

ဆယ်ထက် ကျော်လွန်၍ ဖွင့်ထားသော ကုန်တိုက်များ ကျိုးနှင့် ဖုတ်ဖုတ်ဖြစ်မည်မှာ သေချာ၏။ အလားတူပင် စားသောက်ဆိုင်များမှာလည်း စားနိုင်သောက်နိုင်သော လူဦးရေမှာ အကန့်အသတ်ရှိ၍ ဆိုင်အရေအတွက်မှာ တစ်ခုသော ကန့်သတ်မှု ဘောင်ထဲတွင် ရှိနေ၏။ စားနိုင် သောက်နိုင်သော လူဦးရေထက် ပိုလျှံလာသော စားသောက်ဆိုင်များကို ဘယ်သူက လာစားမည်နည်း။

ပဲမျိုးစုံ စိုက်ပျိုးမှုသည် ထွက်ချင်သလောက်ထွက်၊ ပြည်တွင်း ပြည်ပ ဈေးကွက်ရှိနေ၏။ ပဲမျိုးစုံ စိုက်ပျိုးရေးသည် အကန့်အသတ်မရှိ ကြွယ်ဝချမ်းသာနိုင်၏။ သို့သော် ငွေသိန်းတစ်ရာအထက်ရှိသော ဘယ်သူမှ ပဲမျိုးစုံ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရင်းနှီး မြှုပ်နှံမှုဖြင့် တောင်သူတို့ကသာ ရင်းနှီးမြှုပ်နှံ၍ ထွက်လာသော ကုန်ပစ္စည်းကို အရင်းအနှီးရှိသော မြန်မာကုမ္ပဏီများက ပဲကုန်သွယ်မှု၊ ရောင်းဝယ်ဖောက်ကားမှုကိုသာ ပြုသည်။ ရင်းနှီးမြှုပ်နှံမှုပြုခြင်း မရှိဘဲ ထွက်ကုန်ပမာဏသည် တက်လာမည် မဟုတ်။ မိရိုးဖလာ ပဲတောင်သူတို့၏ ရင်းနှီးမြှုပ်နှံမှုမှာ–

(က) ရင်းနှီးမှုနည်းသည်၊

(ခ) ခေတ်မီစိုက်ပျိုးရေးမပြုနိုင်၊

(ဂ) စိုက်ပျိုးသူသည် ပြည်ပသို့ တိုက်ရိုက်မပို့နိုင်။

ရင်းနှီးမြှုပ်နှံမှုများများဖြင့် ပဲလုပ်ငန်းကို လုပ်ပါက–

(က) ရင်းနှီးမြှုပ်နှံမှုများ၍ ပဲပိုထွက်လာမည်။

(ခ) ခေတ်မီနည်းကို အသုံးပြုနိုင်၍ ထွက်နှုန်းပိုလာမည်။

(ဂ) စိုက်ပျိုးသူက တိုက်ရိုက် နိုင်ငံခြားပို့သဖြင့် အမြတ်အစွန်းများ၏။

ယခု တောင်သူတို့စိုက်၍ ထွက်ရှိသောပဲကို မြို့ပေါ်မှ ငွေရှိသူက အဆင့်ဆင့် ဝယ်ယူရောင်းချမှုလောက်ဖြင့်ကား မြန်မာ့စိုက်ပျိုးရေး တက်မလာနိုင်ပါ။

တစ်ဖန် စိုက်ပျိုးရေး မွေးမြူရေးကိစ္စများကို အစိုးရပေါ်လစီမူဝါဒများ ခေတ်မီနည်းစနစ်များ၊ ခေတ်မီကိရိယာများကိုသာ ဖြန့်ဖြူးကူညီ၍ နိုင်ငံတော် ကိုယ်တိုင်က မွေးမြူသည့်လုပ်ငန်း၊ စိုက်ပျိုးသည့်လုပ်ငန်းကို ကိုယ်တိုင်မလုပ်သင့်ပါ။ နမူနာပြ စိုက်ပျိုးရေးကိုသာ နိုင်ငံတော်က ပြုလုပ်သင့်ပါ၏။ စိုက်ပျိုးရေး မွေးမြူရေးသည် ကိုယ်ဖိရင်ဖိ မိမိရင်မှ ဖြစ်သော သားသမီးကို မွေးသကဲ့သို့ လုပ်ဆောင်ရပေရာ ထိုကဲ့သို့သောပြုစုမှုကို နိုင်ငံတော်ပိုင်းမှ ပေးရန်ခက်ခဲ၏။

ပုဂ္ဂလိကပိုင်မှ မိမိ၏ အရင်းအနှီးကို စိုက်ပျိုးရေးတွင် ပြုလုပ်ပါက ကိုယ်ဖိရင်ဖိလုပ်မည် ဖြစ်၏။

ပုဂ္ဂလိကပိုင်က မိမိစိုက်ပျိုးသီးနှံ၊ မွေးမြူသည့် သားငါးကို သားသမီးလို ပြုစုစောင့်ရှောက်မှုပေးကြ၏။ မပေးပါက မိမိတို့ ရင်းနှီးထားသော အရင်းများ ပြုတ်ကုန်မည်စိုး၍ ပုဂ္ဂလိကသည် လုပ်ပြီဆိုပါက မအောင်မြင်အောင်မြင်အောင် ကြိုးစားကြ၏။ ထိုသို့ အားထုတ်မှုမျိုးတွင် နိုင်ငံတော်နှင့် သမဝါယမအစရှိသော ကဏ္ဍများကအားနည်းတတ်၏။ နိုင်ငံတော်သည် ပုဂ္ဂလိကပိုင်လုပ်ငန်းများအား မိခင်ဖခင်တို့သည် မိမိတို့၏ သားသမီးများအား လူလားမြောက်အောင် ပြုစုပျိုးထောင်သကဲ့သို့ စောင့်ရှောက်ပျိုးထောင်ပေးရမည် ဖြစ်သည်။ မိဘသည် သားသမီးများ လူတစ်လုံး သူတစ်လုံးဖြစ်ပါက ကျေနပ်ကြည်နူးဝမ်းသာနေသလို ပုဂ္ဂလိက လုပ်ငန်းများ ဖွံ့ဖြိုးနေသည်ကို ကြည်နူးမှုအပြည့်နှင့် ဂုဏ်ယူနေကြရမည်ဖြစ်ပါ၏။

ပုဂ္ဂလိကပိုင်သည် မိမိနိုင်ငံကို ချစ်မြတ်နိုးသည်၊ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်လိုသည်ဟု ဆိုပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ငွေလုံးငွေရင်းဖြင့် ရင်းနှီးမြှုပ်နှံရမည် ဖြစ်ပါ၏။

စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးကို နိုင်ငံတော်ကဏ္ဍတစ်ရပ်တည်းနှင့် ဆောင်ရွက်၍ မရနိုင်ပါ။ နိုင်ငံတော်ပိုင်း

မှ နည်းပြ ဦးဆောင်၍ ပုဂ္ဂလိကပိုင်းမှ လက်တွေ့ အကောင်အထည်ဖော်က ကြွယ်ဝမှုကို ခံစားနိုင်ကြမည် ဖြစ်ပါ၏။




## အခန်း (၁၆)

# ရင်းနှီးမြှုပ်နှံနိုင်သည့် လုပ်ငန်းများ (၂)

အပ်ချုပ်လုပ်ငန်း၊ ဖိတ်စာရိုက်သည့်လုပ်ငန်း၊ မွေးမြူရေး၊ စိုက်ပျိုးရေးလုပ်ငန်း အများနှင့် ပတ်သက်သော ကိစ္စလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပြုသင့်ကြောင်း ကျွန်တော် တင်ပြခဲ့ပါ၏။

### (က) ခေါင်းညှပ်ဆိုင်နှင့် အလှပြင်လုပ်ငန်း

ရန်ကုန်မြို့တွင်သာမက မန္တလေး၊ မော်လမြိုင် အစရှိသော မြို့ကြီးများတွင်ပါ ခေါင်းညှပ်ဆိုင်လုပ်ငန်း၊ အလှပြင်လုပ်ငန်းများကို လုပ်ဆောင်နိုင်သည်။ ယခု

ခေတ်တွင် ယောကျ်ားလေးများရော မိန်းကလေးများပါ ခေါင်းညှပ်ကြသည်။

ရန်ကုန်တွင် လူဦးရေလေးသန်းရှိရာ အမျိုးသား ၁၈ သိန်း ရှိနိုင်၏။ အမျိုးသားများ ခေါင်းတစ်ခါ ညှပ်လျှင် တစ်ဆယ်မှ တစ်ရာအထိ ပေးရ၏။ ပျမ်းမျှချင်း ခေါင်းတစ်ခါညှပ်လျှင် နှစ်ဆယ် ကျပ်ထားဦး။ ဤလုပ် ငန်းကြီးသည် တစ်လတွင် ရန်ကုန်တစ်မြို့တည်း၌ သိန်း ၃၆၀ တန် လုပ်ငန်းကြီးဖြစ်၏။ ယောကျ်ားလေးများ တစ်လတစ်ကြိမ် ခေါင်းညှပ်သည့်နှုန်းဖြင့် တွက်ခြင်း ဖြစ်ပါသည်။ အမျိုးသမီးများကိုကား ဆံပင်တစ်ခါပြင် လျှင် နှစ်ရာကျပ်မှ နှစ်ထောင်ကျပ်အထိ ကုန်ကျနိုင် သည်။

ရန်ကုန်မြို့တွင် ခေါင်းတစ်ခါညှပ်လျှင် တစ်ရာ ကျပ်နှုန်းဖြင့် ကမ္ဘာအေးလမ်းမပေါ်တွင် သဇင်ဆံသ ဌာနရှိ၏။ ထိုကဲ့သို့ ခေတ်မီအအေးခန်းနှင့် အမျိုးသား ဆံပင်ညှပ်ဆိုင်များ ရန်ကုန်မြို့တွင် လေးငါးဆိုင်ထပ်၍ ဖွင့်နိုင်ပါသေးသည်။

အမျိုးသမီး အလှပြင်ဆိုင်များကား ယခုအခါ တိုးပွားလျက်ရှိသည်။ အလှပြင်လုပ်ငန်းများကို မူပိုင် နည်း၊ လိုင်စင်နည်းများနှင့် ဆိုင်ခွဲများ ဖွင့်နိုင်၏။ ဥပမာ သဇင်ဆံသဆိုင်သည် မိမိ၏ ဆိုင်ခွဲများကို ရန်ကုန်မြို့၏

မြို့နယ်တိုင်းတွင် ဖွင့်နိုင်သည်။ မိမိ၏ သဇင်ဟူသော အမည်ကို အသုံးပြုခွင့်ပေးပြီး မိမိ၏ ဆံပင်ညှပ်နည်း၊ မိမိ၏ ကြိုဆိုညှော်ခံနည်း၊ မိမိ၏ ဆိုင်အခင်းအကျင်း များကို သွားရောက်သင်ကြားပေးပြီး ယင်းမှ ကော်မရှင် ယူနိုင်သည်။

အမျိုးသမီး အလှပြင်ဆိုင်များ ယခုထက် တိုးတက်များပြားအောင် ဖွင့်လှစ်၍ ရသေးသည်။ အမျိုးသမီးတို့သည် မိမိတို့ဘာသာတော့ နေ့စဉ် အလှပြင်ကြသည်။ သို့သော် တစ်လတစ်ကြိမ်တော့ အလှပြင်ဆိုင် ဆံပင်ပြုပြင်သောဆိုင်များသို့ သွားတတ်ကြရာ ဤလုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံမှု ပြုနိုင်၏။

## (ခ) အဝတ်လျှော်လုပ်ငန်း

ခေတ်မီ အဝတ်လျှော်လုပ်ငန်းများကို တည်ထောင်နိုင်သည်။ ယခုအခါ အဝတ်လျှော်စက်များရှိ၍ အဝတ်လျော် မီးပူတိုက်လုပ်ငန်း လုပ်ဆောင်ရသည်မှာ လွယ်ကူ၏။

ဖြူစင်သန့်ရှင်းလှပသေသပ်စွာဖြင့် အဝတ်လျှော်လုပ်ငန်းမှလည်း ဝင်ငွေရနိုင်သည်။ မူပိုင် အကျိုးတူဆိုင်ခွဲများစွာ ဖွင့်လှစ်၍ လုပ်ငန်းနယ်ပယ်ချဲ့ထွင်နိုင်ပါသည်။ ရန်ကုန်တွင် ယခင်က ခေတ်မီအဝတ်လျှော်

ပန်းမျိုးတစ်ရာစာပေ

လုပ်ငန်းများစွာ ရှိခဲ့ဖူးပါသည်။ ယင်းလုပ်ငန်းများကို ယခု ပြန်လည်စတင်၍ ရပါသည်။

## (ဂ) စာအုပ်ဆိုင်လုပ်ငန်း

ရန်ကုန်မြို့တွင် စာအုပ်ဆိုင် အများအစားမရှိသေးပါ။ နေရာထိုင်ခင်း ကျယ်ကျယ်ပြန့်ပြန့်နှင့် ဆိုင်ဟူ၍ အစိုးရဆိုင်များလောက်သာ ရှိသေး၏။ ဈေးရောင်းဝယ်သည့် လုပ်ငန်းကို နိုင်ငံတော်က ဆောင်ရွက်လျှင် အောင်မြင်မှု နည်းပါးပါသည်။ ရန်ကုန်မြို့တွင် စာအုပ်ဆိုင်လုပ်ငန်းကို လုပ်ကိုင်၍ ရပါသေး၏။ မကြာသေးမီက ညွှန့်ညွှန့်စာအုပ်ဆိုင်သည် ယခင်က ကျောင်းသုံးတစ်မျိုးတည်း လုပ်ဆောင်နေရာမှ သုတလိုင်းသို့ တိုးချဲ့၍ လုပ်ဆောင်ခဲ့ပါသည်။

ရန်ကုန်တွင် စာပေလောက၊ ဂုဏ်ထူး၊ စာပေရတနာ၊ ပတ္တမြားငမောက်၊ အောင်ဆုယူ၊ အာရုံသစ်၊ စံလှ၊ ဟသ်ာတ၊ ဆင်တောင်ကြီး၊ အမေ့အိမ်၊ ဟင်းလေးအိုး အစရှိသော စာအုပ်ဆိုင်များ ရှိသည်။ မန္တလေးတွင် နဂါး၊ မောင်မောင်ပြေ၊ လူထု၊ ရဲရင့်၊ ဆုမွန်၊ မြညွှန့်ဆွေ အစရှိသော စာအုပ်ဆိုင်များ ရှိကြ၏။ ရန်ကုန်ရော မန္တလေးတွင်ပါ စာအုပ်ဆိုင်အသစ်များ ထပ်ဖွင့်လျှင် ရသေးသည်။ မြန်မာစာအုပ်ဆိုင်များကို မှန်ဘီရိုများနှင့် ထည့်သွင်းရောင်းချရန် ပထမဆုံး

ါတ်ကူးအကောင်အထည်ဖော်သူမှာ စာပေလောက၏
ခင်ကြီး သခင်ခင်ညွှန့်ပင် ဖြစ်ပါ၏။

စာအုပ်ဆိုင်ကို နယ်လှည့်စာအုပ်ဆိုင်အဖြစ် ကား
တစ်စီးဖြင့် မြို့နယ်များသို့ ပုံမှန်လှည့်၍ ရောင်းနိုင်၏။
ယ္ခုနှစ်ဆယ် အစိတ်စီးကားတစ်စီးကို စာအုပ်ဆိုင်အဖြစ်
ပြင်ဆင်၍ ဈေးများ၊ မြို့နယ်များ၌ လှည့်လည်ရောင်း
သောစနစ်သည် မြန်မာနိုင်ငံ၌ မရှိသေးပါ။ ကားတစ်စီး
ကို စာအုပ်ဆိုင်လို ပြင်ဆင်ပါ။ အသံချဲ့စက်တစ်လုံး
ဖြင့် ဘယ်မြို့နယ် ဘယ်လမ်း ဘယ်နေ့အရောက်လာ
၍ ရောင်းချမည် ဟူသော အချိန်စာရင်းဖြင့် ထီရောင်း
သလို နယ်လှည့်စာအုပ်ကားများကို ပြင်ဆင်ထားကာ
စာအုပ်အရောင်းလုပ်ငန်းကို လုပ်နိုင်သည်။

မိမိတို့ကား ထိုရပ်ကွက်သို့ ရောက်သွားပါက
ငယ်ကလေးများအား အခမဲ့ ကာတွန်းများကို ဖတ်စေ
ရန် စီစဉ်ပေးခြင်း၊ ရပ်ကွက်မှ အလိုရှိသော စာအုပ်
များ စာရင်းကို ကောက်ခံ၍ နောက်အပတ်တွင် ရှာ
ဖွေ၍ အိမ်တိုင်ရာရောက် ရောင်းချခြင်း စသည့် လုပ်
ငန်းများကို လုပ်ဆောင်နိုင်ပါသည်။

### (ဃ) ဖိနပ်လုပ်ငန်း

ဖိနပ်သည် လူတိုင်း နေ့စဉ်သုံးပစ္စည်း ဖြစ်၏။
တစ်နှစ်တွင် လူတစ်ယောက် ဖိနပ်သုံးရံတော့ ကုန်

သည်။ မိုးစီး၊ နွေစီး၊ ဆောင်းစီးဖိနပ်ဟူ၍ရှိရာ ထိုကဲ့သို့ လူတိုင်း သုံးစွဲသည့် ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းများသည်လည်း လုပ်သင့်သော လုပ်ငန်းများ ဖြစ်၏။

## (င) စားသောက်ဆိုင်လုပ်ငန်း

ရင်းနှီးရရန် အချိန်အတိုဆုံးနှင့် အမြတ်ငွေအများဆုံးရရှိသည့် လုပ်ငန်းများတွင် စားသောက် ဆိုင်လုပ်ငန်းများပါဝင်၏။ စားသောက်ဆိုင်လုပ်ငန်းတွင် ရင်းနှီးရန် အချိန်သည် ၂၄ နာရီသာကြာ၏။ အချို့လုပ်ငန်းမှာ ၁၂ နာရီမျှသာ ကြာသည်။ ၁၂ နာရီအတွင်း တစ်ဆယ်ရင်းနှီးပါက နှစ်ဆယ်ကျပ် မြတ်သောလုပ်ငန်းသည် စားသောက်ဆိုင်လုပ်ငန်း ဖြစ်၏။ စားသောက်ဆိုင်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုသင့်ပါသည်။

မြန်မာနိုင်ငံတွင် နံနက်စာ စားရန် သန့်ရှင်း၍ အရသာရှိသောဆိုင်များ လိုအပ်နေဆဲ ဖြစ်သည်။ မြန်မာစားသောက်ဆိုင်များကို ယခုထက် ပိုမိုသန့်ရှင်းအောင် ပြုလုပ်ကြရမည်။ အခင်းအကျင်းများ ပြင်ဆင်ရမည် ဖြစ်၏။ **ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် အစားအသောက်များကို လက်ဖြင့်မကိုင်တော့။** မြန်မာနိုင်ငံတွင် ပယ်ပယ်နယ်နယ်ကိုင်၍ ကောင်းဆဲ ဖြစ်၏။ ကမ္ဘာတွင်

စားစရာကို ဇွန်း၊ ညှပ် စသည်တို့ဖြင့်သာ ကိုင်၏။ မလွှဲမရှောင်သာ လက်ကို အသုံးပြုရမည်ဟု ဆိုပါက ပလတ်စတစ်အိတ်ကို ပြောင်းပြန်ပြုလုပ်၍ လက်ထိုးကာ စားစရာများကို ပလတ်စတစ်ခံ၍ ကိုင်တွယ်ကြ၏။ ဤအလေ့အကျင့်ကို မြန်မာနိုင်ငံတွင် ကျယ်ပြန့်အောင် လေ့ကျင့်သင့်ပါ၏။

မြန်မာစားစရာတစ်မျိုးဖြစ်သော မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ စသည့် စားစရာများကို နိုင်ငံခြားသားများပါ ကြိုက်ကြသည်။ ပိုမို သန့်ရှင်းသပ်ရပ်၍ အရသာထူးကဲသော မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲနှင့် မြန်မာမုန့်အမျိုးမျိုး ရောင်းချသော ဆိုင်များ ရန်ကုန်တွင် တိုးချဲ့ဖွင့်လှစ်ရင်းနှီးနိုင်ပါသေး၏။

## (စ) ငါးပိ ငံပြာရည်လုပ်ငန်း

ထိုလုပ်ငန်းသည်လည်း အမြတ်အစွန်းရရှိသော လုပ်ငန်းဖြစ်သည်။ ဦးပွင့်ကောင်းသည် ငါးပိငံပြာရည် လုပ်ငန်းဖြင့် ကြွယ်ဝချမ်းသာ၍ ပွင့်ကောင်း ငါးပိငံပြာရည်သည် မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြားပါ၏။ မြန်မာလူမျိုးတို့သည် ငါးပိငံမပြာရည်မပါဘဲ ဟင်းမချက်တတ်ကြပေရာ ယင်းလုပ်ငန်းကို စီးပွားဖြစ် လုပ်ငန်းတစ်ရပ်အနေဖြင့် လုပ်ဆောင်နိုင်၏။ ယခုအခါ ငါးပိ

ငံပြာရည်လုပ်သည့် လုပ်ငန်းစနစ်များလည်း အဆင့်မြင့်လာရာ ဤလုပ်ငန်းတွင် ငွေရင်းနှီးမြှုပ်နှံ၍ ပြုလုပ်နိုင်သည်။

**(ဆ) အိမ်တိုင်ရာရောက် ဝန်ဆောင်မှုလုပ်ငန်း**

ကျွန်တော်တို့သည် အထွေထွေ ဝန်ဆောင်မှုလုပ်ငန်းအရပ်ရပ်ကိုလည်း လုပ်ဆောင်နိုင်သည်။ ယင်းသို့ လုပ်ဆောင်နိုင်သော လုပ်ငန်းများမှာ–

(က) ခြံသန့်ရှင်းရေးလုပ်ငန်း
(ခ) လက်သမားလုပ်ငန်း
(ဂ) လျှပ်စစ်လုပ်ငန်း
(ဃ) ရေခဲသေတ္တာ၊ ဗီဒီယိုကက်ဆက်ပြင်ဆင်သည့်လုပ်ငန်း
(င) အိမ်သန့်ရှင်းရေးလုပ်ငန်း
(စ) အိမ်တိုင်ရာရောက် စက်ဘီးနှင့် ခေါင်းညှပ်လုပ်ငန်း
(ဆ) လက်သမားလုပ်ငန်း

စသည်တို့ ဖြစ်သည်။

ခြံသန့်ရှင်းရေးလုပ်ငန်းမှာ မိမိတို့တွင် ခြံသန့်ရှင်းရေးကို စနစ်တကျ လုပ်ဆောင်ပေးကြောင်း၊ သတင်းစာမှနေ၍ ကြော်ငြာပါ။ တယ်လီဖုန်းဆက်ပါက လာ

ရောက်ရှင်းလင်းပေးမည် ဖြစ်ကြောင်း ထည့်သွင်းကြော်ငြာပါ။ ခြံသန့်ရှင်းရေး အလုပ်သမားဆယ်ဦး ၁၅ဦး စသည်ဖြင့် ခန့်ထားပါ။ တယ်လီဖုန်းဆက်၍ ခေါ်သော ခြံများသို့ သွား၍ တစ်စတုရန်းပေတွင် တစ်ဆယ်ကျပ်သို့မဟုတ် ၁၅ ကျပ်နှင့် ခြံရှင်းပေးပါ။ ခြံရှင်းသည့် လုပ်သားများအား လခစားခန့်ထားပြီး လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ချဲ့ထွင်လုပ်ဆောင်နိုင်ပါသည်။

အလားတူပင် အိမ်တိုင်း၌ အတိုအထွာ လက်သမားလုပ်ငန်းများ ရှိတတ်ပါသည်။ အိမ်မှ ဘုရားစင် ပြင်ရန်၊ စားပွဲ ကုလားထိုင်ပြင်ရန် မီးဖိုချောင်တံခါး ပြင်ရန် စသည့် အလုပ်သမားများအတွက် တယ်လီဖုန်းဖြင့် ဆက်သွယ်၍ အိမ်တိုင်ရာရောက် သွားရောက်ပြင်ဆင်ပေးသည့် လုပ်ငန်းမျိုးကို လုပ်ဆောင်နိုင်ပါသည်။

ထို့အတူပင် မိမိတို့သည် လျှပ်စစ်ပြင်တတ်သူ၊ ရေခဲသေတ္တာ၊ ဗီဒီယို ပြင်ဆင်သူများ စုပေါင်း၍ ဖြစ်စေ၊ လခစားငှား၍ ဖြစ်စေ ဖွဲ့စည်းထားပါ။ ထို့နောက် သတင်းစာ မဂ္ဂဇင်းမှ လျှပ်စစ်ပြင်ဆင်ရေး၊ ရေခဲသေတ္တာ၊ ဗီဒီယိုအိမ်တိုင်ရာရောက် ပြင်ဆင်ပေးကြောင်းကို ဆက်သွယ်ရန် လိပ်စာနှင့်တကွ ကြော်ငြာပါ။ ကျွမ်းကျင်သူများနှင့် ထိရောက်စွာ ပြင်ဆင်ပါ။ စေတနာထား၍

အကောင်းဆုံးဝန်ဆောင်မှုပေးပါ။ ရန်ကုန်မြို့တွင် အိမ်တိုင်း၌ ခြံသန့်ရှင်းရန်ကိစ္စ၊ လက်သမားကိစ္စ၊ လျှပ်စစ်ပြင်ဆင်သည့်ကိစ္စ၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်မီးဖိုများ ပြင်ဆင်ရန် ရှိနေပါသည်။

## (ဓ) တိုင်းရင်းဆေးဝါးဖော်စပ်ရောင်းချသည့်လုပ်ငန်း

မြန်မာနိုင်ငံတွင် တိုင်းရင်းဆေးဝါး ဖော်စပ်သည့် လုပ်ငန်းကိုလည်း လုပ်ဆောင်နိုင်၏။ မြန်မာတို့သည် ကျန်းမာရေးအတွက် တိုင်းရင်းဆေးဝါးသုံးစွဲခြင်းကို ယုံကြည်လက်ခံသူများ ဖြစ်၏။ ထို့ပြင် ခေတ်မီဆေးဝါး၏ အစွမ်းထက်မှု၊ မတဲ့မှု၊ ဥပါဒ်ဖြစ်မှုတို့ကြောင့် တိုင်းရင်းဆေးဝါးများကို သုံးစွဲတတ်ကြရာ ငန်းဆေး၊ သွေးဆေး၊ လျက်ဆား စသည်တို့ကို နည်းလမ်းများရှာဖွေ၍ လုပ်ဆောင်နိုင်သည်။

## (န) ဆေးခန်းများဖွင့်ခြင်း၊ ခွဲစိတ်ခန်းများဖွင့်ခြင်း

ထို့ပြင် ခေတ်မီဆေးဝါးကုသသည့် ဆေးခန်းများ၊ ခွဲစိတ်ခန်းများ၊ သားဖွားလုပ်ငန်း၊ ကလေးအထူးကုဆေးခန်းများကို ဖွင့်လှစ်သည့် လုပ်ငန်းများလည်း လုပ်ဆောင်နိုင်ကြသည်။

## (ည) လူငယ်များ ငွေရှာနိုင်သည့် လုပ်ငန်းများ

လူငယ်များသည် ကိစ္စများစွာတွင် ဝင်ငွေရှာဖွေမှုများ ပြု၍ ရပါသည်။ လူငယ်များ ငွေရှာနိုင်သည့် လုပ်ငန်းများကို ကျွန်တော် ရေးပြပါမည်–

၁။ ကားရေဆေးလုပ်ငန်း
၂။ အိမ်တံခါးနှင့် အိမ်နံရံသန့်ရှင်းရေး
၃။ သီးနှံစိုက်ခင်းများ ပေါင်းသင်သည့်လုပ်ငန်း
၄။ ကလေးထိန်းလုပ်ငန်း
၅။ ကလေးငယ်များအား အိမ်တိုင်ရာရောက် စာသင်ပေးသည့်လုပ်ငန်း
၆။ သက်ကြီးရွယ်အိုများအတွက် ဗာဟီရလုပ်ဆောင်ပေးသည့် လုပ်ငန်း
၇။ ခြံစည်းရိုးဝင်းထရံ ဆေးသုတ်လုပ်ငန်း
၈။ လက်ကမ်းကြော်ငြာ၊ ရုပ်ရှင်ကြော်ငြာများ လိုက်ကပ်ပေး၊ ဖြန့်ချိပေးသည့်လုပ်ငန်း
၉။ ရေကူးကန် သန့်ရှင်းရေးလုပ်ငန်း
၁၀။ ထင်းခွေထင်းပေါက်လုပ်ငန်း
၁၁။ ကားဂိုဒေါင်သန့်ရှင်းရေး
၁၂။ ပန်းပျိုးပင်ငယ်များ ရောင်းချခြင်း
၁၃။ မြက်ခင်းအလှပြင်ခြင်းနှင့် သစ်ပင်များ အကိုင်းချိုးပေးခြင်း

၁၄။ စိုက်ခင်းအတွက် မြေပြင်ခြင်း
၁၅။ သက်ကြီးရွယ်အိုများ၏ အိမ်များ ခုနစ်ရက် တစ်ကြိမ် သန့်ရှင်းပေးခြင်း။
၁၆။ ငါးမျှား၍ ပြန်ရောင်းခြင်း
၁၇။ မွေးမြူရေးခြံများတွင် သန့်ရှင်းရေးလုပ်ခြင်း
၁၈။ အသေးစားကြက်မွေးမြူရေးလုပ်ငန်း လုပ်ခြင်း
၁၉။ စိုက်ပျိုးရေးခြံတစ်ခုတွင် ဝင်ရောက်လုပ်အား ပေး၍ ခြံထွက်ပစ္စည်းကို လုပ်ခယူကာ ပြန် ရောင်းခြင်း
၂၀။ ငှက်လှောင်အိမ်များ ပြုလုပ်ရောင်းချခြင်း
၂၁။ ပန်းချီဆွဲခြင်း
၂၂။ လျှပ်တပြက် ပုံတူပန်းချီဆွဲရောင်းခြင်း
၂၃။ ဖိနပ်ချုပ် အရောင်တင်ပေးခြင်း
၂၄။ အလုပ်များသောအိမ်ရှင်မများကို ကူညီ၍ မီးပူတိုက်ပေးခြင်း
၂၅။ အိမ်များတွင် အချိန်ပိုင်း ပန်းကန်ဆေးခြင်း (အိမ်ရှင်နှင့် မိမိ မည်သည့်အချိန်လာ၍ အိမ်ရှိ ပန်းကန်များကို လာဆေးပေးပါမည်ကို ချိန်း ထားပါ။ အချို့အိမ်များတွင် မည်သူမျှပန်းကန် မဆေးလိုကြပါ)

၂၆။ ပန်းဥယျာဉ်စောင့်ရှောက်ပေးခြင်း
၂၇။ မြေညြဇာရောင်းချခြင်း (မြေဆွေး– နွားချေး)
၂၈။ ရိုးရာမုန့်များ ဖုတ်လုပ်ရောင်းချခြင်း
၂၉။ တိရစ္ဆာန်အရိုင်းများ ယဉ်ကျေးအောင် ပြုလုပ်ပေးခြင်း
၃၀။ တင်းနစ်ဘောလုံးကောက်ပေးခြင်း
၃၁။ အချိန်ပိုင်း အဝတ်လျှော်လုပ်ငန်းလုပ်ပေးခြင်း
၃၂။ ကလေးကစားစရာ စက္ကူရုပ်များ ပြုလုပ်ရောင်းချပေးခြင်း
၃၃။ စွန်ချိန်တွင် စွန်နှင့် မှန်စာချည်ရစ်လုံး ရောင်းချခြင်း
၃၄။ ကြေးစား စင်တင်ဂီတပွဲများပြုလုပ်ခြင်း
၃၅။ ကားစောင့်ပေးခြင်း
၃၆။ ကားများရပ်နေချိန်တွင် ကားမှန်သုတ်ပေးခြင်း
၃၇။ ပစ္စည်းများ ထုပ်ပိုးပေးခြင်း
၃၈။ လက်နှိပ်စက် ကွန်ပျူတာရိုက်ပေးခြင်း
၃၉။ စားသောက်ဆိုင်ဖွင့်ခြင်း၊ လူငယ်များစု၍ လက်ဖက်ရည်ဆိုင်၊ နံနက်ပိုင်း ထမင်းကြော် ဆိုင်ဖွင့်ရောင်းခြင်း
၄၀။ ကြေးနှင့် ငွေများ အရောင်တင်ပေးခြင်း

၄၁။ စာမေးပွဲမေးခွန်းဟောင်းများ စုပေါင်းရောင်းချပေးခြင်း
၄၂။ စာအုပ်ဟောင်းရောင်းခြင်း
၄၃။ ပို့စကတ်များ ရေးဆွဲခြင်း
၄၄။ မီးရထားလေယာဉ်လက်မှတ်များ ဝယ်ပေးခြင်း
၄၅။ အိမ်များတွင် အစုတ်အပြဲ ဖာထေးစရာများကို ချုပ်လုပ်ပေးခြင်း
၄၆။ ဓား၊ ကပ်ကြေးသွေးခြင်း
၄၇။ အလှူအိမ်များတွင် ဖိနပ်သိမ်းပေးခြင်း
၄၈။ ညစောင့်လုပ်ငန်းလုပ်ခြင်း
၄၉။ ကလေးများအား ဘာသာရေးစာပေများ လိုက်လံ သင်ပေးခြင်း
၅၀။ အချိန်ပိုင်း ယာဉ်မောင်းလုပ်ငန်းလုပ်ခြင်း

ဤလုပ်ငန်းများကို နိုင်ငံခြားတွင် တက္ကသိုလ်ကျောင်းသားများသည် ကျောင်းအားချိန်တွင် သွားရောက်လုပ်ကိုင်၍ ရရှိသော ဝင်ငွေဖြင့် မိမိတို့ကျောင်းစရိတ်အတွက် မိမိတို့ဘာသာ ငွေရှာကြ၏။

ငွေရှာဖွေသည်ကို ဂုဏ်ငယ်သည် သေးသိမ်သည်ဟု မယူဆအပ်ပါ။ အလုပ်ဟူသမျှ ဂုဏ်ရှိစွဟူသောစိတ်ထားဖြင့် ငွေကို စုဆောင်းကာ ရင်းနှီးမြှုပ်နှံမှုပြု၍